မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၅၀)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်၊ အင်္ဂါနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပသည့် အမျိုးသားအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လူတစ်ဦးချင်းစီဝင်ငွေတိုးစေရန် တစ်ဦးချင်းစီ၏အဓိကလိုအပ်ချက်ကို မူဝါဒများချမှတ်ပြီး ဖြည့်ဆည်းပေးရန်လိုအပ်

နေပြည်တော် နိုဝင်ဘာ ၁၈

ကျေးလက်နေပြည်သူများ၏ အဓိက စီးပွားရေးသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို ထိထိရောက်ရောက် ဖွံ့ဖြိုးတိုးတက်အောင်လုပ်ပေးနိုင်လျှင် ကျေးလက်ဒေသများတွင် ဝင်ငွေများတိုးလက်လာပြီး ဆင်းရဲနွမ်းပါးမှုနှုန်းလည်း ကျဆင်းလာမည်ဖြစ်ပါကြောင်း၊ လူတစ်ဦးချင်းစီ ဝင်ငွေတိုးစေရန် တစ်ဦးချင်းစီ၏ အဓိကလိုအပ်ချက်ကို မူဝါဒများချမှတ်ပြီး ဖြည့်ဆည်းပေးရန်လိုအပ်ပါကြောင်းဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ကျင်းပသည့် အမျိုးသားအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ ဒုတိယသမ္မတ ဦးညွန့်မောင်... ဦးဉာဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများ၊ Task Force အဖွဲ့ဝင်များ၊ ပညာရှင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသော

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံရေးတည်ငြိမ်အေးချမ်းမှသာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုလည်း နိုင်ငံရေးတည်ငြိမ်အေးချမ်းမည်၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် နိုင်ငံရေးနှင့်စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းဆောင်ရွက်နေ။

လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၈

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ အဆင့်မြင့်သယ်န်းကျွန်းဈေးသစ်ကြီး လာမည့်နှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်တော့မည်

သတင်းဆောင်းပါး
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် လေးဒေါင့်ကန် လမ်းမကြီးပေါ်ရှိ အဆင့်မြင့် သယ်န်းကျွန်းဈေးသစ်ကြီးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အောင်ကောင်းကျော်ကုမ္ပဏီတို့ ၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းက အကျိုးတူ ပူးပေါင်းဆောက်လုပ်ခဲ့ရာ ယခုအခါ ၉၅ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်၍ မကြာမီ လာမည့်နှစ်ဆန်းပိုင်းတွင် နိုင်ငံတကာအဆင့်မီ ဈေးသစ်ကြီးအဖြစ် စတင်ဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်ကြောင်း အောင်ကောင်းကျော်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ မစုထက်သိမ့်ကျော်က ပြောကြားခဲ့သည်။

ဈေးသစ်ကြီးသည် ကမ္ဘာ့အဆင့်မီ နိုင်ငံတကာဈေးကြီးများကဲ့သို့ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး မြေညီထပ် အပါအဝင် ငါးထပ်ရှိသည်။ ဈေးဝယ်ဖောက်ကားသူ ပြည်သူများ အဆင်ပြေစေရန်အတွက် အဆင့်မြင့် စက်လှေကား ရှစ်စင်း၊ ၁၃ ယောက်စီး

စာမျက်နှာ ၁၁ ကော်လံ ၄ ❁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အလှူရေစက်လက်နှင့်မကွာ

ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်ကြဲခြင်း အားလုံးသည် အလှူပင်ဖြစ်၏။ မည်သို့လှူသည်ဖြစ်စေ အလှူ၏အကျိုးကို အနည်းနှင့်အများရရှိစေမည်မှာ အမှန်ပင်ဖြစ်၏။ လှူဒါန်းခြင်းတွင် နှစ်မျိုးရှိ၏။ ဘာသာရေးကို အကြောင်းပြု၍ လှူဒါန်းခြင်းနှင့် လူမှုရေးကို အကြောင်းပြု၍ လှူဒါန်းခြင်းဟူ၍ ဖြစ်၏။ မည်သည့်အလှူကို ပြုသည်ဖြစ်စေ အလှူအကျိုးကို ရရှိစေမည်ဖြစ်၏။

ကျွန်ုပ်တို့ မြန်မာလူမျိုးများသည် သဒ္ဓါတရားထက်သန်ကြသည့် လူမျိုးများဖြစ်ကြသည့်အလျောက် လှူဒါန်းခြင်းတွင် အထုံအားကောင်းကြ၏။ ဘာသာရေးအလှူသာမက လူမှုရေးအလှူဘက်တွင်လည်း အားကောင်းကြ၏။ သို့သော် ဘာသာရေးအလှူနှင့် လူမှုရေးအလှူသည် ခံယူပုံချင်း အနည်းငယ်ကွာခြား၏။ ဘာသာရေးအလှူသည် လှူဒါန်းရခြင်းအကျိုးအားကြောင့် "ကုသိုလ်ထူးကို ရရှိရပါလို၏" ဆိုကြသဖြင့် အကျိုးမျှော်ကိုးမှုပါ၏။ လူမှုရေးအလှူသည် ထိုသို့မဟုတ်ပေ။ လူသားချင်းစာနာသည့် လှူဒါန်းမှုမျိုးဖြစ်သည်။ ဤလှူဒါန်းခြင်းမျိုးသည် ကမ္ဘာတစ်ဝန်းက လက်ခံကျင့်သုံးနေသော အလှူပင်ဖြစ်၏။

စစ်ဘေး စစ်ဒဏ်ခံနေကြရသူများ၊ သဘာဝဘေးအန္တရာယ်ကြုံနေကြရသူများနှင့် ဆင်းရဲနွမ်းပါးကြသူများအား လှူဒါန်းခြင်းသည် လူသားချင်းစာနာသည့် လူမှုရေးအလှူပင်ဖြစ်၏။ ထင်ရှားသော သာဓကပြရမည်ဆိုလျှင် ယနေ့ဖိလစ်ပိုင်နိုင်ငံ၌ ကြုံတွေ့နေရသော မုန်တိုင်းဒဏ်ခံပြည်သူများအား အစားအစာ၊ ဆေးဝါးစသော အကူအညီများပေးနေခြင်းသည် လူသားချင်းစာနာသည့် လူမှုရေးအလှူပင်ဖြစ်၏။ ကမ္ဘာကျော် ဆော့ဖ်ဝဲသူဌေးကြီးဘီလ်ဂိတ်၊ အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်တို့သည် လူသိများထင်ရှားလှသည့် လူမှုရေးအလှူပြုကြသူများပင်ဖြစ်၏။ ဘီလ်ကလင်တန်ဆိုလျှင် မများမကြာမီက ကျွန်ုပ်တို့ မြန်မာနိုင်ငံသို့ လာရောက်သွားပြီး လူမှုရေးအလှူများ ပြုလုပ်ရန် ဆွေးနွေးသွားသည်ကို အားလုံးအသိပင်ဖြစ်ပါသည်။

လူမှုရေးအလှူနှင့် ဘာသာရေးအလှူနှစ်ရပ်စလုံးကို လှူဒါန်းမှုပြုခဲ့သည့် အထင်ရှားဆုံးပုဂ္ဂိုလ်ကို ပြပါဆိုလျှင် ပါဠိလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းကြီးပင်ဖြစ်၏။ သူသည် ဘာသာရေးအလှူဖြစ်သည့် စေတီပေါင်းရှစ်သောင်းလေးထောင်လှူဒါန်းခဲ့သူဖြစ်၏။ ထို့အတူ လူမှုရေးအလှူဖြစ်သည့် ရေကန်ပေါင်းရှစ်သောင်းလေးထောင်နှင့် ရေတွင်းပေါင်းရှစ်သောင်းလေးထောင်လှူဒါန်းခဲ့သူလည်းဖြစ်ပေ၏။ ဤအလှူသည် အများအကျိုးကို ဖြစ်ထွန်းစေသည့်အတွက် လူမှုရေးအလှူဟု ဆိုအပ်၏။

ကျွန်ုပ်တို့နိုင်ငံတွင် လူမှုရေးအလှူပြုနိုင်ရန် နေရာများစွာရှိနေ၏။ ဆေးရုံဆေးခန်းများ၊ စာသင်ကျောင်းများ၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်သောက်သုံးရေရရှိရေး၊ ကျေးလက်လမ်းတံတားများကောင်းမွန်ရေး စသောနေရာများတွင် လူမှုရေးအလှူများ ပြုလုပ်ပေးရန် များစွာရှိနေပါသည်။ ကျေးရွာအုပ်စုများအတွက် ကုမ္ပဏီအဖွဲ့အစည်းများက နွေရာသီသောက်သုံးရေမပူပင်ရအောင် စက်ရေတွင်းများ တူးဖော်လှူဒါန်းခြင်း၊ စာသင်ကျောင်းများ ဆောက်လုပ်လှူဒါန်းခြင်း၊ ဆေးရုံဆေးခန်းများ လှူဒါန်းခြင်းတို့မှာ လွန်စွာနည်းပါးနေပါသေးသည်။ လူသားထုတစ်ရပ်လုံးဖွံ့ဖြိုးလာရေးအတွက် လူမှုရေးအလှူများ ပိုမိုများပြားလာဖို့ လိုအပ်ပါသည်။ "အလှူရေစက်လက်နှင့်မကွာ"ဆိုသည့်အတိုင်း ဘာသာရေးအလှူများ လှူဒါန်းနေကြသကဲ့သို့ လူမှုရေးအလှူများကိုလည်း များများလှူပေးကြပါရန် လူမှုရေးအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ဖောင်ဒေးရှင်းများအား တိုက်တွန်းအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်တွင်းသတင်း

စိုက်ပျိုးစရိတ်ချေးငွေများကို သမဝါယမဝန်ကြီးဌာနမှ ဘီလီယံ ၁၃၀ ကျော် ထုတ်ချေးပေးပြီးဖြစ်

နေပြည်တော် နိုဝင်ဘာ ၁၈

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက သမဝါယမတက္ကသိုလ် (စစ်ကိုင်း) မြသရဖီခန်းမ၌ စစ်ကိုင်းမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း ၇၄ သင်းမှ အမှုဆောင်များ၊ အသင်းသားများ၊ မြို့နယ်သမဝါယမဦးစီးဌာန၊ ဝန်ထမ်းများ၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်မှ အမှုဆောင်များနှင့် တွေ့ဆုံမှာကြားပြီး ဆောင်းသီးနှံစိုက်ပျိုးစရိတ်အသေးစားချေးငွေ ပေးအပ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မှာကြားရာတွင် ယခုထုတ်ချေးပေးသော အသင်းများသည် ပထမအကြိမ်ထုတ်ချေးငွေများ အကျေပေးဆပ်ပြီးဖြစ်သဖြင့် ဒုတိယအကြိမ် ဆောင်းရာသီသီးနှံအတွက် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ သမဝါယမအသင်းများ၏ စိုက်ပျိုးစရိတ်ချေးငွေများကို သမဝါယမဝန်ကြီးဌာနအစီအစဉ်ဖြင့် ထုတ်ပေးလျက်ရှိပြီး ယနေ့အထိ ဘီလီယံ ၁၃၀ ကျော်ရှိပြီဖြစ်ကြောင်း၊ အဆိုပါချေးငွေများသည် တောင်သူလယ်သမားများကြားတွင် လည်ပတ်လျက်ရှိကြောင်း၊ တာဝန်ကျေပြန်ဆပ်ကြသဖြင့် ဒုတိယအကြိမ်ပြန်လည်ထုတ်ပေးခြင်းဖြစ်ကြောင်း၊ တောင်သူလယ်သမားများအနေနှင့် အသေးစိတ်ဖြင့် ပြန်လည်ပေးဆပ်ကြသဖြင့် ဆုံးရှုံးမှုမရှိကြောင်း၊ ပထမအကြိမ်အဖြစ် ချေးငွေမရရှိသေးသော သမဝါယမအသင်းသား လယ်သမားများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံချေးငွေမှ ဆောင်းသီးနှံချေးငွေအဖြစ် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း၌ ကျပ်ဘီလီယံ ၅၀ ထုတ်ချေးသွားမည် ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် ဧပြီ၊ မေ၊ ဇွန်လများတွင် ချေးငွေမရသေးသော လယ်သမားများအား မိုးရာသီသီးနှံစိုက်ပျိုးစရိတ်ချေးငွေအဖြစ် ကျပ်ဘီလီယံ ၅၀ ထပ်မံထုတ်ချေးပေးသွားရန် စီစဉ်လျက်ရှိကြောင်း၊ ထို့ပြင် ထုတ်ချေးပြီးလယ်သမားများ၏ လုပ်ငန်းများကို စိစစ်ပြီးဖြစ်နိုင်ခြေရှိသော လုပ်ငန်းများအတွက် ချေးငွေငါးသိန်းအထိ တိုးမြှင့်ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း၊ ထို့ကြောင့် အသင်းသားလယ်သမားများအနေဖြင့် အသေးစားချေးငွေ (Microfinance) ၏ ရည်ရွယ်ချက်များအတိုင်း မိမိတို့စီးပွားရေးလုပ်ငန်းများ အမှန်တကယ်တိုးတက်ထိရောက်အောင် အသုံးပြုသွားရန်နှင့် ချေးငွေကို သတ်မှတ်ချိန်ပြန်လည်ပေးဆပ်သွားရန်လိုကြောင်း၊ ထိုသို့ လုပ်ဆောင်နိုင်မှသာ နောင် ၄၊ ၅ နှစ်ကြာလျှင် ငွေချေးစရာ မလိုတော့ဘဲ မိမိကိုယ်ပိုင်ငွေဖြင့် ရပ်တည်ဆောင်ရွက်နိုင်သည့် အခြေအနေ (Sustainable Development) ရောက်ရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း မှာကြား၍ အခြေခံသမဝါယမအသင်း ရှစ်သင်းသို့ ငွေကျပ် ၂၄၂ ဒသမ ၅၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် မွန်းလွဲပိုင်းတွင် သမဝါယမတက္ကသိုလ် (စစ်ကိုင်း) အခြေခံသမဝါယမသင်တန်း (အမှုထမ်း) အမှတ်စဉ် (၁/၂၀၁၃) ၌ တက်ရောက်လျက်ရှိသည့် တိုင်းဒေသကြီး/ ပြည်နယ်ခြောက်ခုရှိ မြို့နယ်များမှ အမှုထမ်း ၂၃၀ နှင့် ဆရာ ဆရာမများအား တွေ့ဆုံမှာကြားရာတွင် ယခုသင်တန်းသားများသည် သမဝါယမဝန်ကြီးဌာန၏ မျိုးဆက်သစ်များဖြစ်သလိုဝန်ကြီးဌာန အမာခံအင်အားဖြစ်ရန်အတွက် ရည်ရွယ်ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ပို့ချဆွေးနွေးသည့် သမဝါယမလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းစည်းကမ်းများကို အလေးထားနာယူမှတ်သားကြရန်လိုကြောင်း၊ သင်တန်းသားများ၏ သဘောထားအမြင် (Mindset)ပြောင်းလဲခံယူကြရာ၌ ဤသင်တန်းသည် လုပ်ငန်းကျွမ်းကျင်မှုရှိအောင် သင်ကြားပေးသည်သာမက မိမိတို့အား တာဝန်ပေးအပ်သည့် သင်တန်းအဖြစ် မှတ်ယူကြရန်နှင့် ဝန်ကြီးဌာန၏ ဦးတည်ချက်နှင့် လုပ်ငန်းစဉ်များသည် မိမိတို့အောင်မြင်အောင် ဆောင်ရွက်ရမည့်တာဝန်ဟု ခံယူရန် လိုကြောင်း၊ ဝန်ထမ်းသက်သက်မဟုတ်ဘဲ ပြည်သူများ၏ လူမှုရေးကိစ္စများ ယှဉ်တွဲဆောင်ရွက်သူဖြစ်ရန်လိုကြောင်း၊ မိမိကိုယ်ကို စာရိတ္တ၊ ကျွမ်းကျင်မှု၊ ကျန်းမာရေး၊ ပေါင်းသင်းဆက်ဆံရေး အဆင့်မြင့်အောင် တည်ဆောက်ရန်လိုကြောင်း၊ သမဝါယမလုပ်ငန်းများကို ကောင်းမွန်သောစီမံအုပ်ချုပ်မှု (Good Cooperative Governance) နှင့်အညီ ဆောင်ရွက်ရန်၊ လုပ်ငန်းများတွင် မမှန်မကန်ဆောင်ရွက်မှုကိုဖေးမခြင်းမပြုဘဲ မှန်ကန်သည့်လမ်းကြောင်းပေါ် တင်ပေးရန်၊ စည်းမျဉ်းမူဘောင်အတွင်းမှ ဆောင်ရွက်ရန်၊ အတိတ်သမိုင်းနှင့် လက်ရှိအခြေအနေအပေါ် နိုင်ငံတကာအောင်မြင်မှုများနှင့် ယှဉ်တွဲလေ့လာပြီး ဆောင်ရွက်ရန်၊ "စေတနာထား၍ အလုပ်လုပ်ပါ။ စေတနာအကျိုးကို မိမိပါခံစားရပါလိမ့်မည်" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်ရန်၊ အလုပ် မလုပ်မရှုပ်မပြုတ် အချောင်ခိုစိတ်များ ဖျောက်ဖျက်ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် ထိုးထွင်းကြံဆမှု(Initiative)၊ တက်ကြွစွာ ဆောင်ရွက်မှု (Active)၊ စွမ်းအားစိုက်ထုတ်ဆောင်ရွက်မှု (Dynamic) တို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထားဝယ်မြို့(၁၀၄)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည်ပူဇော်ခံ

ထားဝယ် နိုဝင်ဘာ ၁၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားရုပ်ပွားတော်များ ဒေသစာရီလှည့်လည်ပူဇော်ခံပွဲကို နိုဝင်ဘာ ၁၇ ရက် ည ၇ နာရီက ရွှေတောင်စားဘုရားကြီးဝင်းအတွင်း၌ ကျင်းပသည်။

ထားဝယ်မြို့၏ ကျက်သရေဆောင် နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရား၏ရုပ်ပွားတော်များ ဒေသစာရီ လှည့်လည်ပူဇော်ခံပွဲကို ကောဇာသက္ကရာဇ် ၁၂၇၁ ခုနှစ်မှစပြီး ကျင်းပလာခဲ့ရာ ယခုဆိုလျှင် နှစ်ပေါင်း ၁၀၄ နှစ်တိုင်တိုင်ကြာမြင့်ခဲ့ပြီဖြစ်သည်။

တန်ဆောင်တိုင်ကာလ ထားဝယ် နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတော်သို့ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်၊ ကျေးရွာများနှင့် မြန်မာနိုင်ငံဒေသများမှ ဘုရားဖူးလာပြည်သူများဖြင့် ကြက်ပျံမကျ အထူးစည်ကားလျက်ရှိသည်။

ကျော်ကျော်လတ်

သတိပေးနှိုးဆော်ချက်

နေပြည်တော်ကော်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးအထက် စီးနင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် သေဆုံးကြရသည်ကိုစိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ဆောင်းလျှင် မေးသိုင်းကြိုးခိုင်ခံ့စွာတပ်ဆင်ရန်နှင့် နှစ်ဦးထက်ပိုမစီးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။ **နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

ပြည်တွင်းသတင်း

ဒုတိယသမ္မတဦးညွှန့်ထွန်း နယ်သာလန်နိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဝန်ကြီးအား လက်ခံတွေ့ဆုံ

ကုန်သွယ်မှုနှင့် ပို့ကုန်မြှင့်တင်ရေး၊ စွမ်းအင်နှင့်ကျန်းမာရေး ကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေး ရင်းနှီးစွာဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွှန့်ထွန်းသည် နယ်သာလန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဝန်ကြီး H.E. Ms. Lilianne Ploumen ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတဦးညွှန့်ထွန်းနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးခင်ဇော်၊ ဦးဟံစိန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်ဝန်ကြီး H.E. Ms. Lilianne Ploumen ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်သံအမတ်ကြီး H.E. Mr. Joan Boer လည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် ရေအရင်းအမြစ်စီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှုနှင့်ပို့ကုန်မြှင့်တင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

အားကစားဝါသနာရှင် မိဘပြည်သူလူထုထံသို့ အထူးမေတ္တာရပ်ခံချက်

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို နိုင်ငံတကာအဆင့်မီ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ရာ ဝင်ခွင့်လက်မှတ်များကို နိုဝင်ဘာ ၁၈ ရက်နေ့မှစတင်ကာ ရောင်းချပေးသွားမည်ဖြစ်သည်။ ဝင်ခွင့်လက်မှတ်များကို ကိုယ်တိုင်နိုင်ငံသားစိစစ်ရေးကတ်ပြားဖြင့် တစ်ဦးလျှင် တစ်စောင်နှုန်းဖြင့် သတ်မှတ်ထားသည့်နေရာများတွင် ဝယ်ယူနိုင်မည်ဖြစ်ပါသည်။

အဆိုပါ ဖွင့်ပွဲ၊ ပိတ်ပွဲကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှာ ပရိသတ် ၃၀၀၀၀ ဆံ့သည့် အားကစားကွင်းတစ်ခုဖြစ်ပြီး အရှေ့ဘက်ပွဲကြည့်စင်ကို Stage နှင့် အသံပိုင်း၊ မီးပိုင်းဆိုင်ရာပစ္စည်းများဖြင့် နိုင်ငံတကာအဆင့်မီ ပြင်ဆင်ထားပြီးဖြစ်ပါသည်။

ထိုသို့ပြင်ဆင်ထားသဖြင့် အားကစားကွင်း၏ဝင်ဆံ့သည့် ထိုင်ခုံအရေအတွက်မှာ သုံးပုံတစ်ပုံကျော် လျော့နည်းသွားမည်ဖြစ်ပြီး ကျန်ထိုင်ခုံများအနက် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားသို့တက်ရောက်လာကြမည့်နိုင်ငံတကာမှ နိုင်ငံ့အကြီးအကဲများ အားကစားအဖွဲ့အစည်းအသီးသီးမှ ဖိတ်ကြားထားသူများ၊ တာဝန်ရှိသူများနှင့်မြန်မာနိုင်ငံမှတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည့်ရှုကြမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အားကစားဝါသနာရှင်များအတွက် ရောင်းချပေးနိုင်မည့် ထိုင်ခုံမှာ ၁၀၀၀၀ ကျော်ခန့်သာကျန်ရှိနိုင်မည်ဖြစ်ပါသည်။ သို့ရာတွင် အဆိုပါ ဖွင့်ပွဲ၊ ပိတ်ပွဲနေ့အခမ်းအနားကျင်းပပုံအစအဆုံးကို မိဘပြည်သူများ ကြည့်ရှုနိုင်ရန် ပြည်တွင်းရှိ ရုပ်သံလိုင်းများအားလုံးမှ လည်းကောင်း၊ တစ်နိုင်ငံလုံးရှိမြို့ကြီးများတွင် စိုက်ထူထားသော LED Board များမှလည်းကောင်း တိုက်ရိုက်ထုတ်လွှင့် ပြသပေးသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အခြေအနေအရပ်ရပ်အရ ထိုင်ခုံအပြည့်အဝရောင်းချပေးနိုင်ခြင်းမရှိသည်ကို နားလည်ခွင့်လွှတ်ပေးနိုင်ပါရန် အထူးမေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ

✣ ကျောဖုံးမှ

ဝဏ္ဏသိဒ္ဓိအဆင့်မြင့်အားကစားကွင်း အမှတ်(၁)ဂိတ်၊ လယ်ဝေးရှိ အမှတ်(၂) အားကစားလေ့ကျင့်ရေးစခန်း၊ ပျဉ်းမနားပေါင်းလောင်းအားကစားကွင်း၊ နေပြည်တော် ဟိုတယ်ဇုန်ရှိ Junction Center တို့တွင် နိုဝင်ဘာ ၁၈ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ ပြုလုပ်ပေးလျက်ရှိသည်။ ဝင်ခွင့်ကတ်ပြားများ ပြုလုပ်သူများသည် လူကိုယ်တိုင်လာရမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေး ကတ်ပြား ယူဆောင်လာရမည်ဖြစ်သည်။ ဝင်ခွင့်ကတ်ပြား တစ်ပြားလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ပြုလုပ်ပေးမည်ဖြစ်ပြီး ၎င်းကတ်ပြားဖြင့် ဖွင့်ပွဲ၊ ပိတ်ပွဲနှင့်အမျိုးသား အမျိုးသမီးဘောလုံးပြိုင်ပွဲများမှအပ ကျန်ပွဲစဉ်များကို အခမဲ့ ကြည့်ရှုနိုင်မည်ဖြစ်သည်။

(မြန်မာ့အလင်း)

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြသိမ်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဆွေးနွေးပွဲတက်ရောက်ရာမှ ပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၈

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြသိမ်းသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နိုဝင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပသည့် အာဆီယံ တရားသူကြီးချုပ်များ၏ တတိယအကြိမ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ယနေ့ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး တရားရေးဦးစီးမှူးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(အဋ္ဌမနေ့)ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၈

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(အဋ္ဌမနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် လွှတ်တော်ကိုယ်စားလှယ် ၆၂ ဦးတို့ တက်ရောက်ကြသည်။

ဆောင်ရွက်

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသည့် မေးခွန်း ၂၅ ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း၊ **တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့်အခြားနည်းဆောင်ရွက်ခြင်း** အဆို၊ **တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများဆိုသည့် ဥပဒေတစ်ရပ်ကို ရေးဆွဲနိုင်ရေး** အဆိုတို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး ဝန်ကြီးက ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏သဘောထားရယူခြင်း၊ **၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်** စပ်လျဉ်း၍ ကော်မတီများ၏ဆွေးနွေးချက်များအား ပြန်လည်ဆွေးနွေးခြင်းနှင့် လွှတ်တော်မှ အတည်ပြုရန်ရက် သတ်မှတ်ခြင်း၊ **၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ အရအသုံးစာရင်း စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ**နှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်က ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ သဘောထားရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆက်လက်ကျင်းပ

နဝမနေ့အစည်းအဝေးကို နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြင်းစီးအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ့ရိုးရာ မြင်းစီးအလှပြကွက်များဖြင့် ဖျော်ဖြေသွားမည်

နေပြည်တော် နိုဝင်ဘာ ၁၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြင်းစီးအားကစားအဖွဲ့ကိုယ်စားပြုအနေဖြင့် မြန်မာ့ရိုးရာ မြင်းစီးအလှပြကွက်များနှင့် တင်ဆက်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရိုးရာမြင်းအလှစီးပြကွက် ၃၇ မျိုးရှိသည့်အနက် ၁၇ မျိုးဖြင့် တင်ဆက်သွားမည်ဖြစ်ကြောင်း မြန်မာ့ရိုးရာမြင်းစီးအလှပြအဖွဲ့ နည်းပြထံမှ သိရသည်။ ယင်းမြင်းစီးပြကွက် ၁၇ မျိုးမှာ မြင်းပေါ်တွင် မတ်တတ်ရပ်စီးနည်း သုံးမျိုး၊ ခုန်ဆင်းခုန်တက် သုံးမျိုး၊ တင်ပျဉ်ခွေထိုင်စီးနည်း သုံးမျိုး၊ ခန္ဓာကိုယ်ကန့်လန့်ဖြတ်စီးနည်း နှစ်မျိုး၊ ကင်းမြီးကောက်ထောင်စီးနည်း၊ မျောက်မြေစမ်းစီးနည်း၊ ဘီလူးပန်းစိုက်စီးနည်း၊ မြင်းမိုရ်တောင်နဂါးပတ်စီးနည်း၊ ခန္ဓာကိုယ်ဝပ်၍စီးနည်းနှင့် ဓားရေး၊ လှံရေးပြစီးနည်းတို့ဖြစ်ကြောင်း သိရသည်။

မြန်မာ့အလင်းသတင်းအဖွဲ့

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း လုပ်ငန်းသုံးစက်ကိရိယာများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် လုပ်ငန်းသုံးစက်ကိရိယာများကို အောက်ပါအတိုင်းဝယ်ယူလိုပါသည်-

(က)	စာအုပ်ဖောက်စက်	2 NMB
(ခ)	စာအုပ်ချုပ်စက်	1 NMB
(ဂ)	Two Head Stitching Head M/C	1 NMB
(ဃ)	Digital ကတ္တား	6 NMB

၂။ အိတ်ဖွင့်တင်ဒါများကို ၁၈-၁၁-၂၀၁၃ရက်မှ ၂၈-၁၁-၂၀၁၃ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂-၁၂-၂၀၁၃ရက် ၉း၃၀ နာရီမှ ၁၆း၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်းပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၁၂၃၂၇

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးခွန်အောင်စစ်ပါ ၁၅ ဦးတို့က လျှောက်ထားသည့် **ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပ·အ·မ·ဖ) ပါတီ**တည်ထောင်ခွင့်လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**







စာအုပ်စာပေ လူ့မိတ်ဆွေ

နိုင်ငံတကာသတင်း

အီဂျစ်နိုင်ငံကိုင်ရိုမြို့အနီး ရထားနှင့်ကားတိုက်မှုဖြစ်ပွား အနည်းဆုံး လူ ၂၄ ဦး သေဆုံး၊ ၂၈ ဦးဒဏ်ရာရ

ကိုင်ရို နိုဝင်ဘာ ၁၈

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တောင်ပိုင်း၌ ရထားတစ်စင်းက မီနီဘတ်စ်နှင့် အခြားကားများကို ဝင်တိုက်ခဲ့ရာ အနည်းဆုံး ၂၄ ဦးသေပြီး ၂၈ ဦးဒဏ်ရာရရှိသွားခဲ့သည်။

အဆိုပါရထားသည် ဘနီဆွိတ်မြို့မှထွက်ခွာလာရာ ကိုင်ရိုမြို့မှ ၂၄ မိုင်အကွာ လမ်းဆုံ၌ တိုက်မှုဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

သေဆုံးသူအများစုသည် မီနီဘတ်စ်ကားပေါ်မှဖြစ်ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားက သတင်းထုတ်လွှင့်သည်။ ယင်းမီနီဘတ်စ်သည် မင်္ဂလာဆောင်မှ ပြန်လာခြင်းဖြစ်သည်။

အဆိုပါတိုက်မှုသည် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ဒန်ရှားရွာအနီး၌ဖြစ်ပွားသော ယင်းမတော်တဆမှုသည် မီနီဘတ်စ်နှင့် အခြားယာဉ်နှစ်စီးလည်းပါဝင်သည်။ ယင်းကဲ့သို့ ရထားနှင့် ကားတိုက်မှုဖြစ်ပွားပြီးနောက် ရထားလမ်းကြောင်းကို ပိတ်ထားလိုက်ကြောင်း မီးရထား တာဝန်ရှိသူများက ပြောသည်။ မီးရထားလမ်းဆုံကို သံကြိုးများ၊ သတိပေးမီးများဖြင့် တားဆီးထားကြောင်း အီဂျစ်မီးရထားအာဏာပိုင် ဟူစိန်ဇာကာရီယာက ပြောသည်။ သေဆုံးသူ ဦးရေ မြင့်တက်လာဖွယ်ရှိသည်။ **(ဘီဘီစီ)**

ပါကစ္စတန်နိုင်ငံ၌ ပဋိပက္ခဖြစ်ပွားမှုများကြောင့် ဖုန်းလိုင်းများ ယာယီဖြတ်တောက်

အစ္စလမ္မာဘတ် နိုဝင်ဘာ ၁၈

ပါကစ္စတန်နိုင်ငံ ရဝါပင်ဒီမြို့အနီး ပဋိပက္ခဖြစ်ပွားမှုကြောင့် နိုဝင်ဘာ ၁၇ ရက်က မြို့တော် အစ္စလမ္မာဘတ်၌ လုံခြုံရေးအရ ဆယ်လူလာဖုန်း ဝန်ဆောင်မှုများအား ယာယီ ဖြတ်တောက်ခဲ့ရကြောင်း အာဏာပိုင်များကဆိုသည်။

ဖုန်းလိုင်းများကို မွန်းတည့် ၁၂ နာရီအထိ ဖြတ်တောက်ထားမည်ဟု ပါကစ္စတန်တယ်လီဖုန်းဆက်သွယ်ရေး အာဏာပိုင်အဖွဲ့က ဆိုခဲ့ခြင်းဖြစ်သည်။ တိုက်ခိုက်မှုများကို ဖုန်းအသုံးပြု ညွှန်ကြားမှုများ ပေးနေသည်ဟုဆိုကာ တာဝန်ရှိသူများသည် ပြီးခဲ့သည့် နိုဝင်ဘာ ၁၅ ရက်က ဆူပူမှုများမှ လူထုအုံကြွမှုများဖြစ်ပေါ်လာမည်ကို စိုးရွံ့သဖြင့် ဖုန်းလိုင်းများကို ပိတ်လိုက်ခြင်းဖြစ်သည်။

ဆွန်နီအုပ်စုတို့က ၎င်းတို့သည် ရဝါပင်ဒီ မြို့၌ သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရ အမိန့်ချထားသော်လည်း သတ်ဖြတ်ခံရသူများအတွက် ဈာပန ဆုတောင်းပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆိုသည်။ ဆွန်နီခေါင်းဆောင်များက သုံးရက်ကြာ ဝမ်းနည်းကြေကွဲခြင်းကာလ ကြေညာခဲ့ပြီး ပါကစ္စတန်တပ်ဖွဲ့ဝင်များ ရဝါပင်ဒီမြို့၌ တပ်ဖြန့်ချထားသည်။ အာဏာပိုင်များက အပြင်မထွက်ရအမိန့်ကို နောက်ထပ် ၂၄ နာရီ ထပ်မံတိုးလိုက်သည်။ ရဝါပင်ဒီမြို့လမ်းမများပေါ်၌ ကွန်တိန်နာများဖြင့် ပိတ်ဆို့မှုများ ပြုလုပ်ထားသည်။

သီရိလင်္ကာရောက်ဝန်ကြီးချုပ် နာဝပ်ရှရစ်က ပန်ဂျပ် ပြည်နယ်ခေါင်းဆောင်ဝန်ကြီးအား အသေးစိတ်စုံစမ်းမှုများ ပြုလုပ်ရန်နှင့် ရဝါပင်ဒီမြို့ ပဋိပက္ခများအား အချိန်မီသတင်းပို့ရန် ဖုန်းဖြင့်မှာကြားသည်ဟု သိရသည်။ **(ဆင်ဟွာ)**

ဘိုးရင်း 777X လေယာဉ်သစ်ထုတ်လုပ်မှုကြေညာ

နယူးယောက် နိုဝင်ဘာ ၁၈

အမေရိကန်နိုင်ငံလေယာဉ်ထုတ်လုပ်ရေး ဘိုးရင်းလေကြောင်းကုမ္ပဏီမှ ခရီးသည်တင်လေယာဉ်သစ် ဘိုးရင်း 777X လေယာဉ်အမျိုးအစားသစ် ထုတ်လုပ်မှု အစီအစဉ် စတင်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ ဒူဘိုင်း လေကြောင်း ပြပွဲတွင် လေကြောင်းလိုင်း လေးလိုင်းမှလေယာဉ် အမှာအော်ဒါ ၂၅၉ စင်း လက်ခံရရှိပြီးဖြစ်ကြောင်းလည်း ပြောဆိုသွားသည်ဟု နိုဝင်ဘာ ၁၇ ရက် သတင်းတွင် ဖော်ပြထားသည်။

အရှေ့အလယ်ပိုင်းနှင့် ဥရောပ လေကြောင်းလိုင်းများမှ မှာယူမှု ငွေပမာဏမှာ အနည်းဆုံး အမေရိကန်ဒေါ်လာ ၉၅ ဘီလီယံအထိရှိသွားပြီဖြစ်သည်။ ဘိုးရင်း 777X လေယာဉ်သည် ပုံစံနှစ်မျိုးရှိပြီး ပုံစံတစ်မျိုးမှာ ခရီးသည်ထိုင်ခုံ ၃၅၀ ပါဝင်ကာ အခြားတစ်မျိုးတွင်ထိုင်ခုံ ၄၀၀ ပါဝင်သည်။ လောင်စာအသုံးပြုမှုကို သက်သာစေမည်ဖြစ်ပြီး ယာဉ်ရပ်နားထားစဉ် ၎င်း၏အဓိကလေယာဉ် တောင်ပံများကို ချိုးထားနိုင်သည်။

ဒူဘိုင်းလေကြောင်းပြပွဲကို နိုဝင်ဘာ ၁၇ ရက်က စတင်ခဲ့ပြီး ငါးရက်ကြာပြသနိုင်ရန် စီစဉ်ထားသည်။ ကမ္ဘာတစ်ဝန်းမှ အနည်းဆုံးလေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီနှင့်အပိုပစ္စည်းထုတ်လုပ်မှုကုမ္ပဏီ ၁၀၀၀ ခန့်ပါဝင်ကြသည်။ **(အင်န်အိတ်ချ်ကေ)**

ဝန်ကြီးချုပ် ရှင်ဇိုအာဘေး လာအိုသို့ရောက်ရှိ

ဗီယင်ကျန်း နိုဝင်ဘာ ၁၈

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် လာအိုဝန်ကြီးချုပ် သွန်ဆင်းသမာဗောင်တို့သည် နိုဝင်ဘာ ၁၇ ရက်က ဗီယင်ကျန်းမြို့၌ တွေ့ဆုံခဲ့ကြပြီး လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရန်နှင့် တိုကျိုက အဆိုပါ အရှေ့တောင်အာရှနိုင်ငံ၏ ကျန်းမာရေးနှင့် ဆေးဖက်ဆိုင်ရာ ကုသစောင့်ရှောက်မှု စနစ်များအတွက် ကူညီထောက်ပံ့ပေးရန် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲ ကျင်းပစဉ်အတွင်း မစ္စတာရှင်ဇိုအာဘေးအနေဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ဂျပန်နိုင်ငံ၏ လုံခြုံရေး မူဝါဒကို ရှင်းပြဖွယ်ရှိကြောင်း ဂျပန်တာဝန်ရှိသူများက ပြောသည်။

ဂျပန်ခေါင်းဆောင်အနေဖြင့် လာအိုလေဆိပ်တိုးချဲ့ရေး၊ ဂျပန်ယန်းငွေထုတ်ချေးရေးကိစ္စကိုလည်း ထုတ်ဖော်ပြောကြားဖွယ်ရှိသည်။

ရှင်ဇိုအာဘေး၏ လာအိုခရီးစဉ်သည် အရှေ့တောင်အာရှဒေသ နှစ်ရက်ခရီးစဉ်၏ ဒုတိယနှင့် နောက်ဆုံးနိုင်ငံဖြစ်သည်။ ထို့အရင်ရက်က ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်ခဲ့သည်။ ၎င်းမတိုင်မီက ယိုရှိဟီကိုနိုဒါသည် ယမန်နှစ်က အာရှ-ဥရောပထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်သွားရောက်ခဲ့သည်။

မစ္စတာရှင်ဇိုအာဘေးသည် ပြီးခဲ့သည့် ဒီဇင်ဘာလက ဝန်ကြီးချုပ်ဖြစ်လာပြီးနောက် အရှေ့တောင်အာရှနိုင်ငံများ အဖွဲ့ဝင် ၁၀ နိုင်ငံစလုံးသို့ သွားရောက်ခဲ့ပြီး ဖြစ်သည်။ **အမ်အင်န်အေ၊ ကျိုဒို**

လစ်ဗျားပြည်သူ့စစ်အုပ်စုအားလုံး သုံးရက်အတွင်း မြို့တော်မှထွက်ပေးရန် အမိန့်ထုတ်

ထရီပိုလီ နိုဝင်ဘာ ၁၈

လစ်ဗျားနိုင်ငံ မီဆရာတာမြို့နေ ပြည်သူ့စစ်အုပ်စုများ မြို့တော်ထရီပိုလီမှ ထွက်ခွာပေးရမည်ဖြစ်ကြောင်း ယင်းတို့သည် သေစေနိုင်လောက်သည့် အဓိကရုဏ်းများဖြစ်ခဲ့ကြကြောင်း အစိုးရကပြောသည်။

အဆိုပါ ပြည်သူ့စစ်များ သုံးရက်အတွင်း မြို့တော်မှ ထွက်ပေးရမည်ဖြစ်ကြောင်း မီဆရာတာဒေသကောင်စီက ပြောကြားသည်။ မီဆရာတာ လက်နက်ကိုင်အဖွဲ့က နိုဝင်ဘာ ၁၅ ရက်တွင် ၎င်းတို့၏ ဌာနချုပ်ကို ဆန္ဒပြသူ များအား သေနတ်ပစ်ဖြိုခွင်းခဲ့ပြီးနောက် အစိုးရက အမိန့်ထုတ်ပြန်ခဲ့သည်။ ဆန္ဒပြမှုတွင် ထရီပိုလီမြို့တွင်လည်း သုံးရက်ကြာဆန္ဒပြပွဲပြုလုပ်ပေးရန် ကြေညာခဲ့သည်။

ဗဟိုအစိုးရကို သတိပေးသည့်အနေဖြင့် လစ်ဗျားဒုတိယထောက်လှမ်းရေးအရာရှိချုပ်ကိုလည်း ပြန်ပေးဆွဲထားကြောင်းလုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။ သို့ရာတွင် ၎င်းအား မည်သည့်အဖွဲ့က ဖမ်းဆီးထားသည်ကို မသိဟုဆိုသည်။

ဝန်ကြီးချုပ် အလီဇိုင်ဒန်းကိုလည်း အောက်တိုဘာလက သေနတ်သမားများက နာရီအတန်ကြာအောင်ပြန်ပေးဆွဲထားပြီး ပြန်လွှတ်ပေးခဲ့သည်။ မီဆရာတာဒေသဆိုင်ရာကောင်စီကပြောကြားရာတွင် ပြည်သူ့စစ်အုပ်စုအားလုံးသည် ထရီပိုလီမြို့မှ ခြွင်းချက်မရှိ ၇၂ နာရီအတွင်း ထွက်ခွာပေးရမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့ကြေညာချက်တွင် ဖော်ပြသည်။ လစ်ဗျား အမျိုးသားကွန်ဂရက်နှင့် အစိုးရအနေဖြင့် ထရီပိုလီလုံခြုံရေးကို တာဝန်ယူရမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ *(ဘီဘီစီ)*

ရုရှားနိုင်ငံ ကာဇန်မြို့၌ လေယာဉ်ပျက်ကျ၊ လိုက်ပါသွားသူအားလုံးသေဆုံး

ကာဇန် နိုဝင်ဘာ ၁၈

ရုရှားနိုင်ငံ ကာဇန်မြို့လေဆိပ်၌ ခရီးသည်တင်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လိုက်ပါသွားသူ ၅၀ စလုံး သေဆုံးသွားကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

ဘိုးရင်း ၇၃၇ လေယာဉ်သည် မော်စကိုမြို့မှပျံတက်ပြီး ဆင်းရန်ကြိုးစားစဉ် ဒေသစံတော်ချိန် ၁၉ နာရီ မိနစ် ၂၀ တွင် ပေါက်ကွဲမှုဖြစ်ပွားသံကို ကြားရကြောင်း တာဝန်ရှိသူများက ပြောသည်။

ကာတာစတန်းလေကြောင်းလိုင်းနှင့်အတူ ခရီးသည် ၄၄ ဦးနှင့် လေယာဉ်အမှုထမ်းခြောက်ဦးလိုက်ပါသွားခဲ့ကြောင်း အရေးပေါ်ဝန်ကြီးဌာနက ပြောသည်။ စုံစမ်းစစ်ဆေးရေးမှူးများက လေယာဉ်ပျက်ကျမှုနှင့်စပ်လျဉ်း၍ စက်ချို့ယွင်းမှုသို့မဟုတ် လူ၏အမှားကြောင့် ဟုတ် မဟုတ် စစ်ဆေးလျက်ရှိသည်။ ရာသီဥတုဆိုးရွားမှုကြောင့် ဟုတ်မဟုတ်ကိုလည်း စုံစမ်းစစ်ဆေးနေသည်။ လေယာဉ်ပျက်ကျချိန် ကာဇန်မြို့၌ မိုးရွာနေသည်ဟု ဆိုသည်။ ကာဇန်မြို့သည် မော်စကိုမြို့မှ မိုင် ၄၅၀ အကွာတွင်တည်ရှိသည်။ **(ဘီဘီစီ)**

အမေရိကန်အနောက်အလယ်ပိုင်း လေဆင်နှာမောင်းမွှေနှောက်

အီလီနွိုက် နိုဝင်ဘာ ၁၈

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်း၌ အားပြင်းလေဆင်နှာမောင်းများတိုက်ခတ်ခဲ့ရာ အီလီနွိုက်၊ အင်ဒီယားနားနှင့် ကင်တပ်ကီပြည်နယ်တို့၌ အဆောက်အအုံများ ပျက်စီးပြီး **(အောက်ပုံ)** မော်တော်ကားများ တိမ်းမှောက်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

ယင်းလေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် အနည်းဆုံး လူငါးဦး သေဆုံးသွားကြောင်း၊ ယင်းတို့သည် အီလီနွိုက်မှဖြစ်ကြောင်း၊ လူပေါင်းရာနှင့်ချီ၍ ဒဏ်ရာရဖွယ်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ များပြားလှသောပြည်သူများသည် နေအိမ်များအတွင်း ပိတ်မိနေပြီး စိုးရိမ်ကြောက်လန့်နေကြသည်။ အဆိုပါလေဆင်နှာမောင်းဒဏ်ကို ပြည်နယ် ၁၀ ခုတို့ကြုံတွေ့နိုင်ကြောင်း ခန့်မှန်းသူများက ပြောသည်။ မိုးသီးများလည်းတင်းနစ်ဘောလုံးအရွယ် ကျရောက်ခဲ့သည်ဟုဆိုသည်။ ယင်းလေဆင်နှာမောင်းသည် လျင်မြန်စွာရွေ့လျားပြီး တစ်နာရီ ၆၈ မိုင်နှုန်းဖြင့် တိုက်ခတ်ခဲ့သည်။ **(ဘီဘီစီ)**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်ထည့်သွင်းကျင်းပမည့် မြင်းစီးအားကစားနည်းအတွက် မြင်းများအရည်အချင်းစစ်

နေပြည်တော် နိုဝင်ဘာ ၁၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် မြင်းစီးအားကစားပြိုင်ပွဲတွင် အသုံးပြုမည့်မြင်းများအား နေပြည်တော် လေ့ကျင့်ရေးကွင်း (ရွှေနန့်သာ)တွင် လေ့ကျင့်လျက်ရှိသည်။ မြင်းစီးအားကစားပြိုင်ပွဲတွင် အားကစားနည်း သုံးမျိုးထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ ယင်းအားကစားနည်းသုံးမျိုးမှာတာဝေးကီလိုမီတာ ၈၀ ပြိုင်ပွဲ၊ အမြင့်ခုန်နှင့် အလှစီးပြိုင်ပွဲများဖြစ်ပြီး နိုဝင်ဘာ ၁၉ ရက်တွင် ၈၀ ကီလိုမီတာ တာဝေးပြိုင်ပွဲအတွက် အရည်အချင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း မြင်းပြိုင်ပွဲတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်ဦးက ပြောကြားသည်။

ပြိုင်ပွဲတွင် ပြည်တွင်း၌ လေ့ကျင့်ထားသော မြင်း ၄၁ ကောင်နှင့် ဩစတြေးလျမှ နိုဝင်ဘာ ၁၄ ရက်တွင် နေပြည်တော်သို့ ရောက်ရှိလာသော မြင်း ၂၄ ကောင်တို့ကို နေ့စဉ်လေ့ကျင့်ပေးလျက်ရှိသည်။ ပြိုင်ပွဲတွင် ပြည်တွင်းမြင်း ၂၁ ကောင်ကို တာဝေးကီလိုမီတာ ၈၀ ပြိုင်ပွဲတွင်အသုံးပြုမည်ဖြစ်ပြီး ၁၉ ကောင်ကို အလှစီး မြင်းအဖြစ် အသုံးပြုသွားမည် ဖြစ်သည်။ အမြင့်ခုန်နှင့် အလှစီး အားကစားနည်းတွင် အသုံးပြုမည့် မြင်းအရေအတွက် မလောက်သည့်အတွက် ဩစတြေးလျမှ ရောက်ရှိလာသောမြင်း ၂၄ ကောင်ကို ဝယ်ယူခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။ တာဝေးပြိုင်ပွဲတွင် အသုံးပြုမည့်မြင်းများကို အောက်တိုဘာ ၂၇ ရက်က အရည်အချင်း စစ်ဆေးခဲ့ရာ ၁၄ ကောင်ရရှိခဲ့ပြီး မိုးရွာသဖြင့် စစ်ဆေးခြင်းကို ရပ်နားခဲ့ပြီး ယခုလ ၁၉ ရက်တွင် ကျန်ရှိသောမြင်းများကို ထပ်မံရွေးချယ်သွားမည်ဟု ဆိုသည်။

တာဝေးပြိုင်ပွဲ ကီလိုမီတာ ၈၀ တွင် ၃၆ ကီလိုမီတာတစ်ပိုင်း၊ ၂၄ ကီလိုမီတာတစ်ပိုင်းနှင့် ၂၀ ကီလိုမီတာတစ်ပိုင်းဖြင့် စုစုပေါင်း အပိုင်းသုံးပိုင်း ခွဲခြားပြီး အရည်အချင်းစစ်ဆေးသွားမည်ဖြစ်သည်။ အရည်အချင်းစစ်ဆေးရာတွင် ၃၆ ကီလိုမီတာတစ်ဖြတ်ပြေးပြီး ပြန်ဝင်လာမည့်မြင်းများ၏ စီးချိန်နှင့် နှလုံးခုန်နှုန်းတို့အား စစ်ဆေးအကဲဖြတ်သွားမည်ဖြစ်ပြီး အလားတူ ၂၄ ကီလိုမီတာနှင့်ကီလိုမီတာ ၂၀ တွင်လည်း အရည်အချင်းအောင်မြင်မှသာ ယင်းမြင်းနှင့် မြင်းစီးအားကစားသမားအား ရွေးချယ်သွားမည်ဖြစ်သည်။ အမြင့်ခုန်အားကစားနည်းတွင် တန်း ၁၅ တန်းခုန်၍ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ ရွေးချယ်ပြီးသောမြင်းများကို နေ့စဉ် နံနက် ၅ နာရီမှစတင်လေ့ကျင့်ပြီး ညနေ ၆ နာရီခွဲတွင်လည်း ပုံမှန်လေ့ကျင့်ပေးလျက်ရှိသည်။

အားကစားပြိုင်ပွဲအတွင်း မြင်းစီးအားကစားနည်းတွင် အိမ်ရှင်မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ခုနစ်နိုင်ငံ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင်အားကစားသမား ၁၆ဦးစီပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ အားကစားနည်း တစ်မျိုးအတွက် တစ်သင်းလျှင် မြင်းလေးကောင် အသုံးပြုသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်မြင်းများအား ငှားရမ်းသည့်စနစ်ကို (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ပထမဦးဆုံး သတ်မှတ်ကျင့်သုံးသွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် နိုင်ငံအများဆုံး ပါဝင်ယှဉ်ပြိုင်သည့်အတွက် ဂုဏ်ယူရကြောင်း လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းထိုက်ဦးက ပြောကြားသည်။ မြင်းစီးအားကစားနည်း သုံးမျိုးတွင် ရွှေတံဆိပ်ခြောက်ခု၊ ငွေခြောက်ခု၊ ကြေးခြောက်ခုစီ ချီးမြှင့်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အနည်းဆုံး ရွှေနှစ်ခု၊ ငွေတစ်ခု မှန်းထားကြောင်း သိရသည်။ မြင်းစီးအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်မှစ၍ ၁၈ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် မြန်မာ့မြင်းစီးအားကစားနည်း ၁၇ မျိုး ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်းသတင်းအဖွဲ့)**

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲတွင် ထည့်သွင်း ကျင်းပမည့် မြင်းစီးအားကစား ပြိုင်ပွဲတွင် အသုံးပြုမည့် မြင်းများကို အရည်အချင်းစစ် စီးနင်းနေစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

သဃ်န်းကျွန်း ကျိုက္ကစံဆံတော်ရှင်စေတီ မသိုးရွှေကြာသင်္ကန်းဆက်ကပ်

ရန်ကုန် နိုဝင်ဘာ ၁၈

နိုဝင်ဘာ ၁၇ ရက် (တန်ဆောင်မုန်းလပြည့်နေ့)က ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ကျိုက္ကစံဆံတော်ရှင်စေတီရင်ပြင်တော်တွင် ရိုးရာအစဉ်အလာမပျက် မသိုးရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ဆီမီးပူဇော်ပွဲကို ဂေါပကအဖွဲ့၏ ဦးဆောင်မှုဖြင့် ဘာသာရေးအသင်းအဖွဲ့များနှင့် အများပြည်သူတို့က စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

စေတီတော်၏ မုခ်လေးမုခ်ရှိ အာရုံခံတန်ဆောင်းများအတွင်းရှိ ဗုဒ္ဓဆင်းတုတော်လေးဆူနှင့် အထက်ပစ္စယာရှိဗုဒ္ဓဆင်းတုတော်တစ်ဆူ အပါအဝင် ဘုရားငါးဆူတို့အား ယခုနှစ်တွင် (၃၄) ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်ခတ်ပြိုင်ပွဲကျင်းပပြီးနောက် တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၅ နာရီက ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် ပြိုင်ပွဲဝင် ရက်ကန်းစင်များကို ပထမဆုငွေကျပ် နှစ်သိန်းခွဲ၊ ဒုတိယဆုငွေကျပ် နှစ်သိန်း သုံးသောင်း၊ တတိယဆုငွေကျပ် နှစ်သိန်း တစ်သောင်းချီးမြှင့်ခဲ့ကြောင်း ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးစိုးမြင့်က ရှင်းလင်းပြောကြားသည်။ **အောင်သူရ**

မြို့နယ်လုံးဆိုင်ရာ စုပေါင်းမဟာဘုံကထိန်

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၂၄)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ စုပေါင်းမဟာဘုံကထိန်အလှူတော်နှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီက အမှတ်(၆)ရပ်ကွက် ဆုတောင်းပြည့် မြို့ဦးစေတီတော်ဓမ္မာရုံ၌ကျင်းပသည်။

တန်ဆောင်မုန်းလပြည့်နေ့က မြို့နယ်လုံးဆိုင်ရာ စုပေါင်း မဟာဘုံကထိန်လှူဒါန်းမှုတွင် ဌာနဆိုင်ရာများ၊ စက်မှုဇုန်များ၊ ရပ်ကွက်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များမှ ပဒေသာပင်ပေါင်း ၂၀၀၊ ပစ္စည်းနှင့်ငွေသား တန်ဖိုးငွေ ၈၉၇၇၀၀၆၈ ကျပ်ကို မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ကျောင်းပေါင်း ၁၉၇ ကျောင်းကို မဲဖောက်၍ ဆက်ကပ်လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။ **(၁၆၆)**

နိုဝင်ဘာ ၁၈ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ CCTV သတင်းဌာန ဖိတ်ကြားချက်အရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးရဲနိုင် ဦးဆောင်သော ရုပ်သံသတင်းဌာန ကျွမ်းကျင်ဝန်ထမ်းများနှင့် သတင်းထောက်များပါဝင်သည့် ၁၂ ဦးပါ ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် နိုဝင်ဘာ ၁၈ ရက်မှ ၂၃ ရက်အထိ အလည်အပတ်ခရီးစဉ်နှင့် လုပ်ငန်းခွင်သွားရောက်လေ့လာရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီတွေ့ရစဉ်။ **(သတင်းစဉ်)**

အလိမ္မာ စာမှာရှိ

စက်လှေခေါင်မိုးပေါ်မှ အမျိုးသားတစ်ဦး ပြုတ်ကျ

ရန်ကုန် နိုဝင်ဘာ ၁၈

ကြည့်မြင်တိုင်မြို့နယ် စံပြငါးဈေးအနီး ကျောက်ချရပ်နားထားသော ငါးဖမ်းစက်လှေခေါင်မိုးပေါ်မှ သန့်ရှင်းရေးပြုလုပ်သူအမျိုးသားတစ်ဦး ပြုတ်ကျ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီခွဲက ကြည့်မြင်တိုင်မြို့နယ် စံပြငါးဈေးအနီး လှိုင်မြစ်ရေလယ်တွင်ကျောက်ချ ရပ်နားထားသော အရှေ့တိုင်းပုလဲနှင့်ငါးကုမ္ပဏီပိုင် မြမျိုးလွင် ငါးဖမ်းစက်လှေ ခေါင်မိုးပေါ်သို့ တက်ရောက်ပြီး သန့်ရှင်းရေးပြုလုပ်သူ ဦးဝင်းအောင် (ပွဲ့နင်း) သရက်ချောင်းမြို့နယ် တနင်္သာရီတိုင်းဒေသကြီးနေသူသည် သန့်ရှင်းရေးပြုလုပ်နေစဉ် အမြင့်ပေ ၂၀ ခန့်ရှိခေါင်မိုးပေါ်မှ ကုန်းပတ်ပေါ်သို့ ပြုတ်ကျခဲ့သဖြင့် နှာခေါင်းသွေးထွက် ဒဏ်ရာရရှိခဲ့ပြီး ရန်ကုန်ဆေးရုံကြီးသို့ ပို့အပ်ကုသခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် သေဆုံးသွားသဖြင့် ဆိပ်ကမ်းမြို့မ ရဲစခန်းက အမှုဖွင့် စုံစမ်းလျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာဆပ်ကော်မတီ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၈

ပြည်ထောင်စုအစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ် ကော်မတီဥက္ကဋ္ဌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေသည် အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ကော်မတီဝင်များ၊ အသင်း အဖွဲ့များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဆပ်ကော်မတီ Delivery Unitနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ စီးပွားရေး၊ လူမှုရေးအသင်းအဖွဲ့ ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်/ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများက ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

အတိတ်၊ ပစ္စုပ္ပန် မြန်မာနှင့်ဆီးဂိမ်း

မောင်မောင်ထွေး

အတိတ်ကာလက နယ်ပယ်ကဏ္ဍအသီးသီး၌ မြန်မာတို့ဦးဆောင်ခွင့်ရခဲ့ဖူး၏။ လွတ်လပ်ရေး၏ ဖွားဖက်တော်ပြည်တွင်းစစ်မီး တောက်လောင်ဆဲမှာပင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနယ်ပယ်စုံတန်းဝင်ခဲ့ဖူး၏။

မြန်မာ့အားကစားအဆင့်အတန်းလည်း မြင့်မားခဲ့သလို အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ထိုစဉ်က ကျွန်းဆွယ်အားကစားပြိုင်ပွဲ) လက်ခံကျင်းပရာတွင်လည်း ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်နိုင်ခဲ့၏။

အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲကို ၁၉၅၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ ထိုင်းနိုင်ငံက ဗွေဆော်ဦးလက်ခံကျင်းပခွင့်ရခဲ့၏။

အိမ်ရှင် ထိုင်း၊ မြန်မာ၊ မလေးရှား၊ တောင်ဗီယက်နမ်၊ စင်ကာပူနှင့်လာအိုအပါအဝင် ခြောက်နိုင်ငံပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဖွင့်ပွဲအခမ်းအနားကို ၁၉၅၉ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ပြိုင်ပွဲတွင် အိမ်ရှင်ထိုင်းက ရွှေ ၃၅၊ ငွေ ၂၆ နှင့် ကြေး ၁၃၊ မြန်မာက ရွှေ ၁၁၊ ငွေ ၁၁ နှင့် ကြေး ၁၅ ဖြင့် ဒုတိယရရှိခဲ့ပြီး မလေးရှား၊ စင်ကာပူ၊ တောင်ဗီယက်နမ်နှင့် လာအိုတို့က အစဉ်အလိုက် ရလဒ်အသီးသီးဖြင့် ရပ်တည်ခဲ့ကြသည်။

၁၉၆၁ ခုနှစ် ဒုတိယအကြိမ် ကျွန်းဆွယ်အားကစားပြိုင်ပွဲကိုမူ မြန်မာနိုင်ငံက ပထမဦးဆုံးအိမ်ရှင်နိုင်ငံအဖြစ် မြို့တော်ရန်ကုန်၌ ဒီဇင်ဘာလ ၁၁ ရက်မှ ၁၆ ရက်အထိ လက်ခံကျင်းပခွင့်ရခဲ့ရာ ကမ္ဘောဒီးယားနိုင်ငံပါဝင်လာ၍ ထိုစဉ်က နိုင်ငံစုံပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အိမ်ရှင်မြန်မာနိုင်ငံမှ အမျိုးသားအားကစားသမား ၁၂၀၊ အမျိုးသမီးအားကစားသမား ၂၇ ဦးနှင့် အုပ်ချုပ်သူ ၃၀ ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် ပြေးခုန်ပစ်၊ ကြက်တောင်၊ လက်ဝှေ့၊ ဘတ်စကက်ဘော၊ ဘောလုံး၊ သေနတ်ပစ်၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ ဘော်လီဘော၊ အလေးမနှင့် ရွက်လှေပြိုင်ပွဲများပါဝင်ပြီး ရွက်လှေပြိုင်ပွဲမှာ ပွဲစဉ်အမျိုးအစားသစ်အဖြစ် စတင်ထည့်သွင်းကျင်းပခဲ့ရုံမက ယခင်ကမပါဝင်ခဲ့သည့် အမျိုးသမီးပွဲစဉ်များကိုလည်း ကြက်တောင်၊ တင်းနစ်နှင့် ရေကူးပြိုင်ပွဲ ပွဲစဉ်များ၌ ထည့်သွင်း ကျင်းပပေးခဲ့သည်။

၁၉၆၁ ခုနှစ် ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း၌ ကျင်းပရာ နံနက် ၁၁ နာရီကပင် ပရိသတ်လေးသောင်းကျော် လာရောက်ကြည့်ရှုအားပေးကြ၍ ကွင်းပြည့်ကွင်းလျှံဖြစ်ခဲ့သည်။ တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ကျွန်းဆွယ်အလံငယ်ကလေးများကို ကစားကွင်းပေါ်သို့ကြဲချပြီး ကွင်းအတွင်း၌ ကျောင်းသူလေး ၄၀၀ တို့က သရုပ်ဖော်ကပြခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ပြိုင်ပွဲဖွင့်လှစ်ကြောင်း ကြေညာလိုက်သည်နှင့် အမြောက် ၂၁ ချက် ပစ်ဖောက်ကာ ပြိုင်ပွဲဝင်နိုင်ငံများ၏အလံကို လွှင့်တင်လိုက်သည်။ ဆက်လက်၍ ခို ၁၃၂၃ ကောင်နှင့် မိုးပျံပူဖောင်းများကို လွှင့်တင်ခဲ့ကြပြီး ကျွန်းဆွယ်မီးရှူးတိုင်ကို ကမ္ဘာ့အိုလံပစ် ၁၉၆၃ ခုနှစ် ဘာလင်ပြိုင်ပွဲ၌ ပထမဦးဆုံးယှဉ်ပြိုင်ခဲ့သည့် မြန်မာအားကစားသမား ဦးဇော်ဝိတ်က သယ်ဆောင်ကာ အရှေ့ဘက်ပွဲကြည့်စင်ထိပ်ရှိ မီးရှူးစင်၌ ထွန်းညှိပေးခဲ့သည်။ ထို့နောက် Seap (ကျွန်းဆွယ်အားကစားပွဲ) ကို အင်္ဂလိပ်စာဖြင့် သရုပ်ဖော်ခြင်း၊ ကာယပညာလေ့ကျင့်ပြသခြင်း၊ ရိုးရာအခြေခံ ကကြိုးစုံလင်စွာဖြင့် သရုပ်ဖော်ကပြခဲ့ကြသည်။

ဖွင့်ပွဲနေ့မှာပင် ဘောလုံး၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘောနှင့်လက်ဝှေ့ပြိုင်ပွဲများကို ကျင်းပခဲ့ရာ ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ၏ ဗွေဆော်ဦး ရွှေတံဆိပ်ကို ဦးဝိစာရအမျိုးသားရေကူးကန်၌ကျင်းပသည့် မီတာ ၁၅၀၀ အလွတ်ကူးပြိုင်ပွဲ ပွဲစဉ်တွင် တင်မောင်နီ(ကွယ်လွန်)က ၁၈ မိနစ် ၄၇ ဒသမ ၀၁ စက္ကန့်ဖြင့် ပန်းဝင်ခဲ့ပြီး ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

၁၉၆၁ ခုနှစ် ဒုတိယအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံက ဆုတံဆိပ်အများဆုံးဖြင့် နိုင်ငံအလိုက်ပထမရရှိခဲ့သော်လည်း မြန်မာပရိသတ်တို့၏အသည်းစွဲ မြန်မာဘောလုံးအသင်းမှာမူ ဗိုလ်လုပွဲတွင် မလေးရှားကို နှစ်ဂိုးပြတ်ရှုံးသွားခဲ့၍ မြန်မာဘောလုံးအသင်းကွင်းထဲ၌ ခြေပစ်လက်ပစ်ဖြစ်သွားသကဲ့သို့ မြန်မာပရိသတ်များပါ ရင်ကွဲပက်လက်ဖြစ်သွားခဲ့ရ၏။ ဘောလုံးအရှုံးကြောင့် ပိတ်ပွဲအခမ်းအနားကိုပင် စိတ်မဝင်စားနိုင်ဖြစ်ခဲ့ကြရ၏။ ကျွန်းဆွယ်ပြိုင်ပွဲပြီးသည်အထိ နောက်ဆက်တွဲဂယက်ကား မပြီးနိုင်ခဲ့။ ဗဟာဒူး၊ တင်ကြည်၊ ကျော်ဇော၊ ကျော်အေးနှင့် ကိုကိုကြီးတို့ကို ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌက ခေါက်ဆွဲစား(လောင်းကစား)သည်ဟု ဆိုကာ စုံစမ်းစစ်ဆေးမှုများပင်ဆောင်ရွက်ခဲ့ရာ ဆရာဇဝန၊ ဆရာမောင်ရဲဝင်းတို့က ကြေးမုံသတင်းစာမှ နည်းစနစ်ပိုင်းနှင့်ပတ်သက်၍ ဝေဖန်သုံးသပ်ချက် ဆောင်းပါးများ ရေးသားခဲ့၍ ဘောလုံးသမားများအား အရေးယူမှု ပြီးပြတ်သွားခဲ့သည်။

၁၉၆၉ ခုနှစ် ပဉ္စမအကြိမ် ကျွန်းဆွယ်အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက ဒုတိယအကြိမ်မြောက် အိမ်ရှင်နိုင်ငံအဖြစ် ဒီဇင်ဘာ ၆ ရက်မှ ၁၃ ရက်အထိ လက်ခံကျင်းပခဲ့ပြန်ပါသည်။ ပြိုင်ပွဲတွင် ပွဲစဉ်အမျိုးအစား ၁၅ မျိုး ထည့်သွင်းကျင်းပခဲ့ရာ ကမ္ဘောဒီးယားနိုင်ငံမှအပ နိုင်ငံစုံပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၆ ရက် ညနေတွင် ကျင်းပရာ ထိုစဉ်က တော်လှန်ရေးကောင်စီနှင့် တော်လှန်ရေးအစိုးရအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းကိုယ်စား အမျိုးသားစီမံကိန်းဌာနနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်မှူးချုပ်စန်းယုက ဖွင့်လှစ်ပေးခဲ့ပြီး ကျွန်းဆွယ်မီးရှူးတိုင်ကို အာရှလက်ရွေးစင်ဟောင်းနှင့် မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း မောင်မောင်(ရေတပ်)က သယ်ဆောင်ထွန်းညှိပေးခဲ့သည်။ ဖွင့်ပွဲသို့ ပရိသတ်လေးသောင်းကျော် လာရောက်ကြည့်ရှုအားပေးကြရာ မွန်းလွဲ ၂ နာရီမှာပင် ကွင်းပြည့် ကွင်းလျှံသွားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားပြီးသည်နှင့် ညနေပိုင်းမှစတင်၍ ပွဲစဉ်များကို စတင်ကျင်းပခဲ့ရာ မြန်မာအားကစားအဖွဲ့များ ဗွေဆော်ဦးရွှေတံဆိပ်များကို ဆက်တိုက်ဆွတ်ခူးရရှိခဲ့ကြသည်။ဒီဇင်ဘာ ၇ ရက်တွင် မြန်မာသေနတ်ပစ်အဖွဲ့က မီတာ ၅၀ ရိုင်ဖယ်မှောက်ပစ်ပြိုင်ပွဲတွင် ရမှတ် ၂၃၀၉ မှတ်ဖြင့် ပထမ၊ အလေးမပြိုင်ပွဲ ဘင်တန်ဝိတ်တန်း၌ တင်စိန်က စုစုပေါင်း ၃၁၅ ကီလိုဖြင့် စံချိန်သစ်တင်ကာ ရွှေတံဆိပ်၊ ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသမီးသံလုံးပစ်ပြိုင်ပွဲ၌ ဂျင်နီဖာတင်လေးက ၁၄ ဒသမ ၂၂ မီတာဖြင့် စံချိန်သစ်တင်ကာ ဗွေဆော်ဦးရွှေတံဆိပ်၊ ဒီဇင်ဘာ ၈ ရက်တွင် ရေကူးပြိုင်ပွဲကိုစတင်ကျင်းပခဲ့ရာ အမျိုးသားမီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ၌ နန္ဒကျော်စွာ ယခုပြည်ထောင်စုလွှတ်တော် ဒုတိယနာယကနှင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ၁မိနစ် ၀၂ဒသမ ၈ စက္ကန့်ဖြင့် ကျွန်းဆွယ်စံချိန် ၁ မိနစ် ၀၃ ဒသမ ၃ စက္ကန့် စံချိန်ကိုချိုးကာ ရေကူးပြိုင်ပွဲ၏ ပွဲဦးထွက်ရွှေတံဆိပ်ကို စတင်ဆွတ်ခူးပေးခဲ့သည်။ ဒီဇင်ဘာ ၉ ရက်တွင် ဆက်လက်ကျင်းပသည့် မီတာ ၂၀၀ လိပ်ပြာကူးပြိုင်ပွဲတွင်လည်း ၂ မိနစ် ၂၁ ဒသမ ၃ စက္ကန့်ဖြင့် စံချိန်သစ်တင်ကာ ဗိုလ်စွဲခဲ့သည်။

> » သမိုင်းရေစီးသည် ရေသေတစ်ခုလို ရပ်တန့်မနေခဲ့ပါ။ မြန်မာတို့၏ ကျားကုတ်ကျားခဲ ကုန်းရုန်းနိုးထမှုဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ပုသိမ်(ငွေဆောင်)တို့တွင် အိမ်ရှင်နိုင်ငံအဖြစ် တစ်ကျော့ပြန်ကျင်းပခွင့်ရခဲ့ရာ ပြိုင်ပွဲကျင်းပရန် ရက်ပိုင်းမျှသာ လိုတော့၏။

ဒီဇင်ဘာ ၁၃ ရက် ညနေပိုင်းတွင် ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ကျင်းပရာ လက်ရှိချန်ပီယံမြန်မာအသင်းက ပြိုင်ဘက်ထိုင်းအသင်းကို မျိုးဝင်းညွန့်၊ မောင်မောင်တင်နှင့် တင်အောင်မိုးတို့၏ ဂိုးများဖြင့် သုံးဂိုးပြတ်အနိုင်ရရှိပြီး ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည်။ မြန်မာဘောလုံးအသင်းတွင် ဂိုး-တင်အောင်၊ နောက်တန်း-မောင်မောင်မြင့်၊ မောင်မောင်တင်၊ လှဖေ၊ တင်ဟန်၊ အလယ်တန်း-အေးမောင်နှင့် မျိုးဝင်းညွန့်၊ ရှေ့တန်း-လှငွေး၊ ရဲညွန့်၊ ဝင်းမောင်နှင့် လှကြည်(တင်အောင်မိုး)တို့ပါဝင်ကစားခဲ့သည်။

၁၉၆၉ ခုနှစ် ပဉ္စမအကြိမ် ကျွန်းဆွယ်အားကစားပြိုင်ပွဲတွင် အိမ်ရှင်မြန်မာက ရွှေ ၅၇၊ ငွေ ၄၆၊ ကြေး ၄၄ ဖြင့် နိုင်ငံအလိုက် ဗိုလ်စွဲကာ ထိုင်းက ရွှေ၃၂၊ ငွေ ၃၃၊ ကြေး ၄၄ ဖြင့် ဒုတိယ၊ စင်ကာပူက ရွှေ ၃၁၊ ငွေ ၃၉၊ ကြေး ၂၄ ဖြင့် တတိယ၊ မလေးရှားက ရွှေ ၁၆၊ ငွေ ၂၃၊ ကြေး ၃၉ ဖြင့် စတုတ္ထ၊ တောင်ဗီယက်နမ်က ရွှေ ကိုး၊ ငွေ ငါး၊ ကြေး ရှစ်ဖြင့် ပဉ္စမနှင့် လာအိုက ကြေးသုံးဖြင့် ဆဋ္ဌမရရှိခဲ့ကြသည်။

ပြိုင်ပွဲပိတ်ပွဲအခမ်းအနားကို ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲအပြီး ညနေ ၅ နာရီ ၅၂ မိနစ်တွင် ကျင်းပခဲ့ရာ တော်လှန်ရေးအစိုးရအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းကိုယ်စား ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်မှူးချုပ် စန်းယုက ပိတ်သိမ်းပေးခဲ့သည်။

၁၉၆၉ ခုနှစ် ပဉ္စမအကြိမ်မြောက် ကျွန်းဆွယ်ပြိုင်ပွဲကြီး နောက်ပိုင်းတွင်မူ အကြောင်းကြောင်းကြောင့် မြန်မာနှင့်ဆီးဂိမ်းပြိုင်ပွဲတို့ ရာစုနှစ်ဝက်နီးပါး ၄၄ နှစ်ကြာမျှ ဝေးကွာသွားခဲ့ရပြန်ပါသည်။ ဒေသတွင်းနိုင်ငံများ၏ နှစ်နှစ်တစ်ကြိမ် တစ်လှည့်စီအကြိမ်ကြိမ်ကျင်းပနေမှုကို ကျွန်တော်တို့ခေတ်ပြိုင်မျိုးဆက်တစ်ဆက်သည် ဆယ်ကျော်သက်အရွယ်ကတည်းက မချိတင်ကဲဝမ်းနည်းစွာငေးမောကြည့်ခဲ့ကြရ၏။

သို့သော် သမိုင်းရေစီးသည် ရေသေတစ်ခုလို ရပ်တန့်မနေခဲ့ပါ။ မြန်မာတို့၏ ကျားကုတ်ကျားခဲ ကုန်းရုန်းနိုးထမှုဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ပုသိမ်(ငွေဆောင်)တို့တွင် အိမ်ရှင်နိုင်ငံအဖြစ် တစ်ကျော့ပြန်ကျင်းပခွင့်ရခဲ့ရာ ပြိုင်ပွဲကျင်းပရန် ရက်ပိုင်းမျှသာလိုတော့၏။

မြန်မာတစ်မျိုးသားလုံးအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ သမိုင်းနေ့ရက်များပင် ဖြစ်ပေသည်။ အထူးသဖြင့် မျိုးဆက်သစ်မြန်မာလူငယ်များအတွက် စိတ်ဓာတ်ခွန်အားတစ်ရပ်ပင်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အောက်တိုဘာ ၂၀ ရက်က နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ် "ယခုပြိုင်ပွဲကြီး လက်ခံကျင်းပရခြင်းမှာ လူငယ်များ၏ အနာဂတ်အတွက် မျှော်လင့်ချက်များပေးလို၍ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲကြီးကို ၄၄ နှစ်ကြာမှ ယခုတစ်ကြိမ်ကျင်းပခွင့်ရရှိခြင်းဖြစ်ပြီး နောင်ပြိုင်ပွဲများ လက်ခံကျင်းပလျှင် အားကစားသမားများ လေ့ကျင့်မွေးထုတ်ပြီး အချိန်မီကြိုတင်ပြင်ဆင်နိုင်ရန် စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဤပြိုင်ပွဲကြီးက မိမိတို့လူငယ်များအတွက် ကောင်းမွန်သည့် အနာဂတ်တစ်ခုကို ဖန်တီးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း" ဖြင့် ပြောကြားခဲ့ပေသည်။

မြန်မာပြည်သူများအနေဖြင့်မူ အနာဂတ်ပြိုင်ပွဲ၌ မြန်မာတို့၏ နယ်ပယ်စုံ ဦးဆောင်ခွင့်ဆုလာဘ်များ ပြန်လည်ရယူဆွတ်ခူးနိုင်ရေးအတွက်လည်း Fighting Spirit (တိုက်ပွဲဝင်စိတ်ဓာတ်)ဖြင့် စုစည်းညီညွတ်စွာ ဆက်လက်ကြိုးပမ်းကြရဦးမည်ဟု ဆိုပါရစေ။

ကိုးကားချက်။ ။ ၁၉၇၈ ခုနှစ် မေလထုတ် မောင်ရဲဝင်း၏ လေဟုန်ခွင်း၍ အောင်ပွဲဆင် စာအုပ်မှ။

ကျောက်တံခါးမြို့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲစည်ကား

ကျောက်တံခါး နိုဝင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဦးစီး၍ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ ကျောက်တံခါးမြို့ပေါ် ကျောင်း ၁၈ ကျောင်းမှ သံဃာတော် ၂၂၀ တို့အား ဒဂုံရွှေမန်းလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း တစ်လျှောက်တွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဟိန္ဒူဗုဒ္ဓဘာသာဝင်များ၊ ရပ်ကွက်နေ စေတနာရှင်ပြည်သူများက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့်ဆွမ်းဆန်စိမ်းနှင့် အခြားလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **(အပေါ်ပုံ)**

ခင်ကို(ကျောက်တံခါး)

ဒလမြို့နယ် စုပေါင်းကထိန်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၈

ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးကြီးမှူး၍(၂၃)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၁၃ ရက် ညနေ ၄ နာရီကစတင်၍ ဒလမြို့နယ်အတွင်း ဘုံကထိန်ပဒေသာပင်လှည့်လည်ပွဲ အခမ်းအနား ကျင်းပရာ ခြိမ့်ခြိမ့်သဲ စည်ကားကြောင်း တွေ့ရှိရသည်။

အခမ်းအနားတွင် ဌာနဆိုင်ရာများ၊ ရပ်ကွက်များ၊ အနှေးယာဉ်၊ ယာဉ်လိုင်းပေါင်းစုံ၊ စက်သမ္မန်ရေယာဉ်အသင်းများ၊ သစ်စက်နှင့် သင်္ဘောကျင်းတို့က လှပတင့်တယ်စွာ မွမ်းမံဆင်ယင်ထားသော ပဒေသာပင် စုစုပေါင်း ၄၉ ခုတို့ကို ဆိုက်ကား၊ ထော်လာဂျီ၊ မော်တော်ကားများပေါ်တင်ဆောင်လျက် မြို့အတွင်း လှည့်လည်ပြီး စုပေါင်းဘုံကထိန်ကျင်းပမည့် မြို့မ (၃) ရပ်ကွက်ရှိ ဗြဟ္မဝိဟာရ ကွင်းကျောင်းတိုက်သို့ ညနေ ၅ နာရီခွဲတွင် ရောက်ရှိခဲ့ကြသည်။

လှူဒါန်း

နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် မြို့နယ်စုပေါင်း မဟာဘုံကထိန်ပွဲ အလှူတော်မင်္ဂလာ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဇနီး၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်ပြည်သူများက မြို့ပေါ်ဘုန်းကြီးကျောင်း ၃၂ ကျောင်းမှ ပင့်သံဃာ ဆရာတော်များအား ကထိန်သင်္ကန်းများဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချခံယူကြသည်။ ဆက်လက်၍ စုစုပေါင်းငွေကျပ် ၁၃၃၉၉၈၁၅၀ တန်ဖိုးရှိ ပဒေသာပင် ၄၉ ခုတို့ကို ပင့်ဖိတ်ထားသော မြို့ပေါ် ဘုန်းတော်ကြီးကျောင်းပေါင်း ၃၂ ကျောင်းကို စာရေးတံမဲဖောက်ကာ လှူဒါန်းဆက်ကပ်ခဲ့ကြကြောင်း သိရသည်။

သန်းဌေး(ဒလ)

ကလောမြို့နယ် အောင်ပန်းမြို့ အထက(၅)မှကျောင်းသား ကျောင်းသူများ မြို့နယ်ကိုယ်စားပြုကျောင်းဘင်ခရာအဖွဲ့အဖြစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ကျောင်းပေါင်းစုံ ဘင်ခရာပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် နိုဝင်ဘာ ၁၄ ရက်က လေ့ကျင့်နေစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

လွှတ်တော်ကိုယုံကြည်လေးစားစွာဖြင့်တင်ပြလာသည့် တင်ပြချက်များအား အလေးထားဆောင်ရွက်ပေးမည် မှန်ကန်သည့်ဆောင်ရွက်မှု နည်းလမ်းများဖြင့် မိမိတို့၏ လက်တွေ့ဘဝများကို ဖော်ဆောင်ကြရမည်

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တီးတိန်မြို့နယ်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံပွဲတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၁၈

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်တီးတိန်မြို့နယ်၊ တွန်းဇန်မြို့နယ်များရှိ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ချင်းပြည်နယ် တီးတိန်မြို့ စကောလမ်းရပ်ရှိ ကမ်းဟောက်ခန်းမ၌ ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ခင်လေးသက်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် သူရဦးအောင်ကိုနှင့် ဒေါက်တာခင်ရွှေ၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးလွင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တီးတိန်နှင့် တွန်းဇန်မြို့နယ်တို့မှ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး အထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူ ချင်းတိုင်းရင်းသားများ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက အမှာစကားပြောကြားရာတွင် တီးတိန်နှင့် တွန်းဇန်ဒေသရှိပြည်သူတို့၏အသံများ၊ ပြည်သူတို့၏ ဆန္ဒသဘောထားအမြင်များ၊ ပြည်သူတို့၏ လိုအပ်ချက်များကို ကြားသိနိုင်ရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏လိုအပ်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဟူသည့် ဆောင်ပုဒ်အတိုင်း လွှတ်တော်မှချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်မှာ ပြည်သူတို့၏ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဥပဒေများ ပြဋ္ဌာန်းပေးခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ လွှတ်တော်ရပ်နားချိန်များတွင် ပြည်သူလူထုနှင့်တိုက်ရိုက်ထိတွေ့ပြီး ပြည်သူတို့၏ သဘောထားများကိုနားထောင်ကာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် မိမိတို့၏လိုအပ်ချက်အခက်အခဲများကို ပွင့်ပွင့်လင်းလင်းတင်ပြရန်ဖြစ်ကြောင်း ဦးစွာပြောကြားသည်။

ထို့နောက် ဖလမ်းခရိုင် အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များကိုရှင်းလင်းတင်ပြပြီး တီးတိန်နှင့် တွန်းဇန်မြို့နယ်တို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌများ၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများ၊ မြို့မိမြို့ဖများက မြို့နယ်များ၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် တင်ပြချက်များနှင့် စပ်လျဉ်းပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကကနိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့လွှတ်တော်ကိုယုံကြည်လေးစားစွာဖြင့် တင်ပြလာသည့်တင်ပြချက်များအား အလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးရေးအတွက် မိမိတို့အားလုံးပါဝင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့်တွေးခေါ်ဆွေးနွေးပြီး မှန်ကန်သည့် ဆောင်ရွက်မှု နည်းလမ်းများဖြင့် မိမိတို့၏ လက်တွေ့ဘဝများကို ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရန် မြို့နယ်အလိုက် သုံးစွဲခွင့်ရရှိမည့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေများကိုအလေအလွင့်မရှိစေဘဲ မြို့နယ်စီမံခန့်ခွဲရေး အထောက်အကူပြု အဖွဲ့များသည် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အမှန်တကယ် လိုအပ်သည့်နေရာများတွင် အသုံးပြုကြရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီ အနှစ်သာရအတိုင်း အများစု၏ဆန္ဒသဘောထားကို အားလုံးကလိုက်နာကြရမည်ဖြစ်ပြီး အနည်းစု၏ဆန္ဒများကို လေးစားရမည်ဖြစ်ကြောင်း၊ ဒေသခံ တိုင်းရင်းသားပြည်သူများ တောင်းဆိုလျက်ရှိသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် တန်းတူအခွင့်အရေးရရှိရေးကိစ္စရပ်များကို ထိထိရောက်ရောက် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားများ လိုလားတောင့်တလျက်ရှိသည့် ဒီမိုကရေစီစနစ် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ပြောကြားကာ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေကတီးတိန်နှင့်တွန်းဇန်မြို့နယ်အတွင်းရှိ ပရဟိတကျောင်းများသို့ အလှူငွေကျပ် သိန်း ၁၀၀ စီလှူဒါန်းပြီးနောက် အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး ဒေသခံပြည်သူများကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်၍ တီးတိန်မြို့ဖွံ့ဖြိုးတိုးတက်မှုများအား လှည့်လည်ကြည့်ရှုခဲ့သည်။

ဆက်လက်၍ ဟားခါးမြို့နယ်၊ ဖလမ်းမြို့နယ်၊ ထန်တလန်မြို့နယ်တို့မှ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံပွဲအခမ်းအနားကို မွန်းလွဲ ၂ နာရီတွင် ဟားခါးမြို့ ဈေးသစ်ရပ်ရှိ မြို့တော်ခန်းမ၌ကျင်းပရာ မြို့နယ်များမှ အထောက်အကူပြုကော်မတီဝင်များ၊ စည်ပင်သာယာရေး ကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော် နာယကက လွှတ်တော်၏ ဆောင်ပုဒ်နှင့်အညီ လွှတ်တော် အစည်းအဝေးများကျင်းပလျက်ရှိရာ လွှတ်တော်အသီးသီးရှိ ချင်းတိုင်းရင်းသား ကိုယ်စားလှယ်များအနေဖြင့် ဒေသခံပြည်သူများ၏ သဘောထားဆန္ဒများ၊ ဒေသလိုအပ်ချက်များကို ဖော်ထုတ်ပြောဆိုဆွေးနွေးသံများစွာ ကြားသိရပါကြောင်း၊ ယနေ့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်စေရန်အတွက် မိမိတို့၏အမြင်များကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အတွင်းရေးမှူးက ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဟားခါး၊ ဖလမ်းနှင့် ထန်တလန်မြို့နယ်တို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၊ မြို့မိမြို့ဖများက မိမိတို့မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ပွင့်ပွင့်လင်းလင်းမေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းတင်ပြသွားမည် ဖြစ်ပါကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့် လေ့လာတွေးခေါ်ဆွေးနွေးပြီး မိမိတို့ဒေသ မိမိတို့အခြေအနေနှင့် ကိုက်ညီသည်များကို ဥပဒေနှင့်အညီ မှန်ကန်သည့် နည်းလမ်းများဖြင့် လက်တွေ့လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူတို့၏ အကျိုးစီးပွားများဖြစ်ထွန်းရန် ပြည်သူတို့၏ဆန္ဒနှင့်အညီဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ ယနေ့နိုင်ငံတော်၏ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် ပြောင်းလဲကျင့်သုံးဖော်ဆောင်မှုများကို မိမိတို့ပြည်သူများသာမက နိုင်ငံတကာနှင့် ကမ္ဘာကပါ အသိအမှတ်ပြုလျက်ရှိနေပါကြောင်း။

တိုင်းပြည် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်မှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအရှိန်အဟုန်မြှင့်ဆောင်ရွက်မှု စသည်တို့ကို ထိခိုက်မှုမရှိစေဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် လွှတ်တော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ ဖွဲ့စည်းပြီး ပြင်ဆင်ရန်အတွက် လေ့လာသုံးသပ်လျက်ရှိပါကြောင်း၊ မည်သည့်အရာကို အကောင်အထည်ဖော် ဆောင်ရွက်သည်ဖြစ်စေ တရားဥပဒေနှင့်အညီ လုပ်ဆောင်ရမည်ဖြစ်ပြီး အများပြည်သူတို့၏ ဆန္ဒသဘောတရားနှင့်အညီ ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့်လွှတ်တော်များက ဥပဒေများကို ပြင်ဆင်/ပယ်ဖျက်/ အသစ်ပြဋ္ဌာန်းခြင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တရားမျှတပြီး အများပြည်သူတို့ လိုက်နာနိုင်သည့် ဥပဒေဖြစ်ရန် လိုအပ်ကြောင်း၊ လွှတ်တော်အတွင်းတွင် ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်သည့်ဘာသာ မခွဲခြားဘဲ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယခုအခါ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး တိုင်းရင်းသားအခွင့်အရေးကာကွယ်ရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းအခြေအနေအရပ်ရပ်ကို သိရှိပြီးမှန်ကန်သည့် နည်းလမ်းကို ရွေးချယ်ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် ယခုမိမိတို့ လျှောက်လှမ်းနေသည့်ဒီမိုကရေစီစနစ်အား အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသအကျိုး၊ ပြည်သူ့အကျိုး၊ ပြည်ထောင်စုအကျိုးကို မွန်မြတ်သည့်စိတ်စေတနာဖြင့် ဖြည့်ဆည်းဖော်ဆောင်ပေးရန် ပြည်သူ့ကိုယ်စားလှယ်များ သာမက ပြည်သူများအားလုံးတွင် တာဝန်ရှိပါကြောင်း။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ပြင်ဆင်ရေး အပါအဝင် လွှတ်တော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးဖြစ်ထွန်းစေမည့် ဥပဒေများပေါ်ထွန်းလာရေး၊ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းရေးနှင့် နိုင်ငံတော်၏ အရအသုံးဆိုင်ရာ ဘတ်ဂျက်အတည်ပြု ပြဋ္ဌာန်းရေးတာဝန်များကိုလွှတ်တော်ကိုယ်စားလှယ်အားလုံးက ပူးပေါင်းဆောင်ရွက်ရန်နှင့် မိမိတို့၏ ပန်းတိုင်သို့ နောက်ကြောင်းပြန်မလှည့်ဘဲ ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားပြီး အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ချင်းပြည်နယ်အတွင်းရှိ ပရဟိတဂေဟာများအတွက် အလှူငွေကျပ်သိန်း ၁၀၀၊ ဖလမ်းမြို့နယ်အတွင်း မြေပြိုမှုများကြောင့် နေအိမ်ပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စုများအတွက် အလှူငွေကျပ် ၁၃၃ သိန်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ချင်းပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေကျပ် သိန်း ၅၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ၂၀၁၃ – ၂၀၁၄ ပညာသင်နှစ်သင်တန်းဖွင့်

နေပြည်တော် နိုဝင်ဘာ ၁၈

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့ နံနက် ၉ နာရီက ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ် (၂)နှင့် မူလတန်းဆရာအတတ်သင် သုံးနှစ်သင်တန်း အမှတ်စဉ်(၄၅) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးစိုးတင့်က သင်တန်းနှင့်သက်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် သင်တန်းသား သင်တန်းသူများက သင်တန်းဖွင့်ပွဲအခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် မိခင်ဖွံ့ဖြိုးတက္ကသိုလ်မြေ တေးသီချင်းကို သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် သင်တန်းသားသင်တန်းသူများအားရင်းရင်းနှီးနှီး နှုတ်ဆက်ကာ**(အောက်ပုံ)** ဘွဲ့နှင်းသဘင်ခန်းမပြန်လည်ထွက်ခွာပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပညာရေးဘွဲ့ငါးနှစ်သင်တန်း ပထမနှစ်နှင့် ဒုတိယနှစ်တွင် ၄၂၄ ဦး၊ မူလတန်းဆရာအတတ်သင် သုံးနှစ် သင်တန်း ပထမနှစ်နှင့် ဒုတိယနှစ်တွင် ၃၁၃ ဦး၊ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၇၃၇ ဦး၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးပေါင်း ၅၆ မျိုးတို့ တက်ရောက်သင်ယူကြမည်ဖြစ်ကြောင်းနှင့် ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်၊ တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ တက္ကသိုလ်ပညာရေး အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ၊ ဆရာဆရာမများနှင့်သင်တန်းသား သင်တန်းသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သန်းခေါင်စာရင်းဆိုင်ရာ ပညာပေးဟောပြော

ပြည် နိုဝင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၁၄ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အကြောင်းများအတွက် အသိပညာပေးဆွေးနွေးဟောပြောပွဲကို နိုဝင်ဘာ ၁၂ရက် နံနက် ၉နာရီက ပြည်မြို့နယ် မော်ဇာကျေးရွာအုပ်စု မော်ဇာကျေးရွာဓမ္မာရုံ၌ကျင်းပရာ ပြည်ခရိုင်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးကိုကိုသော်က သန်းခေါင်စာရင်းကောက်ယူရခြင်းအကြောင်းနှင့်ပတ်သက်၍ ပညာပေးဟောပြောသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်တွင်းသတင်း

■ **ရှေ့ဖုံးမှ**

ညွှန့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပုဂ္ဂလိကကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ တစိုက်မတ်မတ် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် အစိုးရ၏သက်တမ်း တစ်ဝက်ကျော်ကုန်လွန်ခဲ့ပြီဖြစ်ကြောင်း၊ ကုန်လွန်ခဲ့သည့်သက်တမ်းကာလအတွင်း ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များအနေဖြင့် အောင်မြင်မှုအကျိုးရလဒ်များ ရရှိခဲ့သည်များရှိသကဲ့သို့ စိန်ခေါ်မှုများ၊ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရခြင်းများလည်း ရှိခဲ့ပါကြောင်း၊ ရရှိခဲ့သည့် အတွေ့အကြုံများအပေါ် အခြေခံပြီး ကျန်ရှိသည့် အစိုးရ၏ သက်တမ်းကာလအတွင်း ပြည်သူများ၏ ဆန္ဒများကို ရည်မှန်းချက်အဖြစ်ထားရှိပြီး ယင်းရည်မှန်းချက်များအောင်မြင်အောင် ပြည်တွင်း ပြည်ပမှ ထောက်ခံအားပေးမှုနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသာမက နိုင်ငံအများအပြားတွင် နိုင်ငံရေးနှင့် စီးပွားရေးသည် ကွင်းဆက်သဖွယ် ချိတ်ဆက်နေပြီး နိုင်ငံရေးတည်ငြိမ်အေးချမ်းမှသာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှလည်း နိုင်ငံရေးတည်ငြိမ်အေးချမ်းမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် နိုင်ငံရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၆၀ ကျော်ရှည်ကြာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများမှာ အတော်အသင့်ခရီးရောက်နေပြီဖြစ်ပါကြောင်း၊ နိုင်ငံအနှံ့အပြားပစ်ခတ်တိုက်ခိုက်မှုများ အလွန်နည်းပါးသွားပြီး မကြာမီတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအဆင့်မှ နိုင်ငံရေးဆွေးနွေးပွဲများ ဆွေးနွေးနိုင်သည့်အဆင့်သို့ ကူးပြောင်းနိုင်ရေးအတွက် အစိုးရနှင့် လက်နက်ကိုင်အဖွဲ့အစည်းများအကြား ကြိုးပမ်းဆောင်ရွက်နေပါကြောင်း။

တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ပိုမိုကြိုးပမ်းလုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများလည်း တစ်ပြိုင်တည်းမြင့်လာအောင် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ စီးပွားရေးအကြောင်း စဉ်းစားသည့်အခါ စားရေရိက္ခာဖူလုံရေး (Food Security)၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေး (Rural Development and Poverty Reductions)၊ စဉ်ဆက်မပြတ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Economic Development) ဟူသည့် အပိုင်းသုံးပိုင်း စဉ်းစားဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ယနေ့ ကမ္ဘာကြီးသည် ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုများကြောင့် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် စားရေရိက္ခာဖူလုံရေးအတွက် အလေးထား ဆောင်ရွက်နေကြပါကြောင်း၊ မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အရန်စားရေရိက္ခာ သိုလှောင်နိုင်စွမ်း နည်းပါးသည့်အတွက် ပိုပြီးသတိထားကြရပါကြောင်း၊ ရာသီဥတုကောင်းမွန်ချိန်တွင် ပိုမိုစိုက်ပျိုးထုတ်လုပ်ပြီး အရန်ဆန်၊ အရန်စပါးများကို သိုလှောင်သည့် စနစ်ကိုပါ စဉ်းစားကြရမည်ဖြစ်ပါကြောင်း၊ ရေသည် စိုက်ပျိုးရေးအတွက် အဓိကကျသဖြင့် ရေသိုလှောင်သည့်စနစ်၊ ရေဖြန့်ဖြူးသည့်စနစ်တို့ကို စနစ်တကျ စီမံခန့်ခွဲသည့် (Water Management) နည်းပညာများ၊ မူဝါဒများ ချမှတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

သားငါးထုတ်လုပ်မှုအပိုင်းနှင့် ပတ်သက်ပြီးလည်း ပြည်သူများစားရေးအတွက် ပြည်တွင်းဖူလုံမှုရှိအောင်၊ ပြည်ပဈေးကွက်သို့တင်ပို့ရောင်းချနိုင်အောင် မွေးမြူထုတ်လုပ်ကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့ရေပြင်ပိုင်ဆိုင်မှုတွင် အဆင့်(၁၄) ရှိသည့်အတွက် မိမိတို့ပိုင်ဆိုင်ထားသည့် ရေပြင်ကို စနစ်တကျအသုံးချပြီး ရေချို၊ ရေငန်၊ သား၊ ငါး၊ ပုစွန်ထုတ်လုပ်သည့်လုပ်ငန်းကို စဉ်ဆက်မပြတ် မွေးမြူထုတ်လုပ်သွားနိုင်အောင် မူဝါဒများ ချမှတ်ပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သားငါးမျိုးများပြုန်းတီးမသွားစေရန်၊ ပင်လယ်ကြမ်းပြင်နှင့် ဂေဟစနစ်များ မပျက်စီးစေရန် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး နည်းပညာများ၊ အခြားအကူအညီများ ရယူဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်တက်ရောက်လာကြသူများ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျေးလက်ဒေသမီးလင်းရေးဆောင်ရွက်ပြီးစီးမှု ကျေးလက်ဒေသအိမ်ရာ ဓာတ်ပုံမှတ်တမ်းများ လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ဆောင်ရွက်ခဲ့

ထောင်စုနှစ်ရည်မှန်းချက်အရ ၂၀၁၅ ခုနှစ်တွင် မိမိတို့နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုကို ၂၆ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းသို့ ကျဆင်းအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြီးခဲ့သည့် နှစ်နှစ်ကျော် ကာလအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကို ဦးစားပေး လုပ်ငန်းတစ်ရပ်အဖြစ် ပြည်တွင်းပြည်ပမှ ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးပြီး လုပ်ငန်းစဉ် (၈)ရပ်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

စိုက်ပျိုးရေးနှင့်မွေးမြူရေးသည် အပြန်အလှန်အကျိုးပြုသည့် လုပ်ငန်းဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ဒွန်တွဲပြီး ပေါင်းစည်းလယ်ယာစနစ် (Integrated Farming) စနစ်ကို ထိထိရောက်ရောက်လုပ်နိုင်အောင် တိကျသည့် မူဝါဒများ ချမှတ်ပေးရမည်ဖြစ်ပါကြောင်း၊ တစ်ဖက်ကလည်း တစ်ဦးချင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်အောင် ချေးငွေမူဝါဒများလည်း ချမှတ်ပေးရန်လိုအပ်ပါကြောင်း၊ ပြည်သူများနှင့် တိုက်ရိုက် ထိတွေ့ဆောင်ရွက်ရန်အတွက် (Delivery Unit) များကိုလည်း ဖွဲ့စည်းထားပြီဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေသယံဇာတ၊ မြေသယံဇာတ၊ သစ်တောသယံဇာတ၊ သားငါးသယံဇာတများ မပျက်စီးအောင် ထိန်းသိမ်းရေးသည် အလွန်အရေးကြီးပါကြောင်း၊ သယံဇာတများကို စနစ်တကျ အသုံးမပြုဘဲ ဖျက်ဆီးသူသည် တိုင်းပြည်ကို ဖျက်ဆီးသူ ဖြစ်ပါကြောင်း၊ ဤအလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် သယံဇာတထိန်းသိမ်းရေး မူဝါဒများ၊ မဟာဗျူဟာ၊ နည်းဗျူဟာများကိုလည်း ချမှတ်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ကြည့်ရှုလေ့လာ

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်တက်ရောက်လာကြသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျေးလက်ဒေသမီးလင်းရေးဆောင်ရွက်ပြီးစီးမှု၊ ကျေးလက်ဒေသ အိမ်ရာတည်ဆောက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း သင်တန်းဖွင့်လှစ်မှုများ၊ လူထုအခြေပြုဖွံ့ဖြိုးရေး စီမံကိန်းဆိုင်ရာ မှတ်တမ်းများ၊ ကျေးလက်လမ်းတံတားလုပ်ငန်း၊ သောက်သုံးရေရရှိရေးဆောင်ရွက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံများနှင့် NGO အဖွဲ့အစည်းများ၏ ကျေးလက်ဖွံ့ဖြိုးရေး ဆောင်ရွက်ပေးမှုများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ် အများပိုင်ကုမ္ပဏီလီမိတက် ရုံးချုပ်ဖွင့်ပွဲကျင်းပ

မြစ်ကြီးနား နိုဝင်ဘာ ၁၈

ကချင်ပြည်နယ် အများပိုင်ကုမ္ပဏီလီမိတက်ရုံးချုပ်ဖွင့်ပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် ပြည်ထောင်စုလမ်းမကြီးဘေး အဆိုပါရုံးချုပ်ရှေ့၌ကျင်းပရာ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးခင်မောင်ထွန်း၊ အများပိုင်ကုမ္ပဏီဘုတ်အဖွဲ့ဥက္ကဋ္ဌ ဒေါ်ဂျာဆိုင်းခေါန်နှင့် အုပ်ချုပ်မှု ဒါရိုက်တာ ဦးကျော်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းက ရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ ကချင်ပြည်နယ်အများပိုင်ကုမ္ပဏီလီမိတက်ကို ရှယ်ယာဝင် ၃၇ ဦးနှင့်စတင်ဖွဲ့စည်းကာ ဇူလိုင် ၁ရက်မှစတင်၍ လုပ်ငန်းဆောင်ရွက်ခွင့် ရရှိခဲ့သည်။ အောက်တိုဘာ ၃၁ ရက်က ပြည်နယ်အစိုးရအဖွဲ့နှင့် အသေးစားရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချခွင့်လုပ်ငန်း နှစ်ခုကို စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး မြစ်ကြီးနားမြို့၏ စီးပွားရေးအချက်အချာကျသော နေရာများတွင် ဈေးများ၊ ကွန်ဒိုတိုက်ခန်းများ၊ ဟိုတယ်များ၊ စက်မှုဇုန်များ၊ BOT စနစ်ဖြင့် လမ်းဖောက်ခင်းခြင်းလုပ်ငန်းများ အပါအဝင် လုပ်ငန်းကြီး ၁၃ ခုကို ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် နယ်သာလန်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံဆွေးနွေး

ကျေးလက်မီးလင်းရေး၊ ပညာရေးနှင့် ကျေးလက်ဘဏ်စနစ်ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်လို

နေပြည်တော် နိုဝင်ဘာ ၁၈

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် နယ်သာလန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဝန်ကြီး H.E.Ms. Lilianne Ploumen ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။

ပြောကြား

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝမြင့်မားစေရေးအတွက် Focal Ministry အဖြစ် တာဝန်ယူလုပ်ကိုင်ဆောင်ရွက်နေပါကြောင်း၊ မိမိတို့နိုင်ငံ၏အသားကဏ္ဍ၊ ငါးကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းကုန်သွယ်ရေးစသည့် လုပ်ငန်းစဉ်များ၊ ကျေးလက်မီးလင်းရေး၊ ပညာရေးနှင့် ကျေးလက်ဘဏ်စနစ်ဖွံ့ဖြိုးရေးတို့အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးချုပ်ဆို၍ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လိုပါကြောင်းဖြင့် ပြောကြားသည်။

ရင်းနှီးမြှုပ်နှံလို

ယင်းနောက် ဧည့်သည်တော် နယ်သာလန်နိုင်ငံဝန်ကြီးက မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲတိုးတက်မှုများအား တွေ့ရှိနေရသဖြင့် စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် များစွာကူညီပေးသွားမည်ဖြစ်ကြောင်း၊ နယ်သာလန်နိုင်ငံအခြေစိုက် စီးပွားရေးကုမ္ပဏီကြီးများမှ ကိုယ်စားလှယ်များက မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကရင်းနှီးမြှုပ်နှံဆောင်ရွက်နေ၍ ဆန်တင်ပို့မှု အရည်အသွေးမြင့်မားရေးအတွက် ကူညီပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း၊ Friesland Campina ကုမ္ပဏီအနေဖြင့် အာဟာရပြည့်ဝသော နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပြီး မြန်မာနိုင်ငံတွင် လုပ်ငန်းများ ပိုမိုရင်းနှီးမြှုပ်နှံလိုပါကြောင်း။

နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် မွေးမြူထုတ်လုပ်သူများအား နည်းပညာသင်တန်းများ ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ ကျေးလက်နေတောင်သူများသည် လယ်မြေဧက အနည်းငယ်သာပိုင်ဆိုင်ကြသူများ ဖြစ်ကြသဖြင့် သီးထပ်၊ သီးညှပ်စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေ ပိုမိုရရှိရေး နည်းပညာကောင်းများ ပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးသီးနှံများအားလည်း သုတေသနပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသမီးလင်းရေးဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးပြီး ကျေးလက်နေကျောင်းသားလူငယ်များ ကျောင်းစာများ အချိန်ပြည့်လေ့လာကျက်မှတ်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမို

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တွေ့ဆုံပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေးသည် နိုဝင်ဘာ ၁၄ ရက် ညနေပိုင်းက ကလေးမြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ကလေး၊ တမူးနှင့် မော်လိုက်ခရိုင်တို့မှ စီမံခန့်ခွဲမှုကော်မတီများ၊ မြို့နယ်အထောက်အကူပြုကော်မတီများ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နိုဝင်ဘာ ၁၅ ရက်က စော်ဘွားရေရှင်၊ ပြောင်ဘုတ်၊ မော်လိုက် လမ်းခင်းနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

** ကျောဖုံးမှ*

နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။

ယင်းနောက် နှစ်နိုင်ငံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် မွန်ဂိုလီးယားသမ္မတတို့က နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအဆင့်မြင့်အရာရှိကြီးများ အပြန်အလှန်လည်ပတ်ရေး၊ ပြည်သူချင်းဆက်ဆံရေးတိုးမြှင့်ရေး၊ ခရီးသွားလုပ်ငန်းနှင့် သတ္တုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံ- မွန်ဂိုလီးယားဆက်ဆံရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ထို့ပြင် မွန်ဂိုလီးယားနိုင်ငံ၏ ၁၉၉၀ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများနှင့် နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအတွေ့အကြုံများ၊ သင်ခန်းစာများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ နှစ်နိုင်ငံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးလှထွန်း၊ ဦးဝင်းထွန်း၊ ဦးခင်ရီ၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကံဇော်၊ ဦးငွေးအောင်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဒေါက်တာအောင်မြတ်ဦး၊ မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မွန်ဂိုလီးယား သမ္မတနှင့်အတူ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ မွန်ဂိုလီးယားနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြသည်။

ယင်းနောက် လက်မှတ်ရေးထိုးပွဲကိုကျင်းပရာ နိုင်ငံတော်သမ္မတနှင့် မွန်ဂိုလီးယားသမ္မတတို့၏ ရှေ့မှောက်၌ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် မွန်ဂိုလီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာလို့ဆန်ဝန်ဒန်ဂင်ဘိုးလ်တို့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် မွန်ဂိုလီးယားနိုင်ငံတို့အကြား သံတမန်နှင့်အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မွန်ဂိုလီးယားသမ္မတအား နိုင်ငံတော်သမ္မတအိမ်တော်ရှိ ခန်းမဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဖျော်ဖြေတင်ဆက်ကြ

ဂုဏ်ပြုညစာစားပွဲတွင်နှစ်နိုင်ငံသမ္မတတို့သည် နှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး ဆုတောင်းပတ္ထနာပြုကြကာ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ အပြီးတွင် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာအကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂျ်ဇတ်ခ်ဟီးလ်ယာဒ်တို့ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်သမ္မတနှင့် မွန်ဂိုလီးယားသမ္မတတို့သည် ဖျော်ဖြေတင်ဆက်ကြသော အနုပညာရှင်များအား လက်ဆောင်ပန်းခြင်းများပေးအပ်ကြပြီး အနုပညာရှင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားနှင့် ပဒေသာကပွဲသို့ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာ-မွန်ဂိုလီးယား သံတမန်ဆက်သွယ်မှုကို ၁၉၅၆ ခုနှစ်တွင် စတင်ခဲ့ပြီးနောက် ယခုအကြိမ်သည် မွန်ဂိုလီးယားနိုင်ငံ အကြီးအကဲတစ်ဦး ပထမဆုံးအကြိမ်အဖြစ် လာရောက်လည်ပတ်ခြင်းဖြစ်သည်။

(သတင်းစဉ်)

မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂျ်ဇတ်ခ်ဟီးလ်ယာဒ် ဦးဆောင်သောအဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂျ် ဇတ်ခ်ဟီးလ်ယာဒ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိလာရာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး၊ မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ မွန်ဂိုလီးယားသံအမတ်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်သည်တော် မွန်ဂိုလီးယားသမ္မတအား ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အမျိုးသမီးငယ်လေးတစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်၍လည်းကောင်း၊ ဂုဏ်ပြုတပ်ဖွဲ့အလေးပြု၍ လည်းကောင်း၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်အဝင် လမ်းဘေး ဝဲ၊ ယာမှ ကျောင်းသား ကျောင်းသူလေးများက နှစ်နိုင်ငံအလံငယ်များကို ဝှေ့ယမ်း၍လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂျ် ဇတ်ခ်ဟီးလ်ယာဒ်အား ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

e-ပင်စင်စမတ်ကတ်ရေ လေးသိန်းကျော် မြန်မာ့စီးပွားရေးဘဏ်ကထုတ်ပေးပြီး မရရှိသေးသည့်ပင်စင်စားများ အမြန်လာရောက်ဆက်သွယ်ကြရန်နှိုးဆော်

နေပြည်တော် နိုဝင်ဘာ ၁၈

ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်သည် ပြည်သူဗဟိုပြု ဝန်ဆောင်မှုစနစ်နှင့်အညီ နယ်ပယ်ကဏ္ဍစုံတွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ e-ပင်စင်လုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ e-ပင်စင်လုပ်ငန်းစနစ်အရ ယခင်ကကဲ့သို့ ပင်စင်စားအနေဖြင့် ဘဏ်သို့ တစ်လအတွင်းနှစ်ခါ လာရောက်ရန် မလိုအပ်တော့ဘဲ မိမိအဆင်ပြေရာ ဘဏ်ဖွင့်ရက်တွင် e-ပင်စင် စမတ်ကတ်ကို ဘဏ်သို့လာရောက် တင်ပြရုံဖြင့် ပင်စင်လစာကို ချက်ချင်းထုတ်ယူရရှိနိုင်ပြီဖြစ်သည်။ မိမိကိုယ်တိုင် ဘဏ်သို့မလာရောက်နိုင်ပါကလည်း စမတ်ကတ်ဖြင့် ကိုယ်စားလှယ်လွှဲအပ်၍ ပင်စင်လစာထုတ်ယူနိုင်သဖြင့် ပင်စင်စားများ နှစ်သက်သဘောကျကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတွင် လက်ရှိပင်စင်စားဦးရေ ၆၀၀၄၅၈ ဦးရှိသည့်အနက် e-ပင်စင်စမတ်ကတ်လျှောက်ထားပြီးသူ ဦးရေမှာ ၄၇၁၃၆၅ ဦးဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်မှ e-ပင်စင်စမတ်ကတ်ထုတ်ပေးပြီး ဦးရေမှာ ၄၀၄၀၁၂ ဦးရှိပြီဖြစ်သည်။ သို့ရာတွင် ဘဏ်ခွဲအသီးသီး၌ e-ပင်စင်စမတ်ကတ် လာရောက်ထုတ်ယူသူဦးရေမှာ ၃၀၅၉၅၆ ဦးဖြစ်သဖြင့် e-ပင်စင်ကတ်ထုတ်ယူရန် ကျန်ရှိနေသော ပင်စင်စား ၉၈၀၅၆ ဦးအနေဖြင့် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများသို့ အမြန်ဆုံး ဆက်သွယ်ထုတ်ယူကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(သတင်းစဉ်)

နန့်လင်းပါစစ်ဘေးရှောင်စခန်းအတွက် သွေးချင်းညီအစ်ကိုများအဖွဲ့က ကူညီ

ဗန်းမော် နိုဝင်ဘာ ၁၈

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် မုန်းတိန်ပါကျေးရွာနှင့် နန့်လင်းပါကျေးရွာများရှိ စစ်ရှောင်ဒုက္ခသည်စခန်းများသို့ ဗန်းမော်ရောက် သွေးချင်းညီအစ်ကိုများဖြစ်ကြသော ချင်း၊ ကချင်၊ ရှမ်း၊ ကရင်အစရှိသော လူမျိုးစု တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းအဖွဲ့ခေါင်းဆောင်များ၊ မန်စီမြို့ ကက်သလစ်ဘုန်းတော်ကြီးနှင့် လူမှုကူညီရေး အသင်းအဖွဲ့များ၊ ကရုဏာဖောင်ဒေးရှင်း (ဗန်းမော်) အဖွဲ့တို့အပါအဝင် ပူးပေါင်းအဖွဲ့စုစုပေါင်း ၄၅ ဦးသည် လူစီးကားငါးစီး၊ စားနပ်ရိက္ခာတင်ကားငါးစီးတို့ဖြင့် "သွေးချင်းညီအစ်ကိုများကူညီရေး" ဟုဆိုသည့် ခေါင်းစည်းစာတန်းနှင့် ဗန်းမော်မြို့မှ နိုဝင်ဘာ ၁၅ ရက်က စတင်ထွက်ခွာသွားရာ နှစ်ညအိပ်သုံးရက်ခရီးစဉ်အပြီးတွင် ဗန်းမော်မြို့သို့ ယနေ့ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

ပထမဆုံးသွားရောက်

အဆိုပါအဖွဲ့သည် လက်နက်ကိုင်ပဋိပက္ခများအတွင်း စားဝတ်နေရေး အခက်အခဲဖြစ်နေသော နန့်လင်းပါ စစ်ဘေးရှောင်စခန်းသို့ အခက်အခဲများကို ဖွဲ့ရှိရှိဖြင့် ပထမဆုံးသွားရောက်ခဲ့သော အဖွဲ့ဖြစ်သည်။

ယင်းစစ်ဘေးရှောင် စခန်းတွင် ဒုက္ခသည် ၂၀၀၀ ခန့်ရှိရာ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်တချို့ တစ်ဝက်သည် မန်စီမြို့နှင့်ဗန်းမော်မြို့ IDP စခန်းများတွင် ပြန်လည်ခိုလှုံရန် အဖွဲ့၏အပြန်ခရီးစဉ်တွင် ပါလာခဲ့ကြသည်။

ဆလိုင်းယောဇဉ်(ဗန်းမော်)

သွေးချင်းညီအစ်ကိုများ ကူညီမှုယာဉ်တန်းကို တွေ့ရစဉ်။

ဝန်ထမ်းများအနေဖြင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကြီး အောင်မြင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၈

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ၁၂ ရက်ကြာဆောင်ရွက်မည်ဖြစ်ရာ အချိန်ကာလ လေးလခန့်သာလိုတော့ကြောင်း၊ ယင်းလုပ်ငန်းကြီးအောင်မြင်ရေးအတွက် လုပ်ငန်းစဉ်(၄)ရပ် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်တွင် အဓိကအရေးကြီးသည့် မြေပုံရေးဆွဲခြင်းလုပ်ငန်းနှင့် ကောက်ကွက်မြေပုံရေးဆွဲခြင်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုနှစ်၂၀၁၃ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းမှ ရရှိသည့် လုပ်ငန်းအတွေ့အကြုံနှင့် အခက်အခဲများကို ပြန်လည်သုံးသပ်၍ ပြည်လုံးကျွတ်အဆင့်တွင် အောင်မြင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖွင့်လှစ်သည့် သင်တန်းသည် သန်းခေါင်စာရင်း ကော်မတီအဆင့်ဆင့်တွင် အတွင်းရေးမှူးတာဝန်ယူကြရသည့် မိမိတို့ဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးများအား သန်းခေါင်စာရင်းဆိုင်ရာလုပ်ငန်းစဉ်များအပေါ် သိရှိနားလည်ပြီး ကော်မတီအဆင့်ဆင့်၏ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သန်းခေါင်စာရင်းဆိုင်ရာအထောက်အကူပြုအဖွဲ့များအား ပြန်လည်ရှင်းလင်းချပြနိုင်ရေးနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်းဖြင့် ယနေ့ နံနက် ၉ နာရီတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သန်းခေါင်စာရင်းဆိုင်ရာအုပ်ချုပ်မှု မွမ်းမံသင်တန်းအမှတ်စဉ် (၅/၂၀၁၃) သင်တန်းဖွင့်ပွဲတွင် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ကြိုးပမ်းဆောင်ရွက်

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက သင်တန်းမှ ပို့ချချက်များသည် သန်းခေါင်စာရင်းဆိုင်ရာ ယေဘုယျ စာတွေ့ပို့ချချက်များဖြစ်၍ ယင်းပို့ချချက်များအပေါ် အခြေခံကာ မိမိကောက်ယူဆောင်ရွက်ရမည့် ဒေသဆိုင်ရာအခြေအနေများနှင့် ကိုက်ညီအောင် ထိုးထွင်းကြံဆ၍ ဆက်စပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်အပေါ် ပြည်သူများသိရှိနားလည်ပြီး လိုက်ပါပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း ကော်မတီဝင်များအနေဖြင့် စီစဉ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဌာနဝန်ထမ်းများအနေဖြင့် သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်ကြီးအောင်မြင်ရေးအတွက် စိတ်ဓာတ်ခွန်အားများ အပြည့်အဝထည့်သွင်းကာ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ယင်းလုပ်ငန်းစဉ်ကြီးအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ပြည်သူတစ်ရပ်လုံးနှင့်အတူ ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့်လည်း ပြောကြားသည်။

ဖွင့်လှစ်လျက်ရှိ

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် ဦးဝင်းမြင့်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးနှင့် သင်တန်းသား ၆၈ ဦးတို့ တက်ရောက်ကြသည်။ အဆိုပါ သင်တန်းများကို အောက်တိုဘာလမှ စတင်ဖွင့်လှစ်ခဲ့ကြောင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများအားလုံး တက်ရောက်နိုင်ရေး စဉ်ဆက်မပြတ် ဖွင့်လှစ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရိပ်လည်းရ
ဝန်းကျင်လှ
သစ်ပင်စိုက်ပျိုးကြ

ပြည်တွင်းသတင်း

လွတ်လပ်ပြီး အနှောင်အဖွဲ့ကင်းသော၊ ပြည်သူ့အကျိုးစီးပွားဖော်ဆောင်မြှင့်တင်ပေးမည့် ပြည်သူ့ဝန်ဆောင်မှုမီဒီယာ

အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းကို မေလ ၂၀ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြပေးခဲ့သည်။ အများပြည်သူဝန်ဆောင်မှုမီဒီယာဟုဆိုရာတွင် ''အများပြည်သူဝန်ဆောင်မှုသတင်းစာလုပ်ငန်း'' နှင့် ''အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်း''တို့ ပါဝင်သည်။

မြန်မာ့အလင်းစာတည်းအဖွဲ့

လက်ရှိအခြေအနေတွင် နိုင်ငံတော်ပိုင်မီဒီယာများဖြစ်သည့် နေ့စဉ်ထုတ် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့သည် အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်သည့်အချိန်တွင် လွတ်လပ်ပြီးအနှောင်အဖွဲ့ကင်းသော၊ ပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အကျိုးစီးပွားများကို ဖော်ဆောင်မြှင့်တင်ပေးနိုင်သော ပြည်သူ့ဝန်ဆောင်မှုမီဒီယာများ ဖြစ်လာပေလိမ့်မည်။

အများပြည်သူဝန်ဆောင်မှုမီဒီယာ (Public Service Media) များမှာ ရေရှည်ရပ်တည်နိုင်ရေးအတွက် သတ်မှတ်ထားသည့်ဝင်ငွေရရှိရေးမှတစ်ပါး အကျိုးအမြတ်ကို အဓိကမထားဘဲ ဝန်ဆောင်မှုကိုအဓိကထားသည့် မူပေါ်တွင် ရပ်တည်မည်ဖြစ်ရာ Commercial Media များနှင့် မတူကွဲပြားသည့် မီဒီယာများအဖြစ် တွေ့မြင်နိုင်ကြမည်ဖြစ်သည်။

အထက်ဖော်ပြပါအတိုင်း အများပြည်သူဝန်ဆောင်မှုမီဒီယာများနှင့်ပတ်သက်၍ ပြည်သူများ၏ ဆန္ဒသဘောထား၊ ထင်မြင်ယူဆချက်၊ မျှော်လင့်ချက်နှင့် လက်ရှိနိုင်ငံပိုင်မီဒီယာများအပေါ် သုံးသပ်ချက်တို့ကို ယေဘုယျသဘော သိရှိနိုင်ရန်အတွက် နိုဝင်ဘာလ ပထမရက်သတ္တပတ်အတွင်း၊ ရာသီဥတုသာယာသော နေ့လယ်ခင်း၊ အေးချမ်းဆိတ်ငြိမ်သော တပ်ကုန်းမြို့၊အောင်ဇေယျရပ်ကွက်အတွင်း၊ သာယာအေးမြသည့် ဥယျာဉ်ခြံဝင်းတစ်ခုတွင် မြန်မာ့အလင်းနှင့် မြို့ခံဒေသခံပုဂ္ဂိုလ်တို့ စကားဝိုင်းဆွေးနွေးပွဲတစ်ခုကို ပွင့်ပွင့်လင်းလင်းရင်းရင်းနှီးနှီးဆွေးနွေးဖြစ်ခဲ့ရာ. . .။

ဦးစိုးတင့်သိန်း(လက်ထောက်ကထိက)
သမဝါယမဒီဂရီကောလိပ်

ဦးစိုးတင့်သိန်း(လက်ထောက်ကထိက)
သမဝါယမဒီဂရီကောလိပ်

ကျွန်တော့်အနေနဲ့ သတင်းစာတွေကို တစိုက်မတ်မတ်ဖတ်ရှုဖြစ်ခဲ့တာ စာဖတ်တတ်စအရွယ်ကတည်းကပါ။ လက်ရှိနိုင်ငံပိုင်သတင်းစာတွေကို အများပြည်သူဝန်ဆောင်မှုမီဒီယာအဖြစ် ကူးပြောင်းမယ်ဆိုတာ ကျွန်တော်တို့ မျှော်လင့်နေတဲ့အခြေအနေဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ကိုယ်ပိုင်သဘောဆန္ဒအနေနဲ့ပြောရရင် ယနေ့ထွက်သမျှ၊ ဖတ်ရသမျှ သတင်းစာတွေနဲ့တင် ကျွန်တော်တို့အတွက် သတင်းအချက်အလက် မလုံလောက်ပါဘူး။ အကြောင်းအရာတစ်ခုကို ချပြပြီး ပြောကြ၊ ဆိုကြမယ်။ နောက်ဆုံး ဒီအပေါ်မှာ မှန်မှန်ကန်ကန် ထုတ်ဖော်ပြသနိုင်တဲ့အနေအထားက ဒီကနေ့နာမည်အရဆုံးပါဆိုတဲ့ မီဒီယာမျိုးကတောင် မဆောင်ရွက်ပေးနိုင်ပါဘူး။ မှန်တာတွေရှိသလို ဇောင်းပေးရေးထားတဲ့အချက်တွေရှိနေပါတယ်။ ကျွန်တော်တို့ငယ်စဉ်ကတည်းက အစဉ်တစိုက်ဖတ်ရှုလာတဲ့ နိုင်ငံပိုင်မြန်မာ့အလင်းတို့၊ ကြေးမုံတို့တွေ သူတို့ရဲ့ အရှိန်အဟုန်၊ သူတို့တည်ဆောက်ခဲ့တဲ့ ခေတ်အဆက်ဆက်၊ ဒီသတင်းစာတိုက်တွေက လက်ရှိအသွင်သဏ္ဌာန် အနှစ်သာရ ပြောင်းလဲလာအောင် လုပ်နေတဲ့အခြေအနေတွေ အဲဒီကနေပြီး ပြည်သူ့ဘဝ၊ ပြည်သူရဲ့ အမြင်အတွေးနဲ့ ပြည်သူ့အတွက် ထင်ဟပ်ပြသမယ့်အခြေအနေမျိုးကို PSM မှာ ကျွန်တော်တို့တွေ့ရမယ်ဆိုရင် အလွန်ဝမ်းမြောက်ရမှာပါ။ နိုင်ငံပိုင်အဖြစ်ကနေ ပြည်သူ့ဝန်ဆောင်မှုအနေအထား ဖြစ်လာမှာကို ကျွန်တော်တို့ ပြည်သူတွေကျေကျေနပ်နပ်နဲ့ လက်ကမ်းကြိုဆိုပါတယ်။ ပိုလည်း နှစ်ထောင်းအားရဖြစ်မိပါတယ်။

ပြည်သူ့ဝန်ဆောင်တဲ့ ဥပမာပြောရရင် မြန်မာ့အလင်းမှာဆိုရင် ထင်သာမြင်သာဆိုတဲ့ ကဏ္ဍလေးတစ်ခုပါတယ်။ ဥပမာ-ရေလျှံနေတာ၊ အမှိုက်ပုံမသိမ်းတာ၊ စည်းကမ်းမဲ့တာ စသည်ဖြင့် ပြုပြင်ဖို့လိုအပ်နေတဲ့ကိစ္စတွေ ဖော်ပြပေးပါတယ်။ အဲဒီ ထင်သာမြင်သာထဲမှာပါပြီး သိပ်မကြာလိုက်ဘူး။ ပြန်ကောင်းသွားတာမျိုး၊ ပြည်သူလူထု သာယာချမ်းမြေ့သွားစေတဲ့ အခြေအနေရလာစေတာဟာ အလွန်ကောင်းတဲ့ အစီအစဉ်ဖြစ်ပါတယ်။ PSM ဖြစ်လာမယ်ဆိုရင် ဒီထက်ပိုပြီး ပွင့်လင်းမြင်သာလာမယ်။ သတင်းအချက်အလက်တွေအနေနဲ့လည်း တိကျခိုင်မာမှု၊ ဘက်မလိုက်မှုတွေကြောင့် သတင်းစာကို ပိုပြီးယုံကြည်တာကတော့ အသေအချာပါပဲ။ ဝန်ဆောင်မှုမီဒီယာအနေနဲ့လည်း ကျွန်တော်တို့က အားထားတယ်။ ဒါကြောင့် နိုင်ငံပိုင်ကနေ ပြည်သူ့ဝန်ဆောင်မှုမီဒီယာ PSM ကို ပြောင်းမယ်ဆိုတာ ကျွန်တော်တို့အနေနဲ့ Welcome ပါ။

မြန်မာ့အလင်း ။ ။ ကျွန်တော်တို့ နိုင်ငံပိုင်သတင်းစာတွေကို အများပြည်သူတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအကျိုးစီးပွားတွေကို ဖော်ဆောင်မြှင့်တင်ပေးဖို့အတွက် လွတ်လပ်ပြီး အနှောင်အဖွဲ့ကင်းတဲ့ မီဒီယာတွေအဖြစ်ပြောင်းလဲသွားဖို့ ရည်ရွယ်ပြီး ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ နည်းပညာပိုင်းဆိုင်ရာအကြံဉာဏ်နဲ့ အကူအညီပေးဖို့ မီဒီယာကောင်စီ၊ အနီးကပ်ကြီးကြပ်၊ လမ်းညွှန်ဆွေးနွေးအကြံပေးမယ့် အုပ်ချုပ်ရေးအဖွဲ့ (Governing Body) စသည်တို့ ရှိနေမှာဖြစ်ပါတယ်။ တကယ်တော့ အနာဂတ်မှာ အများပြည်သူဝန်ဆောင်မှုမီဒီယာရှိသင့် မရှိသင့်နဲ့ပတ်သက်ပြီး ပြည်သူက ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ သတင်းစာဆိုတာ ဘယ်အစိုးရတက်တက် အစိုးရနဲ့ ပြည်သူကြားမှာ ပေါင်းကူးပေးနေတာပါ။ ဒီအပေါ်မှာ ဆရာဦးတင်လှကလည်း ဆွေးနွေးပေးပါဦး။

ဦးတင်လှ(မြို့နယ်သတင်းထောက်)

ကြေးမုံနဲ့ မြန်မာ့အလင်းထွက်နေတာ ပြည်သူ့အကျိုးစီးပွားအတွက်ဆိုတာ ယုံကြည်တယ်။ ကျွန်တော်တို့ မြို့နယ်သတင်းထောက်တွေကို ဟိုရက်က ကျင့်ဝတ်ဆိုင်ရာ သင်တန်းခေါ်ပေးတယ်။ တစ်ပါးသူကို မထိခိုက်စေနဲ့။ ပြည်သူကို အကျိုးပြုစေတဲ့ အထောက်အကူပြုစေတဲ့ သတင်းမျိုးတွေကို ရေးကြဖို့တိုက်တွန်းတယ်။ အများကို ကိုယ်စားပြုဖို့ မြို့နယ်သတင်းထောက်တွေကို ပြောတယ်။

အဲဒီလို ကျင့်ဝတ်စံနှုန်းတွေနဲ့အညီ ရေးသားကြမယ်၊ အယ်ဒီတာတွေရဲ့ လွတ်လပ်တဲ့ ဆုံးဖြတ်ချက်နဲ့ရွေးချယ်မယ် စသည်ဖြင့် ကျွန်တော်တို့သွားရာလမ်းကြောင်းက ဖြောင့်ဖြူးပါတယ်။ မီဒီယာရဲ့လွတ်လပ်ခွင့်ကို ကျွန်တော်တို့ အပြည့်အဝရလာတဲ့အခြေအနေမှာ သတင်းစာတွေအနေနဲ့ ပြည်သူကို ဘယ်လိုအကျိုးပြုမလဲဆိုတာ စဉ်းစားပြီးလုပ်ကြရမှာပါ။

ဦးတင်လှ(မြို့နယ်သတင်းထောက်)

ဥပမာပြောရရင် ကျေးရွာတွေကို သတင်းစာတွေက နှံ့နှံ့စပ်စပ်မရောက်သေးဘူးလေ။ မနည်းကြိုးစားနေရတယ်။ ပြည်နယ်တွေက တိုင်းရင်းသားတွေ သူတို့ဘာသာတွေနဲ့ ပြန်ရိုက်နှိပ်နိုင်အောင် ဆောင်ရွက်ရမယ်လို့ PSM မှာပါတယ်။ နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းသော ကျေးလက်ပြည်သူတွေအတွက်လည်း စဉ်းစားပေးရမယ်။ ဒီမိုကရေစီနိုင်ငံမှာ လူတိုင်းစာဖတ်ပြီး အသိဉာဏ်ကြွယ်ဝသူတွေ တိုးပွားလာမှ သူတစ်ပါးလိမ်ညာလှည့်ဖြားမှုကို မခံရမှာ။ သတင်းကောင်းရင်၊ ပြည်သူအကျိုးပြုသတင်းဖြစ်မယ်ဆိုရင် ထည့်မယ်၊ ဖော်ပြမယ်။ သူတစ်ဖက်သားရဲ့ အခွင့်အရေးတိုင်းကို လေးစားမယ်။ ဘယ်သူသေသေ ငတေမာပြီးရောပုံစံနဲ့ မရေးဘူး။ ဒီကနေ့ နိုင်ငံပိုင်သတင်းစာတွေ စောင်ရေမကျဘူး။ တိုးတက်နေတယ်။ ဒါကလည်း ပြည်သူတွေရဲ့ရွေးချယ်မှုပါ။ ကျွန်တော်က PSM ဖြစ်လာမှာကို မျှော်လင့်ပါတယ်။ ပြည်သူကို အကျိုးပြုတယ်။ အကျိုးအမြတ်က ပြည်သူရမှာ။ ဥပမာ-မြန်မာ့ရုပ်မြင်သံကြားမှာ မသန်စွမ်းသူများကဏ္ဍပါတယ်။ လက္ခဏာနဲ့ ပြောတယ်။ သူတို့အတွက်ကိုတောင်စဉ်းစားပြီး တင်ပြနိုင်အောင် ကြိုးပမ်းနေတယ်။ ဒါကြောင့် PSM ဆိုတာ ရှိသင့်တယ်။ လိုအပ်တယ်။ ဖြစ်လာဖို့လည်း မျှော်လင့်ပါတယ်။ အခု နိုင်ငံပိုင်သတင်းစာတွေက ရှေ့ပြေးအဆင့်ပဲရှိသေးတာ။ နောက်ပိုင်း ပိုပြီးပီပီပြင်ပြင်ဖြစ်လာမယ် ထင်ပါတယ်။ လက်ရှိအခြေအနေမှာ လိုအပ်ချက်တွေရှိနေသေးပေမယ့် ပြောင်းလဲလာတာတော့ အမှန်ပါပဲ။

မြန်မာ့အလင်း ။ ။ ဆရာဦးမင်းသိန်းကရော ဆရာ့ရဲ့ သဘောထားအမြင်လေး ဖြည့်စွက်ပေးပါဦး။

ဦးမင်းသိန်း (ကျောင်းဆရာ) အထက-၉၊ ကပစ(၁) တပ်ကုန်း

ကျွန်တော့်သဘောဆန္ဒကလည်း ခုနက ဆရာဦးစိုးတင့်သိန်းရဲ့ သဘောဆန္ဒနဲ့တစ်ထပ်တည်းပါပဲ။ ကျွန်တော်တို့ကျောင်းမှာတော့ နိုင်ငံပိုင်သတင်းစာနှစ်စောင် အမြဲယူပြီး ကျောင်းဆရာ ဆရာမတွေလည်း ဖတ်ရှုပါတယ်။ စာကြည့်တိုက်မှာလည်း ကျောင်းသား ကျောင်းသူတွေကို ဖတ်ရှုစေပါတယ်။ အပြင်က ဂျာနယ်တွေ၊ စာစောင်တွေနဲ့ ပုဂ္ဂလိကသတင်းစာတွေကိုလည်း အလှူခံပြီး ထားရှိဖတ်ရှုစေပါတယ်။ ကျွန်တော်တို့အနေနဲ့က နိုင်ငံပိုင်သတင်းစာတွေကို အများပြည်သူဝန်ဆောင်မှုမီဒီယာ PSM အဖြစ် ပြောင်းလဲမှာကို ကြိုဆိုပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

ဦးမင်းသိန်း(ကျောင်းဆရာ)
အထက-၉၊ ကပစ(၁) တပ်ကုန်း

PSM ဖြစ်လာမယ်ဆိုရင် ဒီထက်ပိုပြီး ပွင့်လင်းမြင်သာလာမယ်။ သတင်းအချက်အလက်တွေအနေနဲ့လည်း တိကျခိုင်မာမှု၊ ဘက်မလိုက်မှုတွေကြောင့် သတင်းစာကို ပိုပြီးယုံကြည်တာကတော့ အသေအချာပါပဲ။ ဝန်ဆောင်မှုမီဒီယာအနေနဲ့လည်း ကျွန်တော်တို့က အားထားတယ်။ ဒါကြောင့် နိုင်ငံပိုင်ကနေ ပြည်သူ့ဝန်ဆောင်မှုမီဒီယာ PSM ကို ပြောင်းမယ်ဆိုတာ ကျွန်တော်တို့အနေနဲ့ Welcome ပါ။

အိမ်ထောင်ရေးမိတ်ဆက်ပေးခြင်းကြေညာစာဖြန့်ဝေမှု နယ်စပ်ဆက်ဆံရေးရုံး အပြန်အလှန် ပူးပေါင်းဖော်ထုတ်

မူဆယ် နိုဝင်ဘာ ၁၈

မြန်မာ-တရုတ်နယ်စပ် နန်းတော်စစ်ဆေးရေးဂိတ်အနီးတွင် နိုဝင်ဘာ ၁၁ ရက်က အိမ်ထောင်ရေးမိတ်ဆက်ပေးခြင်း ကြေညာစာနှစ်မျိုးဖြန့်ဝေနေကြောင်း သတင်းရရှိသဖြင့် မူဆယ် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည် စုံစမ်းမှုများပြုလုပ်ကာ နိုဝင်ဘာ ၁၂ ရက်တွင် နယ်စပ်ဆက်ဆံရေးရုံး အပြန်အလှန် ပူးပေါင်းသည့် လုပ်ငန်းစဉ် (Border Liaison Office Mechanism, BLO Mechanism)အရ တရုတ်နိုင်ငံ ကျယ်ဂေါင်ရဲစခန်းမှူးနှင့် ပူးပေါင်းဖော်ထုတ်ရန် တွေ့ဆုံခဲ့ကြသည်။

ကျယ်ဂေါင်ရဲစခန်းမှူးက ယင်းလက်ကမ်းစာစောင်များသည် တရားမဝင်ကြောင်း၊ တွေ့ရှိက ကူညီဖမ်းဆီးပေးမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။ တရုတ်နိုင်ငံ ရွှေလီမြို့ရှိ လူကုန်ကူးမှုတားဆီးရေး တရုတ်ရဲတပ်ဖွဲ့သို့ ဆက်သွယ်မေးမြန်းရာ တရုတ်နိုင်ငံတွင် အိမ်ထောင်ရေး မိတ်ဆက်ပေးသည့်လုပ်ငန်း တရားဝင်လုပ်ကိုင်မှုများရှိကြောင်း ပြန်လည်ပြောကြားသည်။

လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု(မူဆယ်)မှ တပ်ဖွဲ့ဝင်များသည် ရွှေလီမြို့ လူကုန်ကူးမှုတားဆီးရေး ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ရွှေလီအုပ်ချုပ်ရေးဌာန၊ လုပ်ငန်းလိုင်စင်ချထားပေးရေးဌာနမှ တာဝန်ရှိသူနှစ်ဦးနှင့် တွေ့ဆုံခဲ့သည်။ ထို့အပြင် အိမ်ထောင်ရေးမိတ်ဆက်ပေးခြင်း လုပ်ငန်းနေရာသို့ သွားရောက်ခဲ့ကြသည်။

ထိုလုပ်ငန်းလုပ်ကိုင်သူ တရုတ်အမျိုးသား လိပင်းယိအား မေးမြန်းရာ ၄င်းက ရွှေလီအုပ်ချုပ်ရေးဌာန၊ လုပ်ငန်းလိုင်စင် ချထားပေးရေးဌာနသို့ တရားဝင်လျှောက်ထား လုပ်ကိုင်နေခြင်းဖြစ်ကြောင်း၊ ထိုလုပ်ငန်းကို ပေကျင်းမြို့နှင့် ဖူးကျန့်ပြည်နယ် (ထိုင်ဝမ်နှင့်အနီးဆုံးပြည်နယ်) တွင်လုပ်ကိုင်ခဲ့ဖူးကြောင်း၊ အောက်တိုဘာလမှစတင်ကာ ရွှေလီတွင် လုပ်ငန်းလိုင်စင်ရယူပြီး ဆောင်ရွက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံတွင် အမျိုးသမီးနှင့် အမျိုးသားများကို အိမ်ထောင်ပြုရန် အောင်သွယ်ပေးသည့်လုပ်ငန်း တရားဝင်လုပ်ကိုင်ခွင့်ရှိကြောင်းဖြင့် ပြောကြားကြောင်း သိရသည်။

လုပ်ငန်းလိုင်စင်ချထားပေးသည့်ဌာနမှတာဝန်ရှိသူက မြန်မာစာသား ထည့်သွင်းဆောင်ရွက်ခွင့် မပေးထားကြောင်း၊ အိမ်ထောင်ပြုရန် အောင်သွယ်ပေးသည့်လုပ်ငန်းကို တရုတ်နိုင်ငံသားများအတွက်သာ ဆောင်ရွက်ခွင့်ရှိကြောင်း၊ မြန်မာနိုင်ငံသားများ မပါဝင်ကြောင်း၊ လက်ကမ်းစာစောင်တွင် မြန်မာစာသားများ ထည့်သွင်းထားခြင်းမှာ လိုင်စင်စည်းကမ်းနှင့် ညီညွတ်မှုမရှိသည့်အတွက် လိုင်စင်ပိတ်သိမ်းနိုင်ကြောင်း သတိပေးပြောကြားသည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(မူဆယ်) တပ်ဖွဲ့ဝင်များနှင့် ရွှေလီမှုခင်းတပ်ဖွဲ့မှူးတို့ နောက်ဆုံးဆွေးနွေးအပြီးတွင် ထိုလုပ်ငန်းကို ပိတ်သိမ်းကာ လုပ်ကိုင်သူအား ရွှေလီမြို့တွင် မလုပ်ကိုင်စေတော့ဘဲ ပြန်လည်ထွက်ခွာသွားရန် ညွှန်ကြားခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ထံမှ သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

လူကုန်ကူးမှုတိုက်ဖျက်ရေး
လူတိုင်းကိုယ်စီ သတင်းပေး

ပြည်ပထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၁၈

ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် (၄၈)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေးသို့ တက်ရောက်ရန် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခချုပ် ဦးကျော်ဦး ခေါင်းဆောင်၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး(ရုပ်မြင်/အင်္ဂလိပ်) ဦးဝင်းကြည်တို့သည် နိုဝင်ဘာ ၁၇ ရက် ညနေပိုင်းက ထွက်ခွာသွားရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၈

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် မန္တလေးတိုင်းဒေသကြီးအစိုးရ၏ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံနှင့်အတူ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ခန်းမ၌ ကျင်းပပြုလုပ်သော ကုန်သွယ်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ရှင်းလင်းပြောကြား

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကုန်သွယ်မှုကဏ္ဍ တိုးတက်စေရန် အပြောက်အမြား ပြုလုပ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ လိုင်စင်မလိုဘဲ တင်သွင်း၊ တင်ပို့နိုင်သောစနစ် ကျင့်သုံးနေပြီဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးမှုလည်း တိုးချဲ့တင်ပို့၊ တင်သွင်းနိုင်သောစနစ် ကျင့်သုံးနေပြီဖြစ်ကြောင်း၊ နယ်စပ်များတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများအား အလွယ်တကူ ကုန်သွယ်နိုင်ရန် Individual Trading Card(ITC) များဖြင့် ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးနေကြောင်း၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် ကုန်စည်အချို့ HS Line (၁၉၂၈)တွင် လိုင်စင်လျှောက်ထားရန်မလိုဘဲ ကုန်သွယ်ခွင့်ပြုထားပါကြောင်း၊ နိုင်ငံတော်သမ္မတလမ်းညွှန်ထားသည့် ပို့ကုန်တန်ဖိုးတိုးတက်ရေးနှင့် တန်ဖိုးမြှင့်ပို့ကုန် (Value-added Export) ပိုမိုထုတ်လုပ်တင်ပို့နိုင်ရေး အလေးထားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ မကြာမီ ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း ထူထောင်တော့မှာဖြစ်သည့်အတွက် ကုန်သွယ်မှု ယခုထက် များစွာတိုးတက်လာမှာဖြစ်ကြောင်း၊ လုပ်ငန်းရှင်တိုင်းမှ ပို့ကုန်လုပ်ငန်းများကိုယ်တိုင် လုပ်ကိုင်နိုင်အောင် ကြိုးစားရမှာဖြစ်သည့်အတွက် ပံ့ပိုးမှုအကူအညီများ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အကြံပြုတင်ပြ

ဆွေးနွေးပွဲသို့ တက်ရောက်လာသော အသင်းအဖွဲ့ကိုယ်စားလှယ်များ၊ ကုန်စည်ဒိုင်များမှ ကိုယ်စားလှယ်များက လက်ရှိဆောင်ရွက်နေသော အတွေ့အကြုံအရ အခက်အခဲများ၊ ပြုပြင်ဆောင်ရွက်သွားရမည့် လိုအပ်ချက်များကို အကြံပြုတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသော တာဝန်ရှိသူများက တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်ကျိပ်ရှစ်ဆူ ဒေသစာရီပူဇော်ပွဲ ဆုရအဖွဲ့များအား ဆုချီးမြှင့်

တောင်ငူ နိုဝင်ဘာ ၁၈

တောင်ငူမြို့ (၆)ရပ်ကွက်ရှိ ကေလဇာတီဘုရား၌ ကိန်းဝပ်တော်မူသော နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်း ဒေသစာရီလှည့်လည်ပူဇော်ပွဲတွင် ဆုရရှိကြသည့် ရပ်ကွက်ကိုယ်စားပြုအဖွဲ့များအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

လှည့်လည် အပူဇော်ခံပွဲတွင် ပထမရရှိသည့် (၁၄)ရပ်ကွက် ကိုယ်စားပြု ဘုရားအတွက် ဆုငွေကျပ်သိန်း ၅၀နှင့် ငွေဖလားကို ကျင်းပရေးဗဟိုကော်မတီနာယက C.B ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အဖွဲ့ခေါင်းဆောင် ဒေါက်တာဘဆွေကိုလည်းကောင်း **(အောက်ဝဲပုံ)**၊ ဒုတိယဆုရရှိသည့် (၁၁)ရပ်ကွက်အဖွဲ့ ကိုယ်စားပြု ကျပ်သိန်း ၃၀ ကို အဖွဲ့ခေါင်းဆောင် ဦးမြင့်သူ ကိုလည်းကောင်း၊ တတိယ ဆုရရှိသည့် (၁၇) ရပ်ကွက်အဖွဲ့ ကိုယ်စားပြု ကျပ်သိန်း ၂၀ကို အဖွဲ့ ခေါင်းဆောင် ဦးအောင်မှတ် ကိုလည်းကောင်း၊ နှစ်သိမ့်ဆုရရှိကြသည့် ဟိန္ဒူအမျိုးသားများအဖွဲ့၊ အုတ်တွင်း ကြယ်နီဆေးလိပ်ခုံအဖွဲ့၊ ရပ်ကွက်(၂)၊ (၁၃)နှင့် (၂၃)ရပ်ကွက် စုစုပေါင်း ငါးရပ်ကွက်အတွက် ဘုရားတစ်ဆူလျှင် ကျပ် ၁၀ သိန်းစီဖြင့် ကျပ်သိန်း ၅၀ ကို သက်ဆိုင်ရာ အဖွဲ့ခေါင်းဆောင်များကို ကေတုမတီ(တောင်ငူ)မြို့တည် နန်းတည် (၅၀၃) နှစ်မြောက် ကျင်းပရေးဦးစီးကော်မတီက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(၁၁၅)**

အရှေ့ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ရန်ကုန်တိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ပူတာအိုမြို့တွင် ၇ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကိုကိုးကျွန်းမြို့တွင် ၅ ဒသမ ၀၀ လက်မနှင့် နေပြည်တော်(လေဆိပ်)တွင် ၀ ဒသမ ၈၃ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

အဆင့်မြင့်သယံနီးကျွန်း ဈေးသစ်ကြီး။

❀ **ရွှေဖုံးမှ**

ဓာတ်လှေကား လေးစင်းနှင့် ပစ္စည်းသယ်ယူတင်ဆောင်နိုင်ရန် ကီလို ၁၀၀ ဆံ့ ဓာတ်လှေကား တစ်စင်းကိုလည်း ထည့်သွင်းတပ်ဆင်ပေးထားသည်။

"ကျွန်မတို့ ဒီအဆင့်မြင့်ဈေးဝယ် Center ကြီးကို နိုင်ငံတကာ အတွေ့အကြုံ ရင့်ကျက်ပြီးသား ပြည်တွင်း အင်ဂျင်နီယာတွေနဲ့ ဒီဇိုင်းရေးဆွဲတာကအစ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ကြိုးစားဆောက်လုပ်ခဲ့တာပါ။ ပြည်တွင်းအင်ဂျင်နီယာ ၄၀ နဲ့ ဝန်ထမ်းအားလုံး ၂၀၀ ကျော်တို့က အချိန်နဲ့တစ်ပြေးညီ ကြိုးစားလုပ်ဆောင်ခဲ့ကြပါတယ်။ ဒီ Center ကြီးက တစ်ထပ်တစ်ထပ်ကို အကျယ်အဝန်းစတုရန်းပေ ၄၇၀၄၀ ရှိတာကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အကြီးဆုံး ဈေးဝယ် Center ကြီးလို့ ပြောလို့ရပါတယ်။ မြေညီထပ်မှာက စူပါမတ်ကတ်ဖြစ်ပြီး တစ်ထပ်၊ နှစ်ထပ်တွေမှာက စီးတီးမတ်တွေ၊ ဖက်ရှင်ဆိုင်တွေ၊ စားသောက်ဆိုင်ကြီးတွေ ပါဝင်မှာ ဖြစ်ပါတယ်။ လာမယ့် ဆီးဂိမ်းအပြီး ၂၀၁၄ နှစ်ဆန်းပိုင်းလောက်ဆိုရင် စတင်ပြီးဖွင့်လှစ်ရောင်းချခွင့်ပေးတော့မှာ ဖြစ်ပါတယ်" ဟု အောင်ကောင်းကျော်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ မစုထက်သိမ့်ကျော်က သယံနီးကျွန်း အဆင့်မြင့်ဈေးဝယ် Center တည်ဆောက်ပေးမှုနှင့် ပတ်သက်၍ မြန်မာ့အလင်းသို့ ရှင်းပြသည်။

အဆင့်မြင့် သယံနီးကျွန်းဈေးကြီးသည် မူလက ရိုးရိုးဈေးဆိုင်ခန်းများသာဖြစ်၍ အဆိုပါဆိုင်ခန်းပိုင်ရှင်များအား ယခုအခါ မြေညီထပ်ဆိုင်ခန်းပေါင်း ၇၈၄ ခန်းကို မူလပိုင်ရှင်များထံသို့ မဲနှိုက်စနစ်ဖြင့် ရွေးချယ်ပြီး ၂၀၁၂ ခုနှစ် ဇူလိုင် ၁ ရက်မှ စတင်ရောင်းချ ခွင့်ပြုခဲ့ပြီးဖြစ်သည်။ မူလဆိုင်ခန်းပိုင်ရှင်များထံမှ ထပ်ဆောင်းငွေ တောင်းခံခြင်းလည်း မပြုခဲ့ကြောင်း သိရသည်။

အဆိုပါ အဆင့်မြင့်သယံနီးကျွန်းဈေးသစ်ကြီးနှင့် ပတ်သက်၍ ဈေးတာဝန်ခံ ဒေါ်သင်းသင်းညွန့်က "ဈေးသူ ဈေးသားတွေရဲ့ဆန္ဒအတိုင်း မြေညီထပ်ကို မဲနှိုက်စနစ်နဲ့ ချထားပေးခဲ့ပါတယ်။ ဈေးအဆင့်ကလည်း ဒီရန်ကုန်မြို့ရဲ့(က)အဆင့်ရှိပေမယ့် ဆိုင်ခန်းခနှုန်းထားက တစ်လကို ငွေကျပ် ၁၅၀၀ နဲ့ ၁၈၀၀ ပဲ ကောက်ခံပါတယ်။ ရွှေထည်ပစ္စည်း ဆိုင်တွေမှ အများဆုံးငွေကျပ် ၂၂၀၀ ပဲ ကောက်ခံတာပါ"ဟု ပြောပြသည်။

မကြာမီဖွင့်လှစ်တော့မည့် နိုင်ငံတကာအဆင့်မြင့်သယံနီးကျွန်း ဈေးသစ်ကြီးနှင့်ပတ်သက်၍"ပိုက်ဆံ ထပ်ပေးရမယ်ထင်ခဲ့ပေမယ့် ဆိုင်ခန်းဖိုး နောက်ထပ် တောင်းခံခြင်းမရှိပါဘူး။ ဘာပဲဖြစ်ဖြစ် အခုလိုအဆင့်မြင့်မြင့်နဲ့ ရောင်းရတော့ စိတ်ချမ်းသာပါတယ်။ ရောင်းအားလည်း သိပ်တော့မဆိုးပါဘူး။ အပေါ်ထပ်တွေ အပါအဝင် ဒီအဆင့်မြင့်ဈေးကြီး ဖွင့်လိုက်ရင်တော့ ပိုပြီးတော့ စည်ကားသွားမှာပါ" ဟု မြေညီထပ်တွင် ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ကုန်စုံဆိုင်ပိုင်ရှင်တစ်ဦးက လက်ရှိရောင်းဝယ်ဖောက်ကားမှု အခြေအနေကို ပြောကြားသည်။

(မြန်မာ့အလင်း)

ယနေ့ ရွှေဈေး၊ ယမန်နှစ် ရွှေဈေးထက် ခုနစ်သောင်းကျော်လျော့နည်း

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၏ စာရင်းအရ ယနေ့ နံနက်ပိုင်းတွင် မြန်မာအခေါက်ရွှေ တစ်ကျပ်သား ငွေကျပ် ၆၇၇၂၀၀၊ ကမ္ဘာ့ရွှေ တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၂၈၇ ဖြင့် ဈေးဖွင့်ကြောင်း၊ ညနေပိုင်းတွင် အခေါက်ရွှေတစ်ကျပ်သား ငွေကျပ် ၆၇၆၅၀၀၊ တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၂၈၄ရှိကြောင်း၊ ၁၅ ပဲရည် တစ်ကျပ်သား ငွေကျပ် ၆၄၀၀၀၀ ဝန်းကျင်ရှိကြောင်း ရွှေဘုံသာလမ်းရှိ ရွှေဈေးကွက်မှသိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်က "ယနေ့ ရွှေဈေးမှာ ဝယ်လိုအားနည်းပြီး ရောင်းလိုအားများကြောင်း၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ရွှေဈေးမှာ ငွေကျပ် ၇၅၅၀၀၀ ဝန်းကျင်ရှိခဲ့ပြီး ယနေ့ ရွှေဈေးဖြင့် နှိုင်းယှဉ်လျှင် ရွှေတစ်ကျပ်သား ငွေကျပ် ခုနစ်သောင်းကျော် လျော့နည်းကြောင်း၊ ယနေ့ ရွှေဈေးကွက်မှာ အနိမ့်ပိုင်းမှာရှိပြီး အကျဘက်သို့ ဦးတည်နေကြောင်း"ပြောကြားသည်။

ကားစလစ်ဈေးမှာ ကျပ်သိန်းတစ်ရာကျော်ဝန်းကျင်ရှိပြီး "၁/က---"ယာဉ်များကို ကြံ့ခိုင်မှုပေါ်မူတည်၍ ကျပ်သိန်းတစ်ရာ အောက်တွင် အရောင်းအဝယ်ပြုလုပ်ကြောင်း ကားပွဲစားတန်းမှ သိရသည်။

(အေးကို-သတင်းစဉ်)

အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေး

ရန်ကုန် နိုဝင်ဘာ ၁၈

တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၁၃ ရက်က အမှတ် ၁၅ အခြေခံပညာ မူလတန်းကျောင်းသို့ အသိပညာပေးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ဦးစီးမှူးဒေါ်လှလှမြင့်က ကျောင်းသား၊ ကျောင်းသူများအား လူတော်လူကောင်း ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ဆက်လက်၍ မူးယစ်ဆန့်ကျင်ရေးပညာပေး စာစောင်၊ ကျန်းမာရေးပညာပေး သာယာရှုခင်းတို့ပြည်တွင်း နံရံကပ်စာစောင်များနှင့် နယ်မြေလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ဝေဝေဆာဆာပြသခဲ့ရာ ကျောင်းအုပ်ဆရာကြီး ဦးကိုရီက နံရံကပ်စာစောင်များနှင့် နယ်မြေလှုပ်ရှားမှု ဓာတ်ပုံပါ အကြောင်းအရာများကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

ဖတ်ရှု

ထို့နောက် ကျောင်းသား ကျောင်းသူများက ပြန်/ဆက် စာကြည့်တိုက်မှ စာအုပ်များကို စာဖတ်ခန်းတွင် နှစ်သက်သဘောကျစွာ ဖတ်ရှုကြကြောင်း သိရသည်။

လှလှ

ပြည်တွင်းသတင်း

အခွန်အကောက်ဆိုင်ရာ ဆပ်ကော်မတီနှင့်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၈

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ လင်းအောင် ဦးဆောင်သည့် အခွန်အကောက်ဆိုင်ရာ ဆပ်ကော်မတီ (Delivery Unit)သည် နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးတွင် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းတို့က တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံရာတွင် Delivery Unit အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာ လင်းအောင်က မိမိတို့ကော်မတီအနေဖြင့် လုပ်ငန်းရှင်ကြီးများအား ယခုလို တွေ့ဆုံရခြင်းမှာ လက်ရှိနိုင်ငံတော်က ဆောင်ရွက်နေသည့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ခြင်းဖြစ်ကြောင်း၊ လက်တွေ့နှင့် ကွာဟမှု မရှိစေရန် ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်ပြီး ပြည်သူများအနေနှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ အတားအဆီး အဟန့်အတားများ၊ ကြန့်ကြာမှုများကို သိရှိရမည်ဖြစ်၍ မိမိတို့အနေဖြင့် မည်သို့ဖြေလျှော့ဆောင်ရွက်ပေးသွားနိုင်မည်ကို စိစစ်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့၏ ဥပဒေလုပ်ထုံးလုပ်နည်းများကိုလည်း ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်ဖြစ်ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်က အခွန်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ပြုပြင်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်း တာဝန်ရှိသူများက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် စက်မှုကုန်ကြမ်းသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနရှိပြီး စက်မှုကုန်ကြမ်းသီးနှံများတွင် ရော်ဘာ၊ ဝါ၊ ကြံ၊ ဂုန်လျှော်၊ ပိုးစာ စသည်တို့ပါရှိပြီး ကျန်သီးနှံများ အခွန်ကင်းလွတ်ခွင့်ရရှိသော်လည်း ရော်ဘာ ပြည်တွင်း ရောင်းဝယ်သူများသည် ကင်းလွတ်ခွင့်မရပါကြောင်း၊ မိမိတို့သည် စက်မှုကုန်ကြမ်းစိုက်ပျိုးထုတ်လုပ်သူများဖြစ်၍ ကုန်သွယ်ခွန် ကင်းလွတ်ခွင့်ရရှိရေး ဆောင်ရွက်ပေးရန် တင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများက ပြည်ပသို့ သစ်အလုံးလိုက် တင်ပို့မှုအပေါ် အခွန်ကောက်ခံမှုကို မိမိတို့ ထောက်ခံပါကြောင်း၊ သစ်အခြေခံစက်မှုလုပ်ငန်းများအတွက် မြန်မာ့သစ်လုပ်ငန်းမှ ရောင်းချသည့် သစ်လုံးအပေါ် အခွန်ကောက်ခံမှုကို ကင်းလွတ်ခွင့် ပြုပေးစေလိုပါကြောင်း၊ ကောက်ခံမည်ဆိုပါကလည်း အနည်းဆုံးဖြင့် ကောက်ခံစေလိုပါကြောင်း၊ အချောထည်ပစ္စည်းများတွင် တပ်ဆင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ပြည်ပမှ တင်သွင်းမှုအပေါ် ကောက်ခံသည့်အခွန်ကိုလည်း ပြည်ပသို့အချောထည်ပြန်လည်တင်ပို့သည့်အခါ ခုနှိမ်ပေးစေလိုပါကြောင်း၊ နောက်ပိုင်းကာလများတွင်လည်း ပြည်တွင်းသစ်အခြေခံ စက်မှုလုပ်ငန်းများအတွက် ပြည်ပမှ သစ်အလုံးလိုက်တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ပေးစေလိုပါကြောင်း၊ မိမိတို့သစ်လုပ်ငန်းရှင်များအသင်းမှလည်း လိုအပ်သည့် သတင်းအချက်အလက်များ ပံ့ပိုးမည်ဖြစ်ပါကြောင်း တင်ပြကြသည်။

တင်ပြချက်များနှင့် ပတ်သက်၍ အခွန်အကောက်ဆိုင်ရာဆပ်ကော်မတီမှ ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်ပြမည်ဖြစ်ရာ ရော်ဘာနှင့် သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တင်ပြဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အခွန်အကောက်ဆိုင်ရာ ဆပ်ကော်မတီအဖွဲ့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့ပြမြေယာဌာန၊ ရာဖြတ်ဌာန၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)နှင့် စီမံရေးရာဌာနတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍အခွန်အကောက်ဆိုင်ရာကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၈-၁၁-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၇၈၀၀၀-၆၃၈၇၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၇၈၃၀၀-၆၃၈၁၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၅-၉၇၉. ၅	ကျပ်
ဥရောပ	တစ်ယူရို	၁၂၉၉-၁၃၁၆	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၄-၇၈၄	ကျပ်
ထိုင်း	တစ်ဘတ်	၃၁. ၀၇-၃၁. ၁၄	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅. ၄	ကျပ်
တရုတ်	တစ်ယွမ်	၁၅၉-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၈-၃၀၃	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၄၂၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၇၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၈၀၀-၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၇၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၅၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နှမ်းဆန်	တစ်အိတ်	၁၉၃၀၀
၂။ ပေါ်ကျွဲ	တစ်အိတ်	၂၂၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၆၀၀၀-၃၀၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၉၅
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၂၅-၉၂၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၉၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၇၅-၁၂၂၀
၉။ အာလူး (ဟဲဟိုး)	တစ်ပိဿာ	၃၇၀-၆၀၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၃၀၀-၂၃၅၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၆၀၀-၃၅၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၅၀-၁၁၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

အမွှေးတိုင်လုပ်ငန်းဖြင့် မိသားစုဝင်ငွေရ

မိတ္ထီလာ နိုဝင်ဘာ ၁၈

ရေစကြိုမြို့ပေါ် အမွှေးတိုင်ဒိုင်ကြီးများမှ ဝယ်ယူရာတွင် ယခင်ကထက် ဈေးပိုမိုပေးသဖြင့် ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာဒေသများတွင် အမွှေးတိုင်လုပ်ငန်းကို မိသားစုဝင်ငွေရ လုပ်ငန်းအဖြစ် အားထားလုပ်ကိုင်လာကြောင်း သိရသည်။

အမွှေးတိုင် ၂၀၀ စည်းတစ်စည်းကို အရင်တုန်းက ကျပ် ၈၀ ပဲပေးဝယ်ကြတယ်။ အခုနောက်ပိုင်း တော်တော်ရောင်းကောင်းတယ်ထင်တယ်။ အမွှေးတိုင် ၂၀၀ စည်းတစ်စည်းကို ကျပ် ၁၃၀ အထိ ပေးဝယ်လာကြတယ်။ ရွာတွေမှာက သစ်မျိုးစုံကို အမှုန့်လုပ်ပြီး ရေနဲ့နှပ်တယ်။ ပြီးတော ဆေးဆိုးထားတဲ့ ဝါးတုတ်ချောင်းငယ်မှာ လက်လှည့်ခုံနဲ့လှည့်ပြီး သစ်မှုန့်ကို ကပ်ပေးရတယ်။ အဲဒီလိုကပ်ပြီးတော့ တစ်နေလောက် ပြရတယ်။ နေပြတာများရင်လည်း အမွှေးတိုင်တွေ ကော့တက်ပြီး ပယ်တဲ့အထဲပါသွားတယ်။ ဒိုင်ကိုသွင်းလို့မရတော့ဘူး။ ဒါကြောင့် နေပြတာလည်း ဂရုစိုက်ရတယ်။ ရွာမှာလုပ်တဲ့ အမွှေးတိုင်က သစ်မှုန့်ကပ်တဲ့ အကြမ်းအဆင့်ပဲရှိသေးတယ်။ မြို့ပေါ်ဒိုင်တွေနဲ့ အမွှေးတိုင် ရောင်းဝယ်ရေးလုပ်ငန်းလုပ်သူတွေက အဲဒီအကြမ်းအဆင့် အမွှေးတိုင်ကို ဝယ်ပြီးတော့မှ အမွှေးဆီသုတ်လိမ်းတယ်။ ပြီးမှ ပါဆယ်ထုပ်ပြီး ဈေးကွက်မှာရောင်းချတာဖြစ်ပါတယ်”ဟု ရေစကြိုမြို့နယ် တာတိုင်ကျေးရွာမှ အမွှေးတိုင်အကြမ်းထည် လုပ်ငန်းကို မိသားစုဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်နေသည့် အမျိုးသမီးကြီးတစ်ဦးက ပြောသည်။ ရေစကြိုမြို့နယ် တာတိုင်ကျေးရွာနှင့် အခြားကျေးရွာအများအပြားတွင် အမွှေးတိုင်လုပ်ငန်းလုပ်ကိုင်သူများမှာ ဈေးပိုရခိုက်အချိန်၌ အမွှေးတိုင်လုပ်ငန်းကို ယခင်ကထက် ပိုမိုလုပ်ကိုင်လာကြပြီး မိသားစုတစ်စုလျှင် တစ်နေ့အမွှေးတိုင် ၃၀၀၀ မှ ၅၀၀၀ အထိပြုလုပ်နိုင်ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

အရည်အသွေးမြင့် ရော်ဘာများထုတ်လုပ်နိုင်ရန်အတွက် ရော်ဘာစေးထုတ်လုပ်သူများ အခက်အခဲနှင့်ကြုံတွေ့နေရ

ရေး နိုဝင်ဘာ ၁၈

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ရော်ဘာခြံအစေးထုတ်လုပ်သူများက အရည်အသွေးမြင့်ရော်ဘာကုန်ကြမ်းများ (R1,R2) များကို ထုတ်လုပ်ချင်သော်လည်း ထုတ်လုပ်သည့်နည်းပညာများလိုအပ်ခြင်း၊ ဈေးကွက်မရှိခြင်းနှင့်အက်ဆစ်ပုံစံခွက်ကို ဆက်စပ်ပစ္စည်းများအလွယ်တကူ အဆင်ပြေဝယ်ယူရရှိရန်အတွက် ရော်ဘာအစေးထုတ်လုပ်သူအများစုက လိုလားလျက်ရှိပြီး ထုတ်လုပ်ချင်သော်လည်း ထွက်ကုန်အဆင့်မြင့်ရော်ဘာများကို ဝယ်ယူမည့် ဈေးကွက်အာမခံချက်လည်း မရှိသဖြင့် အရည်အသွေးညံ့ရော်ဘာများဖြစ်သော (R4,R5) များကိုရရှိသည့် ဈေးနှုန်းများဖြင့် တန်းတူရောင်းဝယ်ဖောက်ကားနေရသဖြင့် အရည်အသွေးမြင့် ရော်ဘာများထုတ်လုပ်နိုင်ရန်အတွက် ရော်ဘာခြံအစေးထုတ်လုပ်သူ ဒေသခံများ အခက်အခဲနှင့်ကြုံတွေ့နေရကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

Hein Htet San Law Firm

[illegible]

ကန့်ကွက်နိုင်ကြောင်းကြေငြာခြင်း

ပြည်မြို့ ရွှေကူရပ်၊ ယမ်းရှည်လမ်း၊ အမှတ်(၁၁)၊ မြေတိုင်းမြေကွက်အမှတ်(၅-ရွှေကူ)၊ ဦးပိုင်အမှတ်(၁၈)(၁၉)၊ ဧရိယာ [illegible] ဧကရှိ [illegible] မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံတစ်လုံးကို [illegible] ဝယ်ယူ၍ လက်ဝယ်ရရှိပိုင်ဆိုင်ထားပြီး၊ [illegible] အတွက် ရောင်းဖိုရွေ၏ [illegible] ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံတို့၏ [illegible] ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း [illegible] ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက [illegible] ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်မြင့်ဦး (စဥ္-၁၄၂၆၄)

အထက်တန်းရှေ့နေ

BSc., HGP

အမှတ်(၃၃၉)၊ ယမ်းရှည်လမ်း၊ ပြည်မြို့။

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တောင်ဥက္ကလာပမြို့နယ်တရားသူကြီးရုံး

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄၆

ဒေါ်တင်ရီ နှင့် ဒေါ်သောင်းကျင်

တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရာဇသင်္ကြန် ၁လမ်း၊ အမှတ် ၆၄-က နေ ဒေါ်တင်ရီ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေ အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက် (၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်) ကြာသပတေးနေ့ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ထို့အပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းများအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ချစ်ကိုကို)

မြို့နယ်တရားသူကြီး

တောင်ဥက္ကလာပမြို့နယ်တရားရုံး

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်ုပ်တို့၏သား မောင်ဇော်ဇော် ၉/မထလ(နိုင်)၁၇၀၂၁၈သည် မိဘဆုံးမစကားနားမထောင်ဘဲ အိမ်မှဆင်းသွားပါသည်။ သို့ပါ၍ ၎င်းအား သားအဖြစ်မှ ယနေ့ ၁၈-၁၁-၂၀၁၃ရက်မှစ၍ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း။

ဦးသိန်းမောင် ၉/မထလ(နိုင်)၀၈၀၆၉၅

ဒေါ်ရီရီသန်း ၉/မထလ(နိုင်)၀၈၀၇၉၀

အောင်ဆန်းနယ်မြေ၊ မြို့သစ်ရပ်

၂၁ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

ဆီးဂိမ်းသို့လာရောက်မည့်ဧည့်သည်များနှင့်ပြိုင်ပွဲဝင် အားကစားသမားအတွက် ရန်ကုန်လေဆိပ်၌ ကြိုတင်ပြင်ဆင်

ရန်ကုန် နိုဝင်ဘာ ၁၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတက်ရောက်လာကြမည့် နိုင်ငံတကာမှ အကြီးအကဲဧည့်သည်များ၊ ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံတကာမှအားကစားသမားများ ရန်ကုန်လေဆိပ်သို့ စတင်ရောက်ရှိလာသည့်အခါ လုပ်ဆောင်ရမည့်လုပ်ငန်းများ၊ လုံခြုံမှု၊ လျင်မြန်၊ လွယ်ကူရေးနှင့် ပြိုင်ပွဲကျင်းပရာနေရာများသို့ လွယ်လင့်တကူ အချိန်မီသွားရောက်နိုင်ရေးအတွက် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်လေဆိပ်၌ ကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ညှိနှိုင်း အစည်းအဝေးပြုလုပ်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာအားကစားသမားများ ရောက်ရှိပါက ရန်ကုန်လေဆိပ်တွင် ဗီဇာစစ်ဆေးမှုနှင့် Accreation ကတ်များစစ်ဆေးရာတွင် လွယ်ကူလျင်မြန်မှုရှိစေရေးအတွက် ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူများ၊ ရန်ကုန်လေဆိပ်မှ တာဝန်ရှိသူများ၊ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲတွင် ပါဝင်ကူညီမည့် နိုင်ငံအလိုက် LO များအားလုံး ပူးပေါင်းပါဝင် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုင်ငံတကာ အားကစားသမားများ ပြည်ပမှရောက်ရှိလာပြီး ပြိုင်ပွဲကျင်းပရာ နေရာအသီးသီးသို့ မထွက်ခွာမီ ခေတ္တနားနေဆောင်ပြင်ဆင်မှုများကို သွားရောက်ကြည့်ရှု၍ ပြိုင်ပွဲ ပြီးဆုံးပြီး ပြန်လည်ထွက်ခွာကြမည့် အားကစားသမားများအတွက် လေဆိပ်သို့ ရောက်ရှိထွက်ခွာမည့်နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ်ပိုနှင့် နပန်းတို့၏ အောင်မြေဖြစ်လာမည့် အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ (သုဝဏ္ဏ)

သတင်း - ဖိုးသော်ဇင်၊ဓာတ်ပုံ - စိုးညွန့်

ရန်ကုန် နိုဝင်ဘာ ၁၈

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်ကမ်းခြေနေရာ လေးခုတွင် ကျင်းပသွားမည်ဖြစ်သည်။ နေပြည်တော်ပြီးလျှင် ရန်ကုန်မြို့၌ အားကစားနည်းများကို အများဆုံး ကျင်းပသွားမည်ဖြစ်ပြီး အားကစားပြိုင်ပွဲများကို မူလတည်ဆောက်ပြီးသား အားကစားရုံ၊ အားကစားကွင်းများ၌ပင် ကျင်းပသွားမည်ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲကြီးတွင် အားကစားနည်း(၃၃)မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ရန်ကုန်မြို့၌

ကမ်ပို၊ အလေးမ၊ နပန်း၊ ဟော်ကီ၊ သေနတ်ပစ်၊ကာယဗလနှင့် အမျိုးသားဘောလုံးအုပ်စု(ခ)ပွဲစဉ်များကို ကျင်းပမည်ဖြစ်သည်။ အဆိုပါ အားကစားပြိုင်ပွဲများကို သုဝဏ္ဏဘောလုံးကွင်း၊ အမျိုးသားအားကစားပြိုင်ပွဲရုံ - ၁ (သုဝဏ္ဏ)၊သိမ်ဖြူအားကစားရုံ၊ သိမ်ဖြူဟော်ကီကွင်း၊ မြောက်ဒဂုံသေနတ်ပစ်ကွင်းနှင့် MCC ခန်းမတို့တွင် ကျင်းပမည်ဖြစ်ပြီး မူလတည်ဆောက်ပြီးသား အဆောက်အအုံများဖြစ်၍ အဆင့်မြှင့်တင် မွမ်းမံမှုများသာ ပြုလုပ်ထားသည်။

အမျိုးသား အားကစားပြိုင်ပွဲရုံ-၁(သုဝဏ္ဏ)**(အပေါ်ဝဲပုံ)**တွင် နပန်းနှင့်ကမ်ပိုအားကစားများကို ကျင်းပမည်ဖြစ်သည်။ အဆိုပါ အားကစားရုံကြီးမှာ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက တည်ဆောက်ပြီးစီးခဲ့သည့် အားကစားရုံဖြစ်ပြီး ပရိသတ်တစ်သောင်းကျော်ဆံ့ကြောင်း သိရသည်။ နပန်းပြိုင်ပွဲကို ဒီဇင်ဘာ ၉ ရက်မှ ၁၃ ရက်အထိလည်းကောင်း၊ ကမ်ပိုပြိုင်ပွဲကို ဒီဇင်ဘာ ၁၇ ရက် မှ ၂၁ ရက်အထိလည်းကောင်း ကျင်းပမည်ဖြစ်သည်။ ကမ်ပိုပြိုင်ပွဲမှာ မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး နပန်းပြိုင်ပွဲမှာ ၂၀၁၁ အင်ဒိုနီးရှားဆီးဂိမ်းတွင် စတင်ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်သည်။

နပန်းနှင့် ကမ်ပိုပြိုင်ပွဲများ ကျင်းပမည့် အမျိုးသားအားကစားပြိုင်ပွဲရုံ-၁(သုဝဏ္ဏ)မှာ မြန်မာတို့အတွက် အောင်မြေဖြစ်လာမလားဆိုတာ. . . . .။

မြန်မာအလေးမ ပြိုင်ပွဲဝင်တစ်ဦး အလေးမယှဉ်ပြိုင်နေစဉ်။

အလေးမအားကစားဆုတံဆိပ်ခြောက်ခုမျှော်မှန်း

နေပြည်တော် နိုဝင်ဘာ ၁၈

မကြာမီ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပတော့မည့်ဆီးဂိမ်းပြိုင်ပွဲတွင်မြန်မာအလေးမ အားကစားသမားများအနေဖြင့် အနည်းဆုံး ဆုတံဆိပ်ခြောက်ခု မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံအလေးမ အားကစားအဖွဲ့ချုပ် အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်အောင်စိုးက ပြောသည်။

"လက်ရွေးစင် မြန်မာအလေးမ အားကစားသမားများအား ၂၀၁၁ ခုနှစ် ဒီဇင်ဘာလကတည်းက ရန်ကုန်အားကစားနှင့် ကာယပညာသိပ္ပံမှာ စခန်းသွင်းလေ့ကျင့်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ အခုအပြီးသတ် စခန်းသွင်းလေ့ကျင့်နေတာကတော့ အမျိုးသား ရှစ်ဦးနဲ့ အမျိုးသမီးခြောက်ဦး စုစုပေါင်း ၁၄ ဦးပါ။ ပြိုင်ပွဲမှာတော့ အမျိုးသား ဝိတ်တန်း ခြောက်တန်းမှာ ငါးတန်း ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အမျိုးသမီးကလည်း ဝိတ်တန်းငါးတန်းမှ လေးတန်းဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်"ဟု ဦးကျော်အောင်စိုးက ပြောသည်။

"မြန်မာအလေးမ အားကစားသမားများကို ဘူလ်ဂေးရီးယားနည်းပြနဲ့ ခြောက်လကြာ လေ့ကျင့်ခဲ့ပါတယ်။ ဆက်လက်ပြီး တရုတ်နည်းပြနဲ့ လေ့ကျင့်ခဲ့တာ ဒီကနေ့အထိဖြစ်ပါတယ်။ အားကစားသမားတွေကို နည်းစနစ်ပိုင်းသာမက လိုအပ်တဲ့အစားအစာ ဆေးဝါး လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးထားပါတယ်။ နိုင်ငံတကာပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်တဲ့ အလေးမ အားကစားသမားကောင်းတစ်ဦးဖြစ်ဖို့ဆိုတာ အနည်းဆုံး လေးနှစ်လောက်လေ့ကျင့်ရပါတယ်။ လာမယ့်ပြိုင်ပွဲမှာတော့ ကိုယ့်အိမ်ရှင်ဖြစ်တဲ့အတွက် ရွှေတံဆိပ်ဆုလေးခု မျှော်မှန်းထားပါတယ်"ဟု ၎င်းကဆက်လက်ရှင်းပြသည်။ ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအပြင် ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံမှ အလေးမ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါ အလေးမအားကစားပြိုင်ပွဲများကို ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံ၌ ဒီဇင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မောင်ရွှေရိုး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)
တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် အောက်ဖော်ပြပါ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမည်
၁။	ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)	တက္ကသိုလ်စာကြည့်တိုက် မြေညီထပ် ကြွေပြားခင်းခြင်းလုပ်ငန်း ၆၇၃၂ စတုရန်းပေ
၂။	॥	တက္ကသိုလ်နယ်နိမိတ်သွပ်ဆူးကြိုးကာရံခြင်းလုပ်ငန်း ပေ ၃၁၂၀

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၉-၁၁-၂၀၁၃ ရက်မှ ၃-၁၂-၂၀၁၃ ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး လျှောက်လွှာလက်ခံခြင်းနှင့် အိတ်ဖွင့်တင်ဒါ ဖွင့်ဖောက်ကြေညာခြင်းအား တစ်ရက်တည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၂-၅၀၀၀၃၊ ၀၂-၅၀၀၀၄၊ Ext-243 တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)
ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

"မွေးနေ့မင်္ဂလာဆုတောင်းလွှာ"

၂၀၁၃၊ နိုဝင်ဘာ ၁၉ တွင်ကျရောက်သော သမီးငယ် **"သင်ဇာဖော်"** B.A (EPP)၏ (၂၀)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် သာယာချမ်းမြေ့သော မွေးနေ့များကိုပိုင်ဆိုင်ပြီး လောကဓံတရား(၈)ပါးကို ကြံ့ကြံ့ခံနိုင်တဲ့ သမီးအလိမ္မာဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

ဖိုလ်မှူးချုပ်ခင်ဇော်-ဒေါ်နီနီမြင့်
ကိုကြီး- ဗိုလ်လောင်းဟိန်းဝင်းအောင်(ခ)သီဟဦး
အလုပ်သင်ဆရာဝန်
တပ်မတော်ဆေးတက္ကသိုလ်

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (ယာဉ်)

သစ်တောသစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး
အလှတိုး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/စီမံကိန်း-၁)၊ လူနေရပ်ကွက် (၁၄)၊ မြေကွက်အမှတ် (၂၁၇)၊ ဧရိယာ ၀ ဒသမ ၅၆ဧကနှစ် ၆၀ဂရန်မြေအကျယ်အဝန်း (အလျား ၄၁ပေ×အနံပေ ၆၀)မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဂျုန်မော်ကိုင် ၁၂/ဥကတ(နိုင်)၁၀၀၂၄၈က အမည်ပေါက်ပိုင်ဆိုင်ပြီး ၄င်းမှတစ်ဆင့် ဒေါ်လွဲလွဲမင်း ၇/ပခန(နိုင်)၃၁၂၂၆၂မှ ၂၉-၅-၂၀၁၂ ရက်စွဲဖြင့် စာချုပ်အဆက်ဆက်နှင့် တစ်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးနောက် အဆိုပါမြေကွက်အား ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေများအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါခြံမြေ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းဝင်း(တရားလွှတ်တော်ရှေ့နေ) (စဉ်-၄၈၆၂/၈၉)
ရုံးခန်း ၁၊ သုမနလမ်း၊ (၅)ရပ်ကွက်၊ မြို့နယ်တရားရုံးဝင်း၊
သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

မြန်မာ့သစ်လုပ်ငန်း
ပြည်ပဈေးရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
အိတ်ဖွင့်တင်ဒါခေါ်ကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပဈေးရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ကျွန်းသစ်လုံးများကို အောက်ဖော်ပြပါအတိုင်း (နယ်)အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) ရောင်းချမည့်ရက်နှင့်အချိန် - ၆-၁၂-၂၀၁၃ ရက်နေ့ ၁၃း၀၀ နာရီ

(ခ) ရောင်းချမည့် အမျိုးအစားနှင့်တန် - ကျွန်းသစ်လုံး တန် (၁၀၀၀)

(ဂ) ရောင်းချမည့်နေရာ - တော်ဝင်ခန်းမ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) ပြည်လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ (နယ်)အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) နှင့် web-site ဖြစ်သော www.myanmatimber.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း

နိုင်ငံတကာအားကစားသတင်း

ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့ အမှတ်ပြည့်ယူနိုင်ပါ့မလား

လာလီဂါပွဲစဉ် (၁၄)ကို နိုဝင်ဘာ ၂၃ ရက်မှာ ဆက်လက်ကစားမှာ ဖြစ်ပါတယ်။ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေနဲ့ရုန်းကန်ကြိုးစားခဲ့ရတဲ့ ဘောလုံးသမားတွေလည်း ကလပ်အသင်းတွေအတွက် အားစိုက်ကြရဦးမှာ ဖြစ်ပါတယ်။ ဒီတစ်ပတ်ပွဲတွေမှာတော့ အသင်းကြီးတွေဖြစ်တဲ့ ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်တို့ နိုင်ပွဲရအောင် အားထုတ်ရဦးမှာမို့ ပွဲကောင်းတွေအဖြစ် မြင်တွေ့ရဦးမှာပါ။

ဘာစီလိုနာနှင့် ဂရန်နာဒါ

ဒီပွဲစဉ်မှာ မက်ဆီပါဝင်ဖို့ မရှိတာမို့ ဘာစီလိုနာရဲ့ တိုက်စစ်အား အမှန်ကို မြင်တွေ့ရတော့မှာ ဖြစ်ပါတယ်။ နေမာဦးဆောင်မယ့် တိုက်စစ်ဟာ ဘယ်လောက်အထိ ထက်မြက်တယ်ဆိုတာလည်း မြင်တွေ့ရမှာပါ။ မက်ဆီဟာ ဒဏ်ရာကြောင့် မကစားနိုင်တဲ့ အခြေအနေဖြစ်ပေမယ့် စုဖွဲ့မှုကောင်းတဲ့ ဘာစီလိုနာဟာ ပုံမပျက်နိုင်ပါဘူး။ အိမ်ကွင်းမှတ်တမ်းကောင်းတဲ့ ဘာစီလိုနာကို ဂရန်နာဒါတို့ အသက်ရှူမှားအောင်ကစားရပြီး အနိုင်မျှော်လင့်ချက်လည်းထားလို့မရနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။

အယ်လ်မီရီယာနှင့် ရီးရဲမက်ဒရစ်

တိုက်စစ်စွမ်းရည်မြင့်မားနေတဲ့ ရီးရဲမက်ဒရစ်ဟာ အဝေးကွင်းဆိုပေမယ့် ဂိုးတွေရအောင် သွင်းယူပါလိမ့်မယ်။ စီရော်နယ်ဒိုနဲ့ ဂါရက်ဘေးလ်တို့ နှစ်ဦးစလုံးဂိုးတွေ သွင်းယူနိုင်မလားဆိုတာ စိတ်ဝင်စားစရာပါ။ အယ်လ်မီရီယာတို့က အိမ်ကွင်းဆိုပေမယ့် ဂိုးမပြတ်အောင်ထိန်းကစားရုံက လွဲပြီး မျှော်လင့်ချက်ကြီးကြီးထားလို့ မရနိုင်ပါဘူး။

အက်သလက်တီကိုနှင့် ဂီတာဖေး

အိမ်ကွင်းမှာ အနိုင်ရအောင် ကစားတတ်တဲ့ အက်သလက်တီကိုတို့ ဒီပွဲမှာ သတိကြီးကြီးထားပြီး ကစားမှရပါလိမ့်မယ်။ ဂီတာဖေးဟာ ခြေစွမ်းမာကျောပြီး ခြေပေါ်ရင် ထိန်းချုပ်ရခက်တဲ့အသင်းမို့ အိမ်ရှင်တို့ လျှော့တွက်လို့မရပါဘူး။ ဂီတာဖေးဟာ ရှေ့လယ်၊ နောက်အင်အားမျှတာမို့ အက်သလက်တီကိုတို့ဆီက သရေတစ်မှတ်ရအောင် ယူသွားနိုင်တဲ့ခြေစွမ်းရှိနေပါတယ်။

လီဗန်တေးနှင့် ဗီလာရီးရဲ

တိုက်စစ်၊ ခံစစ်မျှတနေကြတဲ့ ပြိုင်ဘက်အသင်းတွေ ဖြစ်တာမို့ အကြိတ်အနယ်နွဲရမယ့် ပွဲကောင်းအဖြစ် မြင်တွေ့ရပါလိမ့်မယ်။ ဗီလာရီးရဲဟာ အဝေးကွင်းမှာ ဂိုးသွင်းစွမ်းရည် ကျဆင်းတတ်တာကို သတိထားပြုပြင်ရပါလိမ့်မယ်။ လီဗန်တေးတို့က ခံစစ်ပိုင်းမာကျောပြီး အမှားအယွင်းလည်းနည်းတာမို့ ဗီလာရီးရဲ တိုက်စစ်မှူးတွေ အခက်တွေ့နိုင်ပါတယ်။ အကြိုက်က အိမ်ရှင်ဖြစ်ပြီး ယုံကြည်မှုတွေနဲ့အားပေးရမှာ ဖြစ်ပါတယ်။

မိုးမြင့်လင်းလက်

ကင်မရွန်းကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ပြီ

ကင်မရွန်းနှင့်တူနီးရှားတို့ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ ကင်မရွန်းက လေးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ခြေစစ်ပွဲအောင်သွားပြီဖြစ်သည်။ ယင်းတို့သည် ပြီးခဲ့သည့်လက ပထမအကျော့အဖြစ် ကစားစဉ် ဂိုးမရှိ သရေပွဲဖြစ်ခဲ့သည်။ ဝက်ဘိုက အိမ်ရှင်ကင်မရွန်းအတွက် အဖွင့်ဂိုးသွင်းသည်။ တူနီးရှားမှ လူစားဝင်လာသူ အကိုင်ချီက မြေမကျဘောဖြင့် ချေပဂိုးသွင်းယူခဲ့သည်။ ကင်မရွန်းမှ မော်ကန်ဂျိုးက တစ်ဂိုးသွင်းယူပေးလိုက်သဖြင့် ကင်မရွန်းတို့ ပထမပိုင်းတွင် အသာစီးဖြင့်ကစားနိုင်ခဲ့သည်။ သို့ရာတွင် ဂျင်းမာကွန်းက ကင်မရွန်းအတွက် နောက်ကျဂိုးနှစ်ဂိုး သွင်းယူပေးခဲ့သည့်အတွက် ကင်မရွန်းတို့ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ခုနစ်ကြိမ်မြောက်အဖြစ် တက်ရောက်နိုင်ခဲ့သည်။ ကင်မရွန်းတို့ ယင်းအနိုင်ပွဲရလိုက်သဖြင့် လာမည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တက်ရောက်ခွင့်ရှိမည်ဖြစ်သည်။ သို့ရာတွင် ကင်မရွန်းသည် ၁၉၉၀ ပြည့်နှစ်က ကမ္ဘာ့ဖလားကွာတားအထိတက်ခဲ့ပြီးနောက် ကမ္ဘာ့ဖလားတစ်ကြိမ်သာ တက်နိုင်ခဲ့သည်။ ၂၀၀၆ ခုနှစ် ဂျာမနီကမ္ဘာ့ဖလားတွင် ခြေစစ်ပွဲမအောင်ခဲ့ပေ။

ဆွီဒင်ဂေါက်သီးကစားသမား ဒူဘိုင်းဖလားဆွတ်ခူး

ဆွီဒင်ဂေါက်သီးကစားသမား ဟင်းနရစ်စတန်ဆင်သည် ဒူဘိုင်း၌ ကျင်းပသော ကမ္ဘာ့ချန်ပီယံရှစ်ဂေါက်သီးပြိုင်ပွဲတွင် ခြောက်ချက်အသာဖြင့် ဗိုလ်စွဲခဲ့ပြီးနောက် Race To Dubai ဖလားနှင့် Fedex Cup တို့ကို တစ်နှစ်တည်း ဆွတ်ခူးနိုင်သည့် ပထမဆုံး ဂေါက်သီးကစားသမားဖြစ်လာသည်။

အသက် ၃၇ ခုနှစ်ရှိ စတန်ဆင်သည် စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၅ ချက်လျှော့ရိုက်ပြီး ဖလားဆွတ်ခူးသွားခဲ့သည်။ ပြိုင်ပွဲ သမိုင်းတစ်လျှောက် လျှော့ရိုက်ချက် အများဆုံးကစားနိုင်သူဖြစ်လာသည်။ အင်္ဂလန်မှ ပေါလ်တာက ၁၉ ချက် လျှော့ရိုက်ပြီး ဒုတိယလိုက်ခဲ့သည်။ အမေရိကန်အိုးပင်းချန်ပီယံ ဂျပ်စတင်းရို့စ်က ယင်းပြိုင်ပွဲတွင် နံပါတ် ၁၀ သာရခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

နိုဝင်ဘာ ၁၉/၂၀ ဘောလုံးပွဲစဉ်များ (သီဟ)

၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲ Play-Offs ဒုတိယအကျော့

ရိုမေးနီးယား	-	ဂရိ	နံနက် ၀၀း၃၀
ခရိုအေးရှား	-	အိုက်စလန်	နံနက် ၀၀း၄၅
ဆွီဒင်	-	ပေါ်တူဂီ	နံနက် ၁း၁၅
ပြင်သစ်	-	ယူကရိန်း	နံနက် ၁း၃၀

၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲ(အာဖရိကဇုန် ဒုတိယအကျော့)

အီဂျစ်	-	ဂါနာ	ည ၁၀း၃၀
အယ်လ်ဂျီးရီးယား	-	ဘာကီနာဖာဆို	နံနက် ၀၀း၄၅

နိုင်ငံတကာခြေစမ်းပွဲ

ကာဇက်စတန်	-	အဇာဘိုင်ဂျန်	ညနေ ၄း၃၀
အာဂျင်တီးနား	-	ဘော့စနီးယား	ညနေ ၅း၀၀
ရုရှား	-	တောင်ကိုရီးယား	ည ၇း၀၀
လက်ချင်စတိန်း	-	အက်စ်တိုးနီးယား	နံနက် ၀၀း၃၀
နော်ဝေ	-	စကော့တလန်	နံနက် ၀၀း၃၀
တူရကီ	-	ဘီလာရုစ်	နံနက် ၀၀း၃၀
တောင်အာဖရိက	-	စပိန်	နံနက် ၁း၃၀
နယ်သာလန်	-	ကိုလံဘီယာ	နံနက် ၂း၀၀
သြစတြီးယား	-	အမေရိကန်	နံနက် ၂း၁၅
အင်္ဂလန်	-	ဂျာမနီ	နံနက် ၂း၃၀
ဘယ်လ်ဂျီယံ	-	ဂျပန်	နံနက် ၂း၃၀
ဘရာဇီး	-	ချီလီ	နံနက် ၇း၃၀

အာရှဖလားခြေစစ်ပွဲ

အင်ဒိုနီးရှား	-	အီရတ်	ညနေ ၄း၃၀
ဆီးရီးယား	-	အိုမန်	ညနေ ၅း၀၀
တရုတ်	-	ဆော်ဒီအာရေဗျ	ည ၆း၀၅
ဟောင်ကောင်	-	ဥဇဘက်ကစ္စတန်	ည ၆း၃၀
မလေးရှား	-	ကာတာ	ည ၇း၁၅
ဘာရိန်း	-	ယီမင်	ည ၉း၁၅
ယူအေအီး	-	ဗီယက်နမ်	ည ၁၀း၀၀
လက်ဘနွန်	-	အီရန်	ည ၁၀း၀၀
ကူဝိတ်	-	ထိုင်း	ည ၁၀း၀၅

၁၉၇၁-၁၉၇၇ ခုနှစ်အတွင်း ရန်ကုန်စက်မှုတက္ကသိုလ်၌ တက်ရောက်ခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများတွေ့ဆုံပွဲနှင့် မိတ်ဆုံစားပွဲ

၁၉၇၁ ခုနှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ရန်ကုန်စက်မှုတက္ကသိုလ်၌ တက်ရောက်ခဲ့ကြသော B.E (ALL Major), B. Arch ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၈ ရက် (စနေနေ့)ညနေ ၆ နာရီတွင် M-3 စားသောက်ဆိုင် ရန်ကုန်၌ကျင်းပမည်ဖြစ်ရာ ဦးခင်မောင်ဇော် (E.P) ဖုန်း-၀၉-၅၁၄၀၅၈၂၊ ဒေါ်တင်လှ (E.P) ဖုန်း-၀၉-၅၀၇၄၉၀၇၊ ဦးကျော်ကျော် (ဖိုးကျော်) (Mech:) ဖုန်း-၀၉-၅၀၃၄၄၉၅၊ ဦးထွန်းမြင့်လင်း (Mech:)ဖုန်း-၀၉-၅၀၀၁၂၂၄၊ Paprick Sein Yan (Chem:) ဖုန်း-၀၉-၅၀၀၃၃၆၅၊ ဒေါ်ကြည်ကြည်မြင့်ဝင်း (Chem:) ဖုန်း-၀၁-၅၀၂၃၁၃၊ ဦးအောင်စိုး (Civil) ဖုန်း-၀၉-၄၂၁၀၈၃၀၈၁၊ ဒေါ်ချော(Civil) ဖုန်း-၀၉-၈၆၂၆၄၀၈၊ ဒေါ်နှင်းဆီ (Arch:) ဖုန်း- ၀၉-၅၁၈၂၃၃၃တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် သက်ဆိုင်သူအားလုံး တက်ရောက်ကြရန် ဖြစ်ပါသည်။



ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၂၄၉၇ Audi 80 S/L ယာဉ်လက်ဝယ်ရှိသူ ဦးလှမြင့်(ခ)အင်မရာန် ၁၂/ပဘတ(နိုင်)၀၂၈၈၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ ရန်ကုန်အနောက်ပိုင်း

ပျောက်ဆုံးကြောင်းကြေညာခြင်း

၁၆-၁၁-၂၀၁၃ရက်(စနေနေ့) ညနေပိုင်းတွင် ကမာရွတ်(Juntions Square)၌ ကျွန်တော်၏ဝန်ထမ်းကတ်၊ မှတ်ပုံတင်၊ ယာဉ်မောင်းလိုင်စင်တို့ပါရှိသော ပိုက်ဆံအိတ်အနက်ရောင် ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဦးဇော်ဌေး**

ဖုန်း-၀၉-၅၀၅၃၇၃၄၊ ၀၉-၄၄၈၀၄၄၉၈၇

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမှတ် ၃၂၇၊ ဂန့်ဂေါ်မြိုင်လမ်း၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏနေ ဦးခင်မောင်မြင့် ၇/ရတန(နိုင်)၀၀၄၄၄၇နှင့် ဒေါက်တာဒေါ်တင်မာစိမ်း ၇/ရတန(နိုင်)၀၀၄၄၄၈ တို့၏သမီး မဒါလီစိမ်း ၇/ရတန(နိုင်)၀၅၁၁၆၆ သည် မိဘအစ်ကိုများဂုဏ်သိက္ခာထိခိုက်အောင် ပြုလုပ်သွားပါသဖြင့် ကြေညာသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

ဖခင်- ဦးခင်မောင်မြင့် ၇/ရတန(နိုင်)၀၀၄၄၄၇

မိခင်- ဒေါက်တာဒေါ်တင်မာစိမ်း ၇/ရတန(နိုင်)၀၀၄၄၄၈

ပြင်ဆင်ဖတ်ရှုပါရန်

၇-၁၁-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၂၁)နှင့် ၁၂-၁၁-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၁၅)တွင် ပါရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဦးဝိဇ္ဇာလမ်း၊ အမှတ်(၂၅)ဟုခေါ်တွင်သော မြေညီထပ်(ခေါင်းရင်းခန်း)တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အားလုံးတို့ကို ဝယ်ယူမည်ဖြစ်သည့်အတွက် ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်းကြော်ငြာတွင် အမှတ်(၂၅)ဟု မှားယွင်းဖော်ပြခဲ့ပါသည်။ မြေကွက်၏ လိပ်စာအမှန်မှာ အမှတ်(၁၅)၊ (၇)ရပ်ကွက်၊ ဦးဝိဇ္ဇာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ဖြစ်ပါသည်။

ဖခင်အမည်မှန်

အထက(၂)စမ်းချောင်း၊ ဆဋ္ဌမတန်း(D)တွင် ပညာသင်ကြားနေသော မမြမေမီမိုး၏ ဖခင်အမည်မှန်မှာ ဦးရဲဝင်းထွဋ်ဖြစ်ပါသည်။

ဦးရဲဝင်းထွဋ်

အထူးကျေးဇူးတင်ရှိခြင်း

ကျွန်မ မသက်ထက်အောင်၏ ကျောက်ကပ်ဝေဒနာအား သက်သာပျောက်ကင်းအောင် မေတ္တာစေတနာဖြင့် စီစဉ်ကယ်တင်စောင့်ရှောက်ပေးပါသော ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် အဘဦးသိန်းအောင်နှင့် ဇနီး ဒေါ်ခင်ဌေးမြင့်၊ လူမှုရေးဝန်ကြီးဒေါ်ခင်စောမူ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသော ဝိတိုရိယဆေးရုံကြီး၊ ဥက္ကဋ္ဌဦးဇော်ဝင်းရှိန်နှင့် ဆေးရုံမှတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ဆေးဝါးများအတွက် ငွေကြေးထောက်ပံ့ကူညီပေးပါသော ထူးဖောင်ဒေးရှင်းဥက္ကဋ္ဌဦးတေဇနှင့် ထူးဖောင်ဒေးရှင်းမိသားစုများ၊ ခွဲစိတ်ကုသပေးပါသော အမှတ်(၁) မင်္ဂလာဒုံစစ်ဆေးရုံကြီးမှ ခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့် ဗိုလ်မှူးအောင်ကျော်ထွန်း၊ ကျွန်မအား ကျောက်ကပ်ပေးလှူသော မေမေဒေါ်အေးအေးမွန်နှင့် အဘက်ဘက်မှဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြသူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

မသက်ထက်အောင် BE (Electrical Power)
ပုသိမ်နည်းပညာတက္ကသိုလ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ၁၄၆ လမ်း၊ အမှတ်(၁၁)ဟုခေါ်တွင်သော တစ်ခန်းတွဲ ခုနစ်ထပ်တိုက်၏ သုံးလွှာ၊ (ဒုတိယထပ်)၊ အကျယ်အဝန်း(၂၅ပေ×ပေ၅၀)ရှိ တိုက်ခန်းနှင့်ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာဖြစ်သည့် တိုက်ခန်းကို တိုက်ခန်းပိုင်ရှင်ဖြစ်ပြီး မြေပိုင်ရှင်လည်းဖြစ်သော ဒေါ်ခင်ရီ ၁/မညန(နိုင်)၀၂၃၈၆၀ ထံမှ ဝယ်ယူရန် တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုသူ သမီးကြီး ဒေါ်ခင်ဌေးမြင့် ၁/မညန(နိုင်)၀၂၃၈၆၁ အား ကျွန်ုပ်တို့၏ မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဘူမောင် LL.B (**စဉ်-၂၂၇၄၇**)၊ **ဒေါ်နှင်းပွင့်သန်း**LL.B (**စဉ်-၂၇၀၇၅**)၊

'လင်း'အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအကျိုးဆောင်အထက်တန်းရှေ့နေများ

အမှတ် ၅/၁၁၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၁၀၅၅၃၄၇

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ပဲခူးမြို့ သမိုင်းဝင် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး တန်ဆောင်တိုင်ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

ပဲခူး နိုဝင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သမိုင်းဝင်ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်မြတ်ကြီး **(ယာပုံ)** တန်ဆောင်တိုင် ဗုဒ္ဓပူဇနီယပွဲတော်ကို နိုဝင်ဘာ ၁၆ ရက်မှ ၁၇ရက်အထိ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ ဆီမီးပူဇော်ပွဲ၊ ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲများဖြင့် ရင်ပြင်တော်ပေါ်တွင် စည်ကား သိုက်မြိုက်စွာ ကျင်းပရန် စေတီတော် ဂေါပကအဖွဲ့မှ စီမံချက်ရေးဆွဲပြီးဗဟိုကော်မတီနှင့် အထောက်အကူပြုလုပ်ငန်းကော်မတီ ခုနစ်ဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့သည်။

နိုဝင်ဘာ ၁၆ ရက် ညဦးပိုင်းတွင် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲကို ဂေါတမီစင်တော်၊ ယသော်ဓရာစင်တော်၊ ဝိသာခါစင်တော်၊ ရှင်စောပုစင်တော်နှင့် ရာဇဓာတုကလျာစင်တော်တို့ဖြင့် ယှဉ်ပြိုင်ရက်လုပ်သည့်ပွဲကို အခမ်းအနားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး သတ်မှတ်ချိန်စေ့သောအခါ ဆုချီးမြှင့်နိုင်ရေးအတွက် အရည်အသွေး စိစစ်သည်။

နိုဝင်ဘာ ၁၇ ရက် တန်ဆောင် မုန်း လပြည့်နေ့ နံနက် ၃ နာရီခွဲက စေတီတော်မြတ်ကြီးကို လက်ယာရစ်သုံးပတ်လှည့်လည် ပူဇော်ပြီး နံနက် ၄ နာရီ တိတိတွင် သက်ဆိုင်ရာ အာရုံခံတန်ဆောင်းများရှိ ရုပ်ပွားတော်များတွင် တစ်ပြိုင်တည်း မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ကျင်းပ

သမိုင်းဝင် ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်မြတ်ကြီး၏ မုခ်ဦးမှ မုခ်အဝထိ ဝဲယာတွင် နိုဝင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် မြို့မိ မြို့ဖများက တန်ဆောင်တိုင် ဆီမီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပွဲတော်၊ စတိတ်ရှိုးပွဲများ ကျင်းပပြီး စတုဒိသာကျွေးပွဲတော်ကို ကျင်းပခဲ့ကြောင်း သိရသည်။

မောင်ကြည်

ရန်အောင်(၂)ရပ်ကွက် မဟာဘုံကထိန်ပွဲကျင်းပ

ပျဉ်းမနား နိုဝင်ဘာ ၁၈

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက် စုပေါင်းမဟာဘုံကထိန်ပွဲကို ရန်အောင်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဆောင်၍ ရပ်ကွက်ငယ် ၁၇ ရပ်ကွက်မှ ပဒေသာပင် ၂၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၄၄၆၀၀၀၀ ကို မြို့နယ်လုံးကျွတ်ဆိုင်ရာ ကထိန်ပွဲကျင်းပမည်ဖြစ်သော ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန် ရာဇဌာနီလမ်းနှင့် ပန်းခင်းလမ်းထောင့်ရှိ တည်နေရာသို့ စည်ကားစွာသွားရောက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) ကိုမျိုး(ရွှေပေါက်ကံ)

မူးယစ်ဆေးဝါးအသိပညာပေးဟောပြော

မော်လမြိုင် နိုဝင်ဘာ ၁၈

မွန်ပြည်နယ် မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်များ၏ ဆိုးကျိုးများ၊ ဥပဒေများနှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၅ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် မော်လမြိုင်မြို့နယ်မှူး ရဲမှူးညိုလှက စိတ်ကြွဆေးပြားများ သုံးစွဲသည့်အတွက် နောက်ဆက်တွဲဖြစ်ပေါ်သည့် အကျိုးဆက်များ၊ ဆေးခြောက်၊ ဘိန်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဆေးလိပ်ကအစဖြစ်ပေါ်တတ်ကြောင်းများကို အသိပညာပေးဟောပြောသည်။

၎င်းနောက် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက မူးယစ်ဆေးဝါး အန္တရာယ်များနှင့် ပတ်သက်ပြီး သိလိုသည်များကို မေးမြန်းရာ ရဲမှူးကြီးညိုလှက ပြန်လည် ဖြေကြားခဲ့ကြောင်း သိရသည်။

လ/၀၁၂

ကေတုမတီ(တောင်ငူ)မြို့တည် နန်းတည် အထိမ်းအမှတ် စည်းခုံကြီးအရံစေတီများ ထီးတော်တင်လှူပွဲနှင့် စာပေဟောပြောပွဲ

တောင်ငူ နိုဝင်ဘာ ၁၈

ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည်(၅၀၃)နှစ်မြောက် အထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက စပါးကြွယ်ကျေးရွာရှိ မင်းကြီးညိုတည်ထားခဲ့သည့် သမိုင်းဝင် ရွှေဟောင်းစည်းခုံကြီးစေတီတော်၏အရံစေတီ ၁၆ ဆူနှင့် ပြာသာဒ်လေးဆောင် ထီးတော်တင်လှူပွဲအခမ်းအနား ကျင်းပသည်။

ညပိုင်းတွင် တော်ဝင်ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမ၌ ကေတုမတီသမိုင်းဆိုင်ရာ စာပေဟောပြောပွဲကျင်းပရာ ပွဲတော်ကျင်းပရေး ဦးစီးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်က အမှာစကားပြောကြား၍ အခမ်းအနားမှူးအဖြစ်တောင်ငူတက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ(ငြိမ်း) ဒေါက်တာမာမာဝေက ဆောင်ရွက်သည်။

ဟောပြောပွဲတွင် သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာတိုးလှက နဝဒေးရတု တွေထဲကပြောတဲ့သမိုင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာကြီး ဆရာနေဝင်းမြင့်က ပညာကြီးစေ၊ ဉာဏ်ကြီးစေ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာကြီး ဆရာဘုန်း(ဓာတု)က နိုရောဓနိုင်ငံတော်ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြပြီး ဟောပြောပွဲသို့ စာချစ်သူပရိသတ် ၁၀၀၀ ကျော် တက်ရောက် နားထောင်ခဲ့ကြကြောင်း သိရသည်။

(၁၃၆)

မွန်ပြည်နယ်အစိုးရအဖွဲ့ စုပေါင်းမဟာဘုံကထိန်ကပ်လှူ

မော်လမြိုင် နိုဝင်ဘာ ၁၈

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် သာသနာ့ဗိမာန်တော်ကြီး၌ နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက မွန်ပြည်နယ်အစိုးရအဖွဲ့ တတိယအကြိမ် စုပေါင်းမဟာဘုံကထိန် ကပ်လှူပူဇော်ပွဲ အခမ်းအနားကျင်းပသည်။ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး မော်လမြိုင်မြို့ ဇောတိကာရုံ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူ ဆောက်တည်ပြီး ဆရာတော်ကြီးများ ရွတ်ပွားတော်မူအပ်သော မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် ဆရာတော်ကြီးများထံကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

မော်လမြိုင်မြို့ အတုလရန်အောင်ကျောင်း စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ကြီးက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရားချီးမြှင့်တော်မူ၍ အခမ်းအနားကိုဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

(လ/၀၁၂)

First Myanmar Investment Co.,Ltd. နှစ်လည်စည်းဝေး

ရန်ကုန် နိုဝင်ဘာ ၁၈

First Myanmar Investment (FMI) Co.,Ltd. (အများပိုင်ကုမ္ပဏီ)၏(၂၁)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို နိုဝင်ဘာ ၁၆ ရက်မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။ အစည်းအဝေးတွင် FMI Co.,Ltd. ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌနှင့် အစည်းအဝေးသဘာပတိ ဦးမောင်မောင်စိုးတင့်က အမှာစကားပြောကြားပြီး FMI Co.,Ltd. ဥက္ကဋ္ဌ Managing Agent ဦးသိမ်းဝေက FMI Co.,Ltd. လုပ်ငန်းအခြေအနေများ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ၂၀၁၂-၂၀၁၃ ခုနှစ် ငွေစာရင်းရှင်းတမ်းနှင့် နှစ်ပတ်လည်အစီရင်ခံစာကို တင်ပြအတည်ပြုခြင်း၊ ဒါရိုက်တာများရွေးချယ်တင်မြှောက်ခြင်းနှင့် ၂၀၁၃-၂၀၁၄ ခုနှစ် စာရင်းစစ်ခန့်အပ်ခြင်းတို့ကို အစည်းအဝေးအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ခဲ့သည်။ **(သတင်းစဉ်)**

အောက်ဆီဂျင်ဓာတ်ငွေ့အလုပ်ရုံနှင့်အက်ဆီတလင်းဓာတ်ငွေ့အလုပ်ရုံ နှစ်ရှည်ငှားရမ်း(သို့မဟုတ်)အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂၄) အကြီးစားစက်ရုံ(ဒဂုံ)လက်အောက်ရှိ အောက်ဆီဂျင်ဓာတ်ငွေ့အလုပ်ရုံနှင့် အက်ဆီတလင်းဓာတ်ငွေ့အလုပ်ရုံတို့ကို နှစ်ရှည်ငှားရမ်း(သို့မဟုတ်)အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ စိတ်ဝင်စားသူများအနေဖြင့် တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ပစ္စည်းစီမံရေးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းတွင် ၁၉-၁၁-၂၀၁၃ရက် ၀၉း၀၀နာရီမှ စတင်ဝယ်ယူနိုင်ပြီး ၁၀-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) ၁၆း၀၀နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပစ္စည်းစီမံရေးဌာန၊ အမှတ်(၂)၊ အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၁၅၁၊ ၀၆၇-၄၀၅၀၅၈တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC) တွင် နိုဝင်ဘာလအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

Human Resource Management Course for Entrepreneurs

စတင်ဖွင့်လှစ်မည့်ရက်စွဲ - ၂၀-၁၁-၂၀၁၃ရက်မှ ၂-၁၂-၂၀၁၃ရက် (ညနေပိုင်း ၈ ရက်သင်တန်း)

သင်တန်းကြေး - ၄၀၀၀၀ (ကျပ်လေးသောင်းတိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။

သင်တန်းစုံစမ်းရန် - ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)

ဖုန်း - ၅၂၂၈၇၅၊ ၅၂၂၈၇၆

Open Tender ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပျဉ်းမနား-ပင်လောင်းလမ်း မိုင် ၉/၂-၄၁/၅ အပိုင်းအတွင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် ပြည်ထောင်စုလမ်း/တံတားလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော ၆"-၉"ကျောက်အား Open Tender စနစ် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

Open Tender အမှတ်	**အမှတ်(၂) ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်**
၁။ **၆"-၉" ကျောက်**	- ၂၁၃.၅ ကျင်း
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်**	- ၂၀-၁၁-၂၀၁၃ ရက်မှ ၃-၁၂-၂၀၁၃ ရက်အထိ (ရုံးချိန်အတွင်း)
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်**	- ၄-၁၂-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်**	- ၄-၁၂-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီ
၅။ **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာနှင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များရောင်းချမည့်နေရာ**	- ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)၊ မိတ္ထီလာမြို့၊ ဖုန်း-၀၆၄-၂၃၁၁၈

အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃၇၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်ရှိ ငါးထပ်အဆောက်အအုံ ဝဒသမ ၁၁၈ကအား သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့်ဆက်စပ်သော လုပ်ငန်းများအား ဖက်စပ်ဆောင်ရွက်နိုင်ရန် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များသို့ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်**	- ၂၇-၁၂-၂၀၁၃ ရက် (သောကြာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ
တင်ဒါစိစစ်မည့်နေရာ	- ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၉)၊ နေပြည်တော်
တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်	- ၂၇-၁၂-၂၀၁၃ ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃၇၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်တွင် ၂၁-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။)

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ဖုန်း-၀၁-၂၅၂၅၇၃၊ ၀၁-၂၅၂၅၇၄

မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ၅/၂၀၁၃-၂၀၁၄ ကြိမ်မြောက် သစ်လုံးဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ပြည်တွင်းသုံး သစ်လုံးကုန်ကြမ်းများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်**	- ၃-၁၂-၂၀၁၃ ရက် နံနက် ၁၀ နာရီ
(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်**	- သစ်မာသစ်လုံး ၆၈၁ တန်
(ဂ) **ရောင်းချမည့်နေရာ**	- ယင်းမာခန်းမ၊ ပြည်တွင်းရောင်း/စက်(ရုံးချုပ်)၊ မြန်မာ့သစ်လုပ်ငန်း၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော **www.myanmatimber.com.mm** တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၀၂၃၊၀၁-၃၇၂၄၂၃၊၀၁-၃၇၂၆၈၈ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်လေလံကျင်းပရေးကော်မတီ

ပြည်တွင်းရောင်း/စက်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

လယ်ဝေးမြို့တွင် မဟာဘုံကထိန်ကျင်းပ

လယ်ဝေး နိုဝင်ဘာ ၁၈

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်တွင် မြို့နယ်လုံးဆိုင်ရာ (၃၂) ကြိမ်မြောက် မဟာဘုံကထိန်ပွဲတော်အတွက် မြို့ပေါ်ရှိရပ်ကွက်များနှင့်အဖွဲ့အစည်း ပေါင်းစုံမှ မဟာဘုံကထိန်ပွဲတော်ကြီးတွင် ပဒေသာပင်များကို သူ့ထက်ငါ အပြိုင်အဆိုင် ပြုလုပ်ဆင်ယင်နေကြသည်ကို တွေ့ရှိရသည်။

ထိုကဲ့သို့ မြို့ပေါ်ရှိရပ်ကွက်များနှင့် အဖွဲ့အစည်းပေါင်းစုံမှ ပြုလုပ်ဆင်ယင်ပြီးသော ပဒေသာပင်များကို လယ်ဝေးမြို့ရှိ သမိုင်းဝင်ဖောင်တော်ချက်မ သာသနာ့ဗိမာန်တော်ကြီးသို့ စုရပ်အဖြစ်ပို့ဆောင်သွားမည်ဖြစ်ပြီး (၃၂) ကြိမ်မြောက် မဟာဘုံကထိန်ပွဲတော်တွင် ဒို့လယ်ဝေး ပရဟိတလူငယ်များအဖွဲ့မှ ကိုသက်ပိုင်စိုးက ရှင်းပြရာတွင် "ကျွန်တော်တို့ပရဟိတအဖွဲ့အနေဖြင့် ယခုမဟာဘုံကထိန်ပွဲတော်ကြီးမှာ စေတနာရှင်များ၏ ကောင်းမှုနဲ့ ပဒေသာပင် သုံးခု ဆင်ယင်နိုင်ခဲ့ပါတယ်။ ကျန်ရှိတဲ့လူမှုရေးကိစ္စတွေဖြစ်တဲ့ သာရေး၊ နာရေး ကိစ္စတွေကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ တိုင်ပင်ပြီး ဆောင်ရွက်နေပါတယ်"ဟုရှင်းပြသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မော်လမြိုင်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်မည်

မော်လမြိုင် နိုဝင်ဘာ ၁၈

မော်လမြိုင်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမကို ၁၉၉၆ ခုနှစ်က စတင်တည်ဆောက်ခဲ့ရာ အဆောက်အအုံမပြီးဘဲ တစ်ပိုင်းတစ်စရှိနေခဲ့ရာ ယခုအခါ ပြည်ထောင်စုဝန်ကြီးရုံး ရန်ပုံငွေဖြင့် အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

၎င်းအဆောက်အအုံမှာ ၁ အလျားပေ၂၇၀၊ အနံ ၁၆၄ပေ၊ အမြင့် ၄၃ ပေ၊ ၉ လက်မ အဆောက်အအုံဖြစ်ပြီး မော်လမြိုင်တက္ကသိုလ်ဘက်စုံခန်းမအမည်ပေး၍ ပြန်လည်တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။ ၎င်းအဆောက်အအုံမှာ မြို့ပြလုပ်ငန်းအတွက် ငွေကျပ်သိန်း ၂၁၉၁၈ ဒသမ ၃၀ ဖြစ်ပြီး ရေသန့်လုပ်ငန်းအတွက် ငွေကျပ်သိန်း ၁၃၆၈ ဒသမ ၀၀ နှင့် လျှပ်စစ်လုပ်ငန်းအတွက် ငွေကျပ်သိန်း ၂၂၁၃ ဒသမ ၇၀ စုစုပေါင်း၊ ငွေကျပ်သိန်း၂၅၅၀၀ ဒသမ ၀၀ ကို အကုန်အကျခံပြီး ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှင့် ၂၀၁၄ မတ်လတွင် အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ ပြင်ပပန်းခြံအလှမွမ်းမံမှုနှင့် ခန်းမအတွင်းလေအေးစက်များတပ်ဆင်မှုကို ၂၀၁၄-၂၀၁၅ တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)မှ ဦးခင်မောင်ဦးနှင့်အဖွဲ့က ဦးဆောင်ပြီး လုပ်ဆောင်သွားမည် ဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာက ပြောကြားသည်။ **(လ/၀၁၂)**

ပွဲတော်ရက်အတွင်း ကျန်းမာရေးစောင့်ရှောက်ပေး

တပ်ကုန်း နိုဝင်ဘာ ၁၈

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၏ (၄၇) ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာမဟာဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အထောက်အကူပြုလုပ်ငန်းကော်မတီများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဖွဲ့စည်းပေးထားသည်။ ကျန်းမာရေးလုပ်ငန်းကော်မတီကဏ္ဍမှ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးကုသဦးစီးဌာနတို့က မဟာဘုံကထိန်ပွဲတော်ရက်အတွင်း ဒေသအသီးသီးမှ လာရောက်ကြသည့်ဈေးသည်များ၊ ဖျော်ဖြေရေးအစီအစဉ်ကြည့်ရှုသူများ၊ ပဒေသာပင်လှူဒါန်းကြသူများနှင့် ပဒေသာပင်လှည့်လည်ကြည့်ရှုသူများကို ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိသည်။ **(အောက်ပုံ)**

နိုဝင်ဘာ ၁၅ ရက်က ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှုမှာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၁၀ ဦး၊ ကလေးငါးဦး၊ မြို့နယ်တိုင်းရင်းဆေးကုသဦးစီးဌာနမှ အမျိုးသားကိုးဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၄၆ ဦးတို့ကို ကုသပေးခဲ့ကြောင်း သိရသည်။ **(၄၁၇)**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အထက(ခွဲ) ပန်းတိုင်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဒေါ်အေးအေးမြင့်ဦးဆောင်၍ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်ပညာရေးမိသားစုများ စုပေါင်းမဟာဘုံကထိန်လှည့်လည်စဉ်။

အေးအေးမြင့်

ပထမအကြိမ် ရခိုင်ပြည်နယ် လွှတ်တော်စည်းဝေး

နေပြည်တော် နိုဝင်ဘာ ၁၈

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်အဋ္ဌမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို နိုဝင်ဘာ၁၃ ရက် နံနက် ၁၀နာရီက ပြည်နယ်လွှတ်တော်ခန်းမ၌ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ အဆိုများ တင်သွင်းဆွေးနွေးခြင်းတို့ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့အတွင်းလမ်းများအား ရေပိုက်ချေး ဆေးကြော

ရန်ကုန် နိုဝင်ဘာ ၁၈

လမ်းအသုံးပြုနေကြသော အများပြည်သူများအဆင်ပြေချောမွေ့ကြစေရန်အတွက် ရန်ကုန်မြို့တော်အတွင်းရှိ မြို့တွင်းဧရိယာများ အတွင်းလမ်းများအား ရေပိုက်ချေး ဆေးကြောဆောင်ရွက်ခြင်းနှင့် နိုင်လွန်ကတ္တရာများအသစ်ပြန်လည် ခင်းကျင်းဆောင်ရွက်ခြင်းကို ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းတံတား)မှ တာဝန်ယူပြုလုပ် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ရေပိုက်ချေးဆေးကြောဆောင်ရွက်ခြင်းနှင့် နိုင်လွန်ကတ္တရာများအသစ်ပြန်လည် ခင်းကျင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းတံတား)မှ တာဝန်ရှိသူတစ်ဦးက "လက်ရှိမြို့တွင်း ဧရိယာများအတွင်းမှာရှိနေတဲ့ လမ်းမတော်မြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ ကျောက်တံတားမြို့နယ်တွေကို ပွင့်လင်းရာသီ ရောက်ကတည်းက စတင်ခင်းကျင်းနေတာပါ။ အခုလက်ရှိမှာ လမ်းအတွင်းရေပိုက်ချေးဆေးကြောပြီးသားတွေဖြစ်တဲ့ ပန်းဘဲတန်းမြို့နယ်အတွင်းက ၂၈လမ်းနဲ့ ကျောက်တံတားမြို့နယ်အတွင်းက ၃၈ လမ်း (အထက်ဘလောက်)တွေကိုခင်းနေပါပြီ၊ နိုင်လွန်ကတ္တရာအသစ်ပြန်လည်ခင်းကျင်းတယ်ဆို တော့မခင်းကျင်းခင်မှာ ရေပိုက်တွေကိုကြိုတင်ချေးဆေးကြောပေးရပါတယ်၊ ဒီလိုရေပိုက်တွေကို ကြိုတင်ချေးဆေးကြောလိုက်တော့ပြည်သူတွေအတွက် ရေပိုက်ပိတ်ဆို့မှုတွေလည်း မဖြစ်တော့ဘူး။ရေသုံးစွဲရတာလည်းအဆင်ပြေသွားတာပေ့ါ"ဟု ရှင်းပြသည်။ လက်ရှိရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန (လမ်းတံတား)မှ ပွင့်လင်းရာသီဖြစ်သော စက်တင်ဘာမှစတင်ကာ နိုင်လွန်ကတ္တရာအသစ်ပြန်လည်ခင်းကျင်းမှုများကို ဆောင်ရွက်ခဲ့ကြောင်းသိရပြီး ကုန်ကျစရိတ်များကို လမ်းသူ လမ်းသား ပြည်သူများထံမှ ကောက်ခံခဲ့ခြင်းမရှိဘဲ အင်ဂျင်နီယာဌာန(လမ်းတံတား) မှရရှိသောဘတ်ဂျက်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ကြော်ငြာစာသား

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သံရုံးနှင့် ပြင်သစ်နိုင်ငံမှ Quatuor Des Equilibres အဖွဲ့တို့ပူးပေါင်းတင်ဆက်သည့် Dream Event 2013 တေးဂီတဖျော်ဖြေပွဲကို ဂီတစာဆို တီးဝိုင်းခေါင်းဆောင် Odile PERCEAU မှ Handel and Bach တို့ရဲ့ ကျော်ကြားလှတဲ့ ဂီတအပိုင်းအစများနဲ့ သူမကိုယ်တိုင်ဖွဲ့သီထားတဲ့ ဂီတသံစဉ်များကို ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံမှာ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၁ ရက် ညနေ ၆း၃၀ နာရီတွင်လည်းကောင်း၊ မန္တလေးမြို့ အမျိုးသားကဇာတ်ရုံမှာ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၃ ရက် ညနေ ၆း၃၀ နာရီတွင်လည်းကောင်း ဖျော်ဖြေတင်ဆက်ပေးမှာဖြစ်ပါတယ်။ ဒီလိုထူးခြားတဲ့ ဂန္ထဝင်ဂီတဆည်းဆာ ညနေခင်းလေးကို မည်သူမဆို အခမဲ့ လာရောက်နားသောတဆင်ကြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

အသေးစိတ်ကို (French Institute) ဖုန်း- ၅၃၅၄၂၈၊ ၅၃၆၉၀၀ နှင့် ၅၃၇၁၂၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများမှဝယ်ယူရန်ရှိသော ကွန်ပျူတာ ၃၅ လုံး၊ Fax တစ်လုံး၊ ပရင်တာတစ်လုံး၊ စားပွဲ ကိုးလုံး၊ ကုလားထိုင် ကိုးလုံး၊ ဖိုင်တင်စင် ငါးခု၊ ဗီရို ငါးလုံးနှင့် E-government နှင့် E-Library နှင့်ဆိုင်သော ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း၊ ပြည်ရွှေဘိုဒေသ့ရိပ်သာပြင်ဆင်ခြင်းနှင့် သမတက္ကသိုလ်တွင် ဝန်ထမ်းအိမ်ရာရှေ့ မြစပယ်-မြမန္တလူအဆောင်ရှေ့၊ တက္ကသိုလ်ဝင်လမ်းများ ကွန်ကရစ်ခင်းခြင်း၊ တိုင်းရ/သုံး ရုံး အုတ်တံတိုင်းကာရံခြင်းနှင့် တိုင်းရေမြစ်ဖြိုးမှဆောင်ရွက်မည့် ကျောက်စီမြေထိန်းနံရံအလျားပေ ၂၆၀ တည်ဆောက်ခြင်းအတွက် လိုအပ်သောပစ္စည်းများဝယ်ယူရန်ရှိပါ၍ အောက်ပါအစီအစဉ်အတိုင်း တင်ဒါတင်သွင်းနိုင်ပါသည်။

(က) **တင်ဒါတင်သွင်းရက်** - ၁၇-၁၁-၂၀၁၃ရက်မှ ၃၀-၁၁-၂၀၁၃ရက်ထိ

(ခ) **တင်ဒါဖွင့်လှစ်မည့်ရက်** - ၁-၁၂-၂၀၁၃ ရက်

၂။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း-၀၇၁-၂၄၃၁၅ နှင့် ၂၂၅၃၄တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်အပိုပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၈-၁၁-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃-၁၂-၂၀၁၃ ရက် ၁၆း၃၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၃၁၂၄၂၊ ၄၃၁၂၄၃ တို့သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ စက်မှုလယ်ယာဦးစီးဌာန ရုံးအမှတ်(၅၀)၊ နေပြည်တော်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်ရွက်မည့် ကျေးလက်ကတ္တရာလမ်း (၁)လမ်း (၁)မိုင် (၇)ဖာလုံ၊ ကျောက်လမ်း ၁၂ လမ်း (၆၅)မိုင် ၆.၂ ဖာလုံ၊ မြေလမ်း ၁၀ လမ်း ၆၃ မိုင် ၇.၆၅ ဖာလုံ၊ တံတား ၂၁ စင်း၊ ရေထုတ်ပေါက်နှစ်ခု၊ ရေကျော် ၃၁ စင်း၊ ရေပေးရေးလုပ်ငန်း ၂၃ ခု၊ မီးလင်းရေးရေအား ကိုးခု၊ မီးလင်းရေးဆိုလာ ၂၃၅၃ ခုတို့အား တည်ဆောက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၁၇-၁၁-၂၀၁၃ရက်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင်ရယူ၍ အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရက်** - ၁၇-၁၁-၂၀၁၃ ရက်မှ ၁-၁၂-၂၀၁၃ ရက်အထိ

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ**-စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊မုံရွာမြို့

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း-၀၇၁-၂၂၅၃၄၊ ၂၄၃၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် မုံရွာမြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ပထမအကြိမ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရန်ရှိသော တိုင်းဒေသကြီးလွှတ်တော်ရုံး ဆောက်လုပ်ရန်အတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) **လွှတ်တော်ရုံးဆောက်လုပ်ခြင်း** (၁၁၆ပေ× ၅၆ပေ×၂၆ပေ) ၁ ရုံး **RC (၂)ထပ်**

(ခ) **တင်ဒါပုံစံရောင်းချမည့် ရက်/အချိန်** - ၁၅-၁၁-၂၀၁၃ ရက်မှ ၂၈-၁၁-၂၀၁၃ရက်အထိ ၀၉း၃၀ နာရီမှ ၁၆း၀၀ နာရီအထိ

(ဂ) **တင်ဒါပိတ်မည့်ရက်** - ၂၉-၁၁-၂၀၁၃ ရက် ၁၆း၀၀ နာရီ

(ဃ) **တင်ဒါပုံစံရောင်းချမည့် နေရာနှင့်တင်သွင်းရမည့် နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး၊ မုံရွာမြို့

၂။ တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်းတိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၇၁-၂၂၇၆၅၊ ၂၄၁၆၉၊ ၂၄၃၀၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး၊ မုံရွာမြို့

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီနှင့် ကျောက်ဆည်ခရိုင် ပြည်သူ့ကိုယ်စားလှယ်များတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၈

မြန်မာနိုင်ငံ အစိုးရအဖွဲ့၏ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဒုတိယဥက္ကဋ္ဌ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့်အတူ နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် (၃၂၅/၅)နှင့် မြင်းခြံ-နွားထိုးကြီး-မြစ်သားလမ်း တစ်လျှောက် ကြည့်ရှုစစ်ဆေး၍ ကျောက်ဆည်မြို့ ရွှေဖောင်ဒေးရှင်းခန်းမ၌ ကျောက်ဆည်ခရိုင်အတွင်းရှိ ပြည်သူ့ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌများနှင့် ကော်မတီအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ စည်ပင်သာယာရေးကော်မတီဝင်များနှင့်တွေ့ဆုံပြီး ပြည်သူများ၏ဆန္ဒ၊ ပြည်သူများ၏အသံ၊ ပြည်သူတို့၏ဖြစ်လိုသည်များ သိရှိပြီးဆောင်ရွက်ပေးနိုင်ရန်ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့်တာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် ဆောင်ရွက်မည့်အစီအစဉ်များ ရှင်းလင်းပြောကြားပြီး ပြည်သူ့ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းရာ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်မီးလင်းရေး အထောက်အကူပြုပစ္စည်းနှင့် စက်မှုထုတ်ကုန်ပစ္စည်းများပြပွဲ မန္တလေးမြို့၌ ကျင်းပမည်

မန္တလေး နိုဝင်ဘာ ၁၈

ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသများအားလုံး လျှပ်စစ်မီးရရှိရန် ဒေသနှင့်ကိုက်ညီသင့်တော်မည့်နည်းလမ်း အသုံးချနိုင်စေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကျေးလက်မီးလင်းရေး အထောက်အကူပြုပစ္စည်းနှင့်စက်မှုထုတ်ကုန်ပစ္စည်း ပြပွဲ(အထက်မြန်မာပြည်၊ မန္တလေး)ကို ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၂၁ ရက်မှ ၂၃ ရက်ထိ သုံးရက်တိုင်တိုင်ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ကျေးလက်မီးလင်းရေးအတွက် ဆက်စပ်ပစ္စည်းများနှင့် စက်မှုထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသမည်ဖြစ်ပြီး လုပ်ဆောင်ရမည့်နည်းလမ်းနှင့်လုပ်ငန်းစဉ်များမှာ မဟာဓာတ်အားလိုင်းစနစ်မှလျှပ်စစ်ဓာတ်အားရယူခြင်း၊ ဆိုလာစနစ်မှ လျှပ်စစ်ဓာတ်အား ရယူခြင်း၊ Gassified ဖြင့် လျှပ်စစ်ဓာတ်အားရယူခြင်း၊ ဘိုင်အိုဂက်စ်ဖြင့် လျှပ်စစ်ဓာတ်အားရယူခြင်း၊ အသေးစားရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အားရယူခြင်း၊ ဒီဇယ်အင်ဂျင်ဖြင့် လျှပ်စစ်ဓာတ်အားရယူခြင်းတို့ ဖြစ်သည်။

အထက်ဖော်ပြပါနည်းလမ်းများအတွက် အသုံးပြုရန် ဆက်စပ်ပစ္စည်းများ ခင်းကျင်းပြသမည်ဖြစ်ပါ၍ မိမိတို့ကျေးရွာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လာရောက်ကြည့်ရှုလေ့လာနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

အကောင်အထည်ဖော်

မန္တလေးတိုင်းဒေသကြီးအတွင်း မဟာဓာတ်အားလိုင်းစနစ်မှ နှစ်မိုင်အကွာအဝေးရှိ ကျေးရွာ ၇၇၉ ရွာ မဟာဓာတ်အားလိုင်းစနစ်မှ ဓာတ်အားရယူသုံးစွဲနိုင်မည့်အပြင် အခြားသင့်တော်မည့်နည်းလမ်းများဖြင့်သော်လည်းကောင်း၊ ကျန်ရှိသော ကျေးရွာများအနေဖြင့် မိမိတို့ဒေသနှင့်ကိုက်ညီသင့်တော်မည့် နည်းလမ်းများဖြင့် ကျေးလက်မီးလင်းရေး လုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။ **သန်းဇော်မင်း(မန္တလေး)**

အောင်ချမ်းစည် မူလတန်းကျောင်းဆောင် ဆောက်လုပ်မှုကို တွေ့ရစဉ်။

ဆားလင်းကြီးမြို့နယ်၌ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

မုံရွာ နိုဝင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် တိုင်းဒေသကြီးလူမှုရေးဝန်ကြီးဒေါက်တာမြင့်သိန်းနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းက ဆားလင်းကြီးမြို့နယ် ဒုန်းတောကျေးရွာသို့ ရောက်ရှိပြီး မူလတန်းလွန်ကျောင်း ကျောင်းဆောင် ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တောင်ပလူ ယာယီတိုက်နယ်ဆေးရုံတိုးချဲ့ ဆောက်လုပ်မှုအခြေအနေ။

ဆက်လက်ပြီး ကံကုန်းအထက်တန်းကျောင်း ကျောင်းဆောင် ဆောက်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်း၊ တိုက်နယ်ဆေးရုံ၊ ဆောက်လုပ်မှုအခြေအနေ၊ တောင်ပလူယာယီ တိုက်နယ်ဆေးရုံ တိုးချဲ့လူနာဆောင် ဆောက်လုပ်မှု **(ဝဲပုံ)**နှင့် မူလတန်းကျောင်း ကျောင်းဆောင် ဆောက်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ အောင်ချမ်းစည် ကျေးရွာ**(အပေါ်ပုံ)**၊ ထန်းတောကြီးကျေးရွာ၊ ဝက်မှေး- ကံတော၊ ဆည်တည်း-ဇီးတောကျေးရွာ၊ ဖောင်းကတာကျေးရွာတို့တွင်လည်း ကျောင်းဆောင်သစ် ဆောက်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

သတိပေးနှိုးဆော်ချက်

နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးအထက်စီးနင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် သေဆုံးကြရသည်ကို စိစစ်တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ဆောင်းလျှင် မေးသိုင်းကြိုးခိုင်ခံ့စွာ တပ်ဆင်ရန်နှင့် နှစ်ဦးအထက် ပိုမစီးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေးဟောပြော

စဉ့်ကူး နိုဝင်ဘာ ၁၈

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် နိုင်ငံတော်၏ စီမံကိန်းများ အောင်မြင်စေမည့် အခြေခံကျသည့် လုပ်ငန်းစဉ်ဖြစ်ရာ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ရရှိရန် ဟူသောရည်ရွယ်ချက်များဖြင့် သန်းခေါင်စာရင်းဆိုင်ရာ အကြောင်းအရာများအား ပြည်သူများသိရှိရန် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ စဉ့်ကူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးအရာရှိ ဦးဝင်းမြင့်ထူးက ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရခြင်း၏ရည်ရွယ်ချက်များနှင့်သန်းခေါင်စာရင်းကောက်ယူရာတွင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေရေးအတွက် အသိပညာပေးပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများ၏သိရှိလိုသည့် မေးမြန်းမှုများအပေါ် ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်းသိရသည်။ **(၄၃၃)**

မလငီးတန်

ဖွံ့ဖြိုးဖို့

စာအုပ်စာပေ

လေ့လာစို့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကျိုင်းတောင်းမြို့၏အနောက်တောင်ဘက်(၁၄)မိုင်ခန့်အကွာ၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းတွင် ဆောင်ရွက်သွားမည့် တမံဖို့ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၂၅-၁၁-၂၀၁၃ရက်၊ ၁၆း၃၀နာရီ

Company Profile အပါအဝင် Technical Proposal နောက်ဆုံးထား၍တင်သွင်းရမည့်ရက် - ၄-၁၂-၂၀၁၃ရက်၊ ၁၆း၃၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

ရုံးအမှတ် ၂၇၊ နေပြည်တော်

ဖုန်း-၀၆၇-၄၁၀၂၅၇၊ ၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကျိုင်းတောင်းမြို့၏အနောက်တောင်ဘက်(၁၄)မိုင်ခန့်အကွာ၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းတွင် ဆောင်ရွက်သွားမည့် CVC ခွဲကျောက်ကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၂၅-၁၁-၂၀၁၃ရက်၊ ၁၆း၃၀နာရီ

Company Profile အပါအဝင် Technical Proposal နောက်ဆုံးထား၍တင်သွင်းရမည့်ရက် - ၄-၁၂-၂၀၁၃ရက်၊ ၁၆း၃၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

ရုံးအမှတ် ၂၇၊ နေပြည်တော်

ဖုန်း-၀၆၇-၄၁၀၂၅၇၊ ၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကျိုင်းတောင်းမြို့၏အနောက်တောင်ဘက်(၁၄)မိုင်ခန့်အကွာ၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းတွင် ဆောင်ရွက်သွားမည့် မြေကြီးကျောက်သားများတူးဖော်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၂၅-၁၁-၂၀၁၃ရက်၊ ၁၆း၃၀နာရီ

Company Profile အပါအဝင် Technical Proposal နောက်ဆုံးထား၍တင်သွင်းရမည့်ရက် - ၄-၁၂-၂၀၁၃ရက်၊ ၁၆း၃၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

ရုံးအမှတ် ၂၇၊ နေပြည်တော်

ဖုန်း-၀၆၇-၄၁၀၂၅၇၊ ၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

ကန့်ကွက်နိုင်ပါသည်

၁။ မူဆယ်မြို့ ကောင်းမူးလွယ်ရပ်ကွက်နေ ဒေါ်နန်းခမ်းလင်းအမည်ဖြင့် ကောင်းမူးတုံရပ်ကွက်၊ ပန်လုံကွက်သစ်၊ မြေကွက်အမှတ် ၅၇၀၊ ဧရိယာ ၀ဒသမ ၁၈၃၈ ဧကရှိ မြေနေရာကို ဒေါ်နန်းခမ်းလင်း အမည်ဖြင့် ပေးမိန့်ရရှိခဲ့ပါသည်။

၂။ အဆိုပါမြေကွက်၏မြေပေးမိန့်မှာ မိမိလက်ဝယ်တွင် ပျောက်ဆုံးသွားပါသဖြင့် ယခုအခါ ပိုင်ရှင်ဒေါ်နန်းခမ်းလင်းမှ ကျွန်တော်ဦးရန်ချင်ကန် ၁၃/လရန(နိုင်)၀၈၈၃၉၉ (ဘ) ဦးရန်ဇူးပန်းထံသို့ အထူးကိုယ်စားလှယ်လွှဲအပ်ခဲ့ပြီးဖြစ်သဖြင့် မြေပေးမိန့်စာအုပ် စိစစ်ထောက်ခံပေးနိုင်ရေး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြလာမှုအပေါ် မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားအပြည့်အစုံဖြင့် ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မူဆယ်မြို့၊ဖုန်း-၀၈၂-၅၀၆၉၀၊၀၈၂-၅၀၅၀၃

အမြန်ဆုံးဆက်သွယ်ပေးပါရန်

ဦးလှလွင်(ခ)ဦးရွှေထီး (ရုပ်ရှင်ဒါရိုက်တာ)၏ ဓာတ်ပုံတစ်ပုံ ရယူရန်အတွက် သားသမီးတစ်ဦးဦး(သို့)ဒေါ်ချိုချိုလွင်မှ ကျေးဇူးပြု၍ အောက်ပါဖုန်းနံပါတ်အတိုင်း အမြန်ဆုံး ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဦးလှသန်း ဖုန်း-၀၉-၅၄၁၆၁၅၉၊ ၀၉-၇၃၁၃၅၉၈၆

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် ဦးသင်ဇော်မိုး ၁၂/ဗတထ(နိုင်)၀၁၅၄၂၄ နှင့် ဒေါ်ရီရီကျော် ၁၂/မဂတ(နိုင်)၀၁၃၈၁၉တို့သည် ၁၅-၁၁-၂၀၁၃ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရုံးတွင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်သည့်အပြင် လက်ထက်ပွား ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကို တစ်ဦးတည်းသောသားအမည်ဖြင့် လွှဲပြောင်းပေးပြီးဖြစ်ပါသဖြင့် ဒေါ်ရီရီကျော်နှင့် ကျွန်တော်သည် မည်သို့မျှ သက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသင်ဇော်မိုး ၁၂/ဗတထ(နိုင်)၀၁၅၄၂၄

မှုခင်းသတင်းနှင့်ကြော်ငြာ

မန်စီမြို့နယ်တွင် တရားမဝင်သစ် တန်ဖိုးငွေကျပ် ၁၆၅၈ သိန်းကျော် ဖမ်းဆီးရမိ

ဗန်းမော် နိုဝင်ဘာ ၁၈

ကချင်ပြည်နယ် ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်အောင် ဦးစီး၍ ခရိုင်နှင့်မြို့နယ်တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၁ ရက် ညနေ ၆ နာရီခွဲက မန်စီမြို့နယ် ရီခူးမန်ခံကျေးရွာတွင် သတင်းအရ တရားမဝင်သစ်များ သယ်ဆောင်ထားသော ယာဉ် ၁၇ စီးနှင့် တင်ဆောင်ရန် ရောက်ရှိနေသည့် ယာဉ်လေး စီးတို့ကို ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသည့် သစ်များကို ရီခူးမန်ခံရွာမှ ဗန်းမော်မြို့ သစ်ထုတ်ရေး/သစ်တောဌာနများသို့ သုံးသုတ်ခွဲ၍ သယ်ဆောင်ခဲ့ရာမှ နိုဝင်ဘာ ၁၄ ရက်တွင် သစ်များနှင့်အတူ ယာဉ် ၂၁စီး ဗန်းမော်သို့ ရောက်ရှိခဲ့သည်။

တာဝန်ရှိသူများက တရားမဝင်သစ်များကို တိုင်းတာကြရာ နိုဝင်ဘာ ၁၂ ရက်တွင် ယာဉ်ခြောက်စီး တမလန်းသစ် ၆၅ ဒသမ ၆၆၅ တန် ဒေသ ပေါက်ဈေးကာလတန်ဖိုးငွေကျပ် ၄၆၇၇၅၂၀၀၊ နိုဝင်ဘာ ၁၃ ရက်တွင် ယာဉ် ခုနစ်စီး တမလန်းသစ် ၁၀၃ ဒသမ ၆၆၄ တန် ဒေသပေါက်ဈေး ကာလတန်ဖိုး ၇၁၅၅၀၄၀၀၊ နိုဝင်ဘာ ၁၄ ရက်တွင် ယာဉ်ခြောက်စီး ကျွန်း၊ တမလန်းသစ် ၅၄ ဒသမ ၄၈၅ တန် ဒေသပေါက်ဈေးကာလတန်ဖိုး ၃၇၉၁၂၂၀၀၊ နိုဝင်ဘာ ၁၅ ရက်တွင် ယာဉ် နှစ်စီး၊ အင်ကြင်း/တမလန်းသစ် ၁၃ ဒသမ ၅၆၀ တန် ဒေသပေါက်ဈေးကာလတန်ဖိုး ၉၆၂၅၉၀၀၊ စုစုပေါင်း တရားမဝင် ကျွန်း၊ တမလန်း၊ အင်ကြင်းသစ် ၂၃၇ ဒသမ ၃၇၄ တန် ဒေသပေါက်ဈေးကာလတန်ဖိုး ငွေကျပ် ၁၆၅၈၆၃၇၀၀ တို့ကို ဖမ်းဆီးရမိခဲ့သည်။ ယာဉ်ငါးစီးနှင့်အတူ တရားမဝင် သစ် များကို ရီခူးမန်ခံ ကျေးရွာနေ ဦးသိန်းယော် အိမ်ဝိုင်းအတွင်းမှ ရှာဖွေတွေ့ရှိသဖြင့် မန်စီမြို့မရဲစခန်းက ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး ဥပဒေပုဒ်မ ၆(၁) အရအမှုဖွင့်၍ ဦးသိန်းယော် (၂၇နှစ်) ရီခူးမန်ခံ ကျေးရွာ မန်စီမြို့နယ် နေထိုင်သူကို စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

မှန်လုံယာဉ် လေးစီး၊ ၁၂ဘီးယာဉ် ကိုးစီး၊ ခြောက်ဘီးယာဉ် တစ်စီး (နံပါတ်မပါ)၊ တံဖုန်းယာဉ် နှစ်စီး (နံပါတ်မပါ) စုစုပေါင်း ယာဉ် ၁၆စီးတို့နှင့်အတူ တင်ဆောင်လာသော သစ်များကို သိမ်းဆည်းရမိခဲ့၍ မန်စီမြို့မရဲစခန်းက ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးဥပဒေပုဒ်မ ၆(၁)အရ အမှုဖွင့်၍ တရားမဝင်သစ် သယ်ဆောင်သူများကို ဖမ်းဆီးရမိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ခရိုင်ရဲတပ်ဖွဲ့နှင့်တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက တရားမဝင်သစ်များနှင့်အတူ ဖမ်းဆီးရမိသော ယာဉ် ၂၁စီးကို လုံခြုံထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် (၂)မိုင်မနောကွင်းမှ ပေါက်ကုန်းရပ်ကွက် ရဲတပ်ဖွဲ့ ဝန်ထမ်းလိုင်းမြေနေရာသို့ ပြောင်းရွှေ့ ထိန်းသိမ်းထားကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **ဆီမီးခုံ-နန်းရီ**

ဗဟန်းမြို့နယ်တွင် လုယက်မှုဖြစ်ပွား

ရန်ကုန် နိုဝင်ဘာ ၁၈

ဗဟန်းမြို့နယ်တွင် နိုဝင်ဘာ ၁၄ ရက် ည ၉ နာရီ ၄၅ မိနစ်က မနှင်းဝါဖြူ အဓိပတိ ဆေးခန်းအကူ တာမွေကြီး(ခ) ရပ်ကွက် တာမွေမြို့နယ်နေသူသည်အလုပ်လုပ်ကိုင်နေရာမှအနောက်မြင်းပြိုင်ကွင်းလမ်းထောင့်ရှိ အမှိုက်ပုံသို့ အမှိုက်ပစ်ပြီး ပြန်လာစဉ် ဆေးခန်းအနီး အမှတ်(၉၃) တိုက်လှေကားရှေ့အရောက် မျိုးချစ် အရိုးကုန်းရပ်ကွက် တာမွေမြို့နယ်နေသူက မနှင်းဝါဖြူ၏ လက်ကိုဆွဲ၍ လှေကားဘက်သို့ ဆွဲခေါ်သဖြင့် အော်ဟစ်အကူအညီ တောင်းရန်ကြိုးစားခဲ့ရာ မျိုးချစ်က မနှင်းဝါဖြူ၏ လည်ပင်းကိုညှစ်ကာ ပါးစပ်ကို လက်ဖြင့် ပိတ်၍ နားရွက်ကိုကိုက်သဖြင့် မနှင်းဝါဖြူက မျိုးချစ်၏လက်ကို ပြန်လည်ကိုက်ပြီး ထွက်ပြေးရန် ရုန်းကန်စဉ် လှေကားအတိုင်း အမျိုးသားတစ်ဦး ဆင်းလာသဖြင့် မျိုးချစ်က မနှင်းဝါဖြူဆွဲထားသော အလေးချိန် တစ်ကျပ်သားခန့်ရှိ ရွှေဆွဲကြိုး တစ်ကုံး ကာလတန်ဖိုးငွေကျပ် ခုနစ်သိန်းခန့်ကို လုယူထွက်ပြေးသွားခဲ့သောကြောင့် မျိုးချစ်အား ဗဟန်းမြို့မရဲစခန်းက အမှုဖွင့်၍ ဖမ်းဆီးရမိရေး စုံစမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ခရီးသည်တင်ဆောင်မောင်းနှင်လာသောမော်တော်ဆိုင်ကယ်ကို နောက်မှမှန်လုံယာဉ် ဝင်တိုက်

ဘီးလင်း နိုဝင်ဘာ ၁၈

နိုဝင်ဘာ ၁၆ ရက် နံနက် ၅ နာရီခန့်တွင် ဘီးလင်းမှတောင်စွန်းကျေးရွာသို့ ယာဉ်မောင်းကိုမျိုး မောင်းနှင်လာသော ခရီးသည်တင်မှန်လုံယာဉ် ၆ခ/. . သည် ဘီးလင်းမြို့နယ် အနိုင်းပွန်ကျေးရွာနှင့် သစ်တိုကျွန်းကျေးရွာသို့ အရောက်တွင် ဘီးလင်းမှ ဇုတ်သုတ်သို့လှိုင်လင်းထွန်း မောင်းနှင်ပြီး ခရီးသည် သက်ဝေစိုး (၂၉)နှစ် လိုက်ပါလာသော ဆိုင်ကယ်ကို နောက်မှ ဝင်ရောက်တိုက်မိရာ သက်ဝေစိုးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ဆိုင်ကယ် တက္ကစီမောင်း လှိုင်လင်းထွန်းမှာ ဘီးလင်းဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။ မှန်လုံယာဉ်မောင်းမှာထွက်ပြေးတိမ်းရှောင်သွားသဖြင့် ဖမ်းဆီးရမိရေး မြို့နယ်ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောင်းဆရာမ၏ဆိုင်ကယ်ကို စီးယူထွက်ပြေး

မိတ္ထီလာ နိုဝင်ဘာ ၁၈

မိတ္ထီလာမြို့ ပြည်သာယာတောင်ရပ်ကွက်နေ အမက(၄၉)မူလွန်ကျောင်းမှ ကျောင်းဆရာမဒေါ်နှင်းနှင်းမိုး(၄၂နှစ်) သည် နိုဝင်ဘာ ၁၃ ရက်က ပြည်သာယာတောင် ဝန်ထမ်းအိမ်ရာ နှင်းဆီလမ်းရှိ ဆွေမျိုးအိမ်ရှေ့တွင် ၁၂ယ/. . . ကမ်ဘို ၁၁၀ ဆိုင်ကယ်ကို ရပ်ထားခဲ့သည်။ ၎င်းအိမ်မှ ပြန်အထွက် ဆိုင်ကယ်အနီးရောက်စဉ် အမည်မသိ အသက် ၂၀ခန့် အင်္ကျီ အဖြူလက်တို၊ ပုဆိုးအစင်းကြားနှင့် လူငယ်တစ်ဦးက ဒေါ်နှင်းနှင်းမိုး၏ ဆိုင်ကယ်ကို စီးပြီး ထွက်ပြေးသွားသည်။ ဒေါ်နှင်းနှင်းမိုးက အမှတ်(၃) ရဲစခန်းတွင် အမှုဖွင့် တိုင်ကြားထားကြောင်း သိရသည်။

တင်လှိုင်(မိတ္ထီလာ)

ဆိုင်ကယ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မိ

တောင်တွင်းကြီး နိုဝင်ဘာ ၁၈

မကွေးတိုင်းဒေသကြီး မကွေးခရိုင်တောင်တွင်းကြီးမြို့နယ်တောင်တွင်းကြီး-ပြည်ကားလမ်းမကြီးပေါ်တွင် နိုဝင်ဘာ ၁၂ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်က တောင်တွင်းကြီးမှ ဆတ်သွားဘက်သို့ ဦးတည်၍ သီဟအောင် (၂၀နှစ်)ဆည်မြောင်းဝင်းညောင်ပင်လှကျေးရွာ တောင်တွင်းကြီးမြို့နေသူက၁၉ယ/---- ဝေ့ ၁၁၀ အမျိုးအစားဆိုင်ကယ်ပေါ်တွင် တစ်ရပ်တည်းနေကျော်ကိုကို (၁၉ နှစ်)အား တင်ဆောင်လျက် မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် ၂၈၉/၁ အနီးသို့အရောက် ၎င်းလမ်းမကြီးအတိုင်း ဆည်မြောင်းဝင်း ညောင်ပင်လှကျေးရွာနေသူ မောင်းနှင်လာသော လေ့ဂျာ ၁၁၀ အမျိုးအစား ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင်တိုက်မိပြီး ဆိုင်ကယ်နှစ်စီးလဲကျခဲ့သည်။ အဆိုပါ ယာဉ်တိုက်မှုကြောင့် ပြည့်ဖြိုးကျော်၊ သီဟအောင်တို့တွင်ဒဏ်ရာများရရှိခဲ့သဖြင့် တောင်တွင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့သည်။ ယင်းသို့ပို့ဆောင်ခဲ့စဉ် ပြည့်ဖြိုးကျော်မှာ အခင်းဖြစ်ပွားစဉ် ရရှိခဲ့သောဒဏ်ရာဖြင့် ထိုနေ့ည ၁၀ နာရီ ၁၅ မိနစ်တွင် ဆေးရုံ၌ သေဆုံးသွားခဲ့သည်။ ကျန်ဒဏ်ရာ ရရှိသူများမှာ ဒဏ်ရာများပြင်းထန်၍ တောင်တွင်းကြီးပြည်သူ့ဆေးရုံကြီးမှ နေပြည်တော်ပြည်သူ့ဆေးရုံကြီးသို့ ပြောင်းလဲဆေးကုသမှုခံယူကြောင်း သိရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်ကိုမဆင်မခြင်မောင်းနှင်သူ သီဟအောင်နှင့် ပြည့်ဖြိုးကျော်တို့အား တောင်တွင်းကြီးရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ဟသ်ာ(တောင်တွင်းကြီး)**

အမှတ် (၈၉) အဆန် အမြန်လူစီးရထား လမ်းချော်

မော်လမြိုင် နိုဝင်ဘာ ၁၈

မွန်ပြည်နယ် ကျိုက်ထိုမြို့ ဘုရားကြီးဘူတာနှင့် ကျိုက်ထိုဘူတာကြား မီးရထားလမ်း မိုင်တိုင်အမှတ် ၉၇/၁၃ မှ ၁၈ ကော့စနိုင်ရပ်ကွက်တွင် နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၁၂ နာရီ ၅ မိနစ်ခန့်က ရန်ကုန်မှမော်လမြိုင်သို့စက်ခေါင်းမောင်း ဦးဌေးအောင် မောင်းနှင်ပြီး ဦးတင်ထွဋ် (ရထားထိန်း) လိုက်ပါတာဝန်ထမ်းဆောင်လာသော အမှတ် (၈၉) အဆန်လူစီးရထားတွဲအမှတ်(BBEZ) ၁၀၆၅၉ ကုန်တင်တွဲသည် ဘီးအမှတ် (၂)အပြင်ကျပြီး ဘီးအမှတ်(၇)သည် အတွင်းကျ၍ လမ်းချော်မှုဖြစ်ပွားကြောင်းသိရသည်။ အဆိုပါရထားလမ်းချော်မှုကြောင့် ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာမရှိကြောင်းနှင့် လမ်းချော်သွားသော ကုန်တင်တွဲကို မုပ္ပလင်စက်ခေါင်းပြင်စက်ရုံမှ စက်မှုကျွမ်းကျင်အဆင့်(၃)ဦးဝင်းမြင့်ဦး(တွဲစစ်မှူး) နှင့်အဖွဲ့က ပြုပြင်ခဲ့ရာ ညနေ ၄ နာရီခန့်တွင် ပြီးစီး၍ သက်တမ်းကုန်ဆုံးနေသော ၎င်းတွဲကို ကျိုက်ထိုဘူတာတွင် ဖြုတ်ထားခဲ့ပြီး ရထားမှာ ကျိုက်ထိုဘူတာမှ ညနေ ၆ နာရီ ၅ မိနစ်ခန့်တွင် ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

(လ/ဝ၁၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ပြုပြင်ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန် တရားဝင်အသိအမှတ်ပြု(လိုင်စင်ရအဖွဲ့အစည်း ကုမ္ပဏီ) ကန်ထရိုက်တာများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

(က) OT Complex, Imaging Complex များ ပါဝင်သည့် တိုးချဲ့ငါးထပ်ဆောင် တည်ဆောက်ခြင်း
(ခ) Cyclotron Pet-CT ထားရှိရန် တိုးချဲ့အဆောက်အအုံတည်ဆောက်ခြင်း
(ဂ) အစာအိမ်နှင့်အူလမ်းကြောင်းဆေးကုသဆောင်အကြီးစားမွမ်းမံပြင်ဆင်ခြင်း
(ဃ) ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း Car Parking ခင်းခြင်း၊ Landscaping နှင့် Lamp-Post ဆောင်ရွက်ခြင်း၊ အဆောင်အချို့အားဆေးသုတ်ခြင်း
(င) ပင်မဆောင်နှင့် ဦးနှောက်နှင့်အာရုံကြောကုသဆောင် ခြံစည်းရိုးများဆေးသုတ်မွမ်းမံခြင်း
(စ) ဆေးရုံကြီးဝင်းအတွင်း Drainage နှင့် Apron များ ဆောင်ရွက်ခြင်း
(ဆ) ပင်မဆောင်နှင့် နှလုံးကုသဆောင်တို့၏ Waste Line Sanitation များ ပြုပြင်ခြင်း
(ဇ) အနော်ရထာလမ်းဘက်ရှိ ပျက်စီးနေသောအုတ်တံတိုင်းအား ပြန်လည်တည်ဆောက်ခြင်း
(ဈ) လျှပ်စစ်လိုင်းများအား ဖြည့်တင်းသွယ်တန်းခြင်းလုပ်ငန်း

၂။ အဆိုပါလုပ်ငန်းများနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းရယူနိုင်ပါသည်။

၃။ **တင်ဒါတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** -၁၈-၁၁-၂၀၁၃ရက်(တနင်္လာနေ့)
အိတ်ဖွင့်တင်ဒါများပိတ်မည့်ရက် -၁၇-၁၂-၂၀၁၃ ရက်(အင်္ဂါနေ့)၊ ၁၆း၀၀နာရီ

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

(၁၃/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန် ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-105(2013-2014)	2 7/8", 4 1/2" & 5" Drill Pipe	(3) Items	US$
(၂)	IFB-106(2013-2014)	Annular Blow Out Preventers	(2) Nos	US$
(၃)	IFB-107(2013-2014)	Interpretation Workstation	(1) Lot	US$
(၄)	IFB-108(2013-2014)	Data Processing Centre	(1) Lot	US$
(၅)	IFB-109(2013-2014)	Data Acquisition Sercel 428 Telememtry Recording System	(1) Lot	US$
(၆)	IFB-110(2013-2014)	SSB/HF & VHF/FM Transceiver	(4) Items	US$
(၇)	IFB-111(2013-2014)	Spare for VSAT	(2) Items	US$

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၈-၁၂-၂၀၁၃ရက် ရုံးချိန်အတွင်း ၁၆း၃၀နာရီတွင်နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၅၉၉၀၃ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဦး ၇/ဝမန(နိုင်)၀၀၄၃၉၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၄၀၈၅ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇေ ၁၄/ဒဒရ(နိုင်)၀၀၇၃၇၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မအူပင်)၊မအူပင်မြို့**

နယ်သတင်းနှင့်ကြော်ငြာ

သာသနပါလက ဘုံဆွမ်းလောင်းအသင်း ဒုတိယအကြိမ် ကထိန်လှူဒါန်း

ပုသိမ်ကြီး နိုဝင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းသာယာရပ်ကွက်လူငယ်များ စုစည်းဖွဲ့စည်းထားသည့် သာသနပါလက ဘုံဆွမ်းလောင်းအသင်း၏ ဒုတိယအကြိမ်မြောက် ကထိန်တော် အလှူမင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၀ရက် နံနက် ၇နာရီက ကျင်းပရာ ကထိန်မဲကျရာ ကျောင်းတိုက်ဖြစ်သော ဆင်ဘွတ်ကလေး ကျေးရွာ အောင်မင်္ဂလာကျောင်းတိုက်တို့သို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင် လှူဒါန်းကြသည်။

အစီအစဉ်အရ အောင်မင်္ဂလာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဓမ္မပါလထံမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းဦး၊ သာသနပါလကဘုံဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဦးသောင်းလွင်နှင့်အဖွဲ့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ကထိန်သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ဝတ္ထုငွေများ လှူဒါန်းပြီး ရေစက်သွန်းချ အမျှဝေကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ သာသနပါလကဘုံဆွမ်းလောင်းအသင်းစုပေါင်းဘုံကထိန် လှူဒါန်းငွေ စုစုပေါင်း တစ်ဖိုးမှာ ကျပ်နှစ်ဆယ့်တစ်သိန်းကျော် ဖြစ်ကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း ဓာတ်အားလိုင်းအတွက် အဆင့်မြင့်ကွန်ကရစ်တိုင်များရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်တွင် ပြည်သူများလျှပ်စစ်အလွှာရာယ် ကင်းရှင်းစေရေးအတွက် မြို့နယ်လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဦးဆောင်၍ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း (11KV) ဓာတ်အားလိုင်းကြိုးဝိုင်မှုရှိစေရေးအတွက် အဆင့်မြင့် သစ်သားတိုင်များအစား ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကွန်ကရစ်တိုင်၆၀ ပေးပို့ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ) **စိန်တိုး (ကွမ်းခြံကုန်း)**

ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲကျင်းပ

မြစ်ကြီးနား နိုဝင်ဘာ ၁၈

ကျောင်းသား ကျောင်းသူများ ကျောင်းနေပျော်၍ ပညာကို လိုလိုလားလား သင်ယူနိုင်ရေးအတွက် လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များက ချို့တဲ့ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်လှူဒါန်းပွဲကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၃ ရက် နံနက် ၉နာရီက မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ရာဒါကောင်း(B) အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပွဲကို ကျင်းပသည်။

အဆိုပါကျောင်းဝတ်စုံထောက်ပံ့ပေးအပ်ပွဲတွင် ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဘောက်မိုင်က ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ရခြင်း ရှင်းလင်းပြောကြားရာ ချို့တဲ့ကျောင်းသား ကျောင်းသူ ၁၅ဦးအတွက် ကျောင်းဝတ်စုံများကို ကျောင်းအုပ်ဆရာမကြီးဒေါ်ဂျာဘောက်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ အခမ်းအနားသို့ အလှူရှင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများနှင့် ၎င်းတို့၏မိဘများတက်ရောက်ကြကြောင်း သိရသည်။ **မိုးယံကျ(မြစ်ကြီးနား)**

မိတ္ထီလာ၌ ကလေးဆရာဝန်အိမ် သိန်း၅၀ကျော်ဖောက်ထွင်းခံရ

မိတ္ထီလာ နိုဝင်ဘာ ၁၈

မိတ္ထီလာမြို့ ဈေးမြောက်ဘက် နာရီစင်အနီးနေ ကလေးအထူးကုဆရာဝန် ဒေါက်တာမြတ်မင်းသည် နိုဝင်ဘာ၁၃ရက် နံနက်က နန်းတော်ကုန်းရပ်ကွက် မြတ်လေးလမ်းရှိ ဆေးခန်းသို့သွားစဉ် နေအိမ်အား သော့ခတ်ထားခဲ့သည်။ နေ့လယ်ပိုင်း အိမ်ပြန်ရောက်စဉ် အိမ်နောက်ဖေးတံခါး သော့ပွင့်လျက်တွေ့ရ၍ မသင်္ကာသဖြင့် အိမ်အတွင်းပစ္စည်းများ စစ်ဆေးကြည့်ရာ ရွှေလက်စွပ်လေးကွင်း တန်ကြေး၁၅သိန်း၊ အိမ်ဗီရိုအတွင်းထားသော ကျပ် ၅၀၀၀ တန် အရွက်၁၀၀ ပါ ခြောက်အုပ်သိန်း၃၀နှင့် ငွေစက္ကူရေရာကျပ် ၁၀သိန်း စုစုပေါင်း ၅၅ သိန်းဖိုး ဖောက်ထွင်းခံရသည်။အမှုကို အမှတ်(၂) ရဲစခန်း(ပ) ၂၈၂/၂၀၁၃ ပုဒ်မ-၃၈၀ဖြင့်အမှုဖွင့်ထားပြီး ဒုရဲအုပ်ကျော်ဝင်းလှိုင်က စုံစမ်းစစ်ဆေးလျက်ရှိသည်။ **တင်လှိုင်(မိတ္ထီလာ)**

မင်းတပ်မြို့၌ တူမီးသေနတ်သုံးလက် ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၈

နိုဝင်ဘာ ၁၂ရက် နံနက် ၁၁နာရီခွဲက ချင်းပြည်နယ် မင်းတပ်မြို့နယ် ကြာလေလိုင်အုပ်စု ကြန်အိမ်နူးကျေးရွာနေ နိုင်လိန်း(၃၀)နှစ်သည် ကျေးရွာအတွင်း သောက်စားမူးယစ်၍ လိုင်စင်မဲ့ တူမီးသေနတ်နှစ်လက်ကိုင်ဆောင်ပြီး ရွာသူရွာသားများအား မကြာခဏ ခြိမ်းခြောက်မှု ပြုလုပ်နေကြောင်း သတင်းအရ မင်းတပ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ နိုင်လိန်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ နေအိမ်အတွင်းမှ လိုင်စင်မဲ့ တူမီးသေနတ်သုံးလက်ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် နိုင်လိန်းအား မင်းတပ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

ကလေးမြို့တွင် ဆောင်းသီးနှံများ စိုက်ပျိုးမှု ဖြစ်ထွန်းအောင်မြင်

ကလေး နိုဝင်ဘာ ၁၈

ကလေးမြို့ရှိ ရပ်ကွက်အချို့နှင့် ကလေးမြို့နယ်ရှိ ကျေးရွာများတွင် ဆောင်းသီးနှံမျိုးစုံ စိုက်ပျိုးမှုများ စတင်ဆောင်ရွက်လျက်ရှိကြပြီးကလေးမြို့ ရေကြီးရေလျှံမှုကြောင့် ဖြစ်ပေါ်လာသော သဘာဝဓာတ်မြေဩဇာများကြောင့် ဆောင်းသီးနှံ စိုက်ပျိုးမှု ဖြစ်ထွန်း အောင်မြင်လျက်ရှိသည်။ (ယာပုံ)

အဆိုပါ ဆောင်းသီးနှံများတွင် ဂေါ်ဖီထုပ်၊ ဂေါ်ဖီပန်း၊ မုန်လာဥ၊ ပန်းမုန်လာကြက်သွန်ဖြူကြက်သွန်နီ၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ မုန်ညင်းမျိုးစုံနှင့် ပဲသီးမျိုးစုံ စိုက်ပျိုးကြကာ အချို့နှမ်းမုန်ရေအောင်လောင်းခြင်းဖြင့် ဟင်းသီးဟင်းရွက်များအလွန်ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး ဆောင်းသီးနှံစိုက်ပျိုးကြသော တောင်သူများသည် တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးလျက် မိသားစု စားဝတ်နေရေးအတွက် အဆင်ပြေလာကြမည် ဖြစ်သည်။

ယင်းအပြင် ကလေးမြို့နေ ပြည်သူများအတွက်လည်း ဆောင်းသီးနှံများဖြစ်ထွန်းအောင်မြင်မှုကြောင့် ဟင်းသီးဟင်းရွက်မျိုးစုံကို လတ်လတ်ဆတ်ဆတ်ဖြင့် သန့်ရှင်းစွာဝယ်ယူစားသုံးနိုင်ကြခြင်းကြောင့် ပြည်သူများ၏ ကျန်းမာရေးကိုလည်း အလွန်အထောက်အကူ ပြုလျက်ရှိကြောင်း သိရသည်။ **ဂျူနီး**

မြေကွက် ရောင်းရန်ရှိသည်

ဒဂုံအရှေ့ (၁၅)ရပ်ကွက်၊ ပေ ၁၀၀၊ ရှင်ထွေးညိုလမ်းပေါ်၊ ပေ(၄၀× ၆၀) နှစ်ကွက်တွဲ ထောင့်ကွက်။

ဖုန်း-၀၉-၇၃၂၀၀၇၆၇၊ ၀၉-၅၁၄၇၄၃၆

ဝန်ထမ်းအလိုရှိသည်

ပုဂံညောင်ဦးမြို့ **BBB Restaurant** တွင် တာဝန်ထမ်းဆောင်ရန် စိတ်ပါဝင်စားစွာ ရိုးသားကြိုးစား၍ ရေရှည်အမြဲတမ်းပူးပေါင်းအလုပ်လုပ်နိုင်သော အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိပါသည်။

၁။ မန်နေဂျာ	အမျိုးသား	၁ ဦး
၂။ Head Waiter	အမျိုးသား	၂ ဦး
၃။ Waiter	အမျိုးသား	၅ ဦး
၄။ Kitchen အကူ	အမျိုးသား	၃ ဦး
၅။ သန့်ရှင်းရေး	အမျိုးသား	၂ ဦး

မွေးမြူ(ဝ)ကင်နှင့် အပိုဆုကြေးအပြင် စားစရိတ်ငြိမ်း၊ နေထိုင်ရေး စီစဉ်ပေးမည်။

စိတ်ပါဝင်စားသူများသည် CV form၊ ဓာတ်ပုံတစ်ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူတို့နှင့်အတူ ကြော်ငြာပါသည့်ရက်မှ သုံးရက်အတွင်း အောက်ဖော်ပြပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၂၀၀၅၁၁၁၊ ၀၉-၄၀၂၆၀၅၅၅

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက် (B-5/3) ဒုတိယထပ်နှစ်လွှာပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

အထက်အမည်ပါတိုက်ခန်းနှင့်ပတ်သက်၍ ဒေါ်ငြိမ်းစံရီ ၈/မမန(နိုင်)၀၄၆၄၅၃ထံမှဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မိတ်ဆွေက အငြိုးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနိုင်ထွဋ်လင်း(ဥပဒေဘွဲ့) အထက်တန်းရှေ့နေ

ဖူးပွင့်စံစာချုပ်စာတမ်းနှင့်ဥပဒေအတိုင်ပင်ခံ

အမှတ်၉၉၊ဒုတိယထပ်(ယာ)၊၃၉လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-၀၉-၅၅၀၆၁၁၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အတွင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်ရန်အောက်ဖော်ပြပါလုပ်ငန်းများအားအိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(၁)	မြေလမ်း	(၆၄/၀)	မိုင်
(၂)	လမ်းတာရှည်ခြင်း	(၇၄/၀)	မိုင်
(၃)	ဂျစ်ကားလမ်း	(၇/၀)	မိုင်
(၄)	ဆိုင်ကယ်လမ်း	(၇၅/၀)	မိုင်
(၅)	ဘေလီတံတား	(၁၉)	စင်း
(၆)	ကားကူးကြိုးတံတား	(၇)	စင်း
(၇)	လူကူးကြိုးတံတား	(၂၄)	စင်း
(၈)	ကားကူးသစ်သားတံတား	(၄)	စင်း
(၉)	သောက်သုံးရေသွယ်	(၁)	ရွာ
(၁၀)	ဘက်စုံဓမ္မာရုံ	(၁)	ရွာ
(၁၁)	ရေသွယ်မြောင်းဖောက်	(၈)	ရွာ
(၁၂)	ရေအားလျှပ်စစ်	(၇)	ရွာ
(၁၃)	နေရောင်ခြည်စွမ်းအင်	(၁၃)	ရွာ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၃-၁၁-၂၀၁၃ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး ၃-၁၂-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ရောင်းချမည့်လိပ်စာနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ချင်းပြည်နယ်၊ ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ အမှတ်(၁)ဂေါက်ကွင်းလမ်း၊ မြို့သစ်ရပ်ကွက်၊ ဟားခါးမြို့ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၀-၂၁၅၈၅၊ ၀၉-၂၅၉၀၃၈၅၊ ၀၉-၆၅၀၀၁၄၅၊ ၀၉-၄၀၀၃၀၃၂၁၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်ပျောက် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5B/၄၄၆၆ Kunqi Kq 1040A, Light Truck (4x2) (L) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညွန့်ညွန့်သန်း ၁၂/တမန(နိုင်)၀၂၃၉၃၅(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ရန်ကုန်မြို့

၁၂-၁၁-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာစာမျက်နှာ-၁၄ပါ ဒေါ်တင်ရွှေ ၁၄/ဝခမ(နိုင်)၁၄၄၄၈၆သိစေရန် တရားလွှတ်တော်ရှေ့နေ ဦးစောတာကပေါ၏ ကြေညာချက်အပေါ် အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉၉/က)၊ မြေကွက်အမှတ် ၇၂၊ ဧရိယာ ၅ဒသမ၁၅ဧကရှိ မြေကွက်ကြီးတစ်ကွက်လုံးကို ကျွန်ုပ်၏ဖခင်ဦးဖေ(ခ)ဦးခင်ဇော်က မူလအမည်ပေါက် အီးဆိုင်ဘက်ကီးရာနှင့် ဒေါ်သန်းတင်တို့ထံမှ အင်းစိန်မြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၈၄/၁၉၆၁ (၁၇-၆-၆၁)ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ပါသဖြင့် မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းခွဲဝေ်ရောင်းချခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသိန်းဇော်

၁၂/မဂတ(နိုင်)၀၆၈၀၁၅

အမှတ် (၆၄/၆၈)၊ ၁၁၉ လမ်း၊

ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်

စီးပွားရေးကြော်ငြာ

IKBZ

Insurance Co.,Ltd.

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း

ပြည်သူများ၏ အသက်၊ အိုးအိမ်စည်းစိမ်နှင့် အနာဂတ်ဘဝ အာမခံချက်ရှိစေရန်
IKBZ Insurance (အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း) ၏

မကွေးတိုင်းဒေသကြီးရုံးချုပ်

ကို ၁၉.၁၁.၂၀၁၃ (အင်္ဂါနေ့)တွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၌
စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်ပါကြောင်း နှင့်
အာမခံလုပ်ငန်းဝန်ဆောင်မှုများကို နေ့စဉ်ဆက်သွယ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း
မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

IKBZ Insurance မှ နေ့စဉ်ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများ

- မီးအာမခံနှင့်သဘာဝဘေးအန္တရာယ်များ အာမခံ
- အလုံးစုံမော်တော်ယာဉ်အာမခံ
- အသက်အာမခံများ
- ငွေသားလုံခြုံမှုအာမခံ
- ငွေပို့၊ ငွေသယ်အာမခံ
- သမာဓိအာမခံ

ယုံကြည်အားထား IKBZ အာမခံစွမ်းအား

ဆက်သွယ်ရန်လိပ်စာ

IKBZ Insurance - မကွေးတိုင်းဒေသကြီးရုံးချုပ်

အမှတ် (၁၅)၊ ဈာညိုလမ်းနှင့်ပြည်တော်သာလမ်းထောင့်၊ ရန်ဝေးရပ်၊ မကွေးမြို့

ဖုန်း (၀၆၃) ၂၈၃၅၇

ဖက်စ် (၀၆၃) ၂၈၃၅၈

www.i-kbz.com

ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်းအတွက်
e-Government နှင့်ပတ်သက်သည့် ပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်လျက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်းဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	ရေတွက်ပုံ	ဦးရေ
၁။	Optical Fiber Cable (12 Core)	meter	၃၅၀၀
၂။	Optical Termination Box (12 Core)	Set	၄
၃။	Fiber Cable Joint Closure (12 Core)	Set	၃
၄။	Patch Cord (5m, FC/PC)	Set	၁၆
၅။	Suspension Clamp	Set	၅၃
၆။	Anchor Eye	Set	၁၆
၇။	Anchoring For Stay	Set	၄
၈။	Stay Rod	Set	၄
၉။	S.S.N.P	Set	၄
၁၀။	Gi Wire (300 Ib/mile)	Set	၆၀
၁၁။	Gi Wire (600Ib/mile)	Set	၁၂၀
၁၂။	Eriband Steel Tape(25 Meter/reel)	Set	၃
၁၃။	Locking seal for Eriband	Set	၁၅၀
၁၄။	Concrete Pole (7M)	Set	၅
၁၅။	8E1 MUX 1 Core	Set (2.Nos)	၄

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၁၁-၂၀၁၃ရက်မှ ၁၈-၁၂-၂၀၁၃ရက်အထိ နေ့စဉ် ၀၉း၃၀နာရီ မှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၁၂-၂၀၁၃ရက် ၁၂း၀၀နာရီမှ ၁၃း၀၀နာရီအတွင်း မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်)၊ အမှတ် (၂၈)ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလ ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ် အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၉-၄၃၁၂၂၀၉၂၊ ၀၁-၅၁၃၉၈၂၊ ၀၁-၅၃၉၈၅၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ
မြန်မာ့ရုပ်ရှင်လုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် (၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

တင်ဒါတင်သွင်းရန် လိပ်စာ
မြန်မာ့ရုပ်ရှင်လုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် (၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ပါမောက္ခ ဒေါက်တာခင်မောင်မြင့် (လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ်-၁)-ဒေါ်မေထားအောင် တို့၏ သားကြီး

ဒေါက်တာ သော်ဇင်ထူး

M.B.,B.S (Ygn)

လက်ထောက်ဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး

နှင့်

ရန်ကုန်မြို့နေ ဗိုလ်ချုပ်အောင်ခင်(ငြိမ်း)-ဒေါ်ခင်နု တို့၏မြေး၊
ဒုတိယဗိုလ်မှူးကြီးသန်းထူး (ငြိမ်း) [အထွေထွေမန်နေဂျာ၊ အမှတ် (၂၆)အကြီးစားစက်ရုံ၊ စက်မှုဝန်ကြီးဌာန]-ဒေါ်လှဲ့လှဲ့အောင် တို့၏ သမီးကြီး

ဒေါက်တာ ခင်ချောစု

M.B.,B.S (Ygn)

လက်ထောက်ဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး

တို့၏ ၁၆-၁၁-၂၀၁၃ ရက်တွင် Sedona Hotel(Grand Ballroom) ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီး ဒေါ်ခင်မြဝင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဖေယျကျော်ထင် ဗိုလ်ချုပ်ကျော်ဝင်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်စမ်းသိန်း၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော် အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော ဒေါ်စိမ်းမို့မို့၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုညှော်ခံပေးပါသော အလင်္ကာဝတ်ရည်တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲ မသက်မွန်ခိုင်၊ မင်္ဂလာပန်းကုံးဗန်းကိုင် ဒေါက်တာကျော့ကြည်ခိုင်နှင့် မင်္ဂလာလက်စွပ်ဗန်းကိုင် မဖြိုးမဋ္ဌူ၊ မင်္ဂလာသတို့သားအရံ ဒေါက်တာသော်ထင်အောင်၊ မောင်သော်ဇင်ထိုက်၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာခိုင်မို့မို့လွင်၊ ဒေါက်တာမိုကိုဇော်၊ မိတ်ကပ်ဆံပင်စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံချုပ်လုပ်ပေးပါသော Royal costume မှ မမီးမီး & သိင်္ဂီရွှေဝါမှ အန်တီပေါက်၊ မင်္ဂလာလက်ဝတ်ရတနာဆင်မြန်းပေးပါသော Golden Bell နှင့် မသီ၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ဝဏ္ဏခွါနီးနှင့်အဖွဲ့၊ ပန်းအလှဆင်ပေးပါသော လင်းလင်းနှင့်အဖွဲ့၊ မီးအလှဆင်ပေးပါသော မီးငယ်နှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာဖန်တီးပေးပါသော ဒဂုံ (ပုံနှိပ်တိုက်)၊ Sedona Hotel မှ ဝန်ထမ်းများအားလည်းကောင်း၊ ၁၈-၁၁-၂၀၁၃ ရက်တွင် Chatrium Hotel (Pool side) ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော လူကြီးမင်းများနှင့် Chatrium Hotel မှ ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် တာဝန်ယူစီစဉ်ပေးပါသော Signature Weddings & Events Planning၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့်ပုဂ္ဂိုလ်များအား လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာ သော်ဇင်ထူး-ဒေါက်တာ ခင်ချောစု

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် သ/၅၆၀၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျန်ယုံလုံ (ခ) ဆွေဆွေမြင့် ၁/မကန(ပြု)၀၀၀၁၄၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ပြည်နယ်ရုံး (မြစ်ကြီးနား)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၂ယ/၅၃၆၉၆ Honda Wave M/C ယာဉ်လက်ဝယ်ရှိသူ နော်ကနောနော ၆/ထဝန(နိုင်)၀၆၉၅၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ထားဝယ်မြို့

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

အမြန်ငှားမည်

လှိုင်မြို့နယ်၊ ဗဟိုလမ်းပေါ်ရှိ သွပ်မိုး၊ သွပ်ကာ စတုရန်းပေတစ်သောင်းကျော်ရှိ ဂိုဒေါင် ငှားရန်ရှိသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၀၂၇၇၅၊ ၀၉-၅၀၇၈၆၉၀

ပေါ်လစ်မြိုင် G.T.I, G.T.C, T.U အာစရိုယပူဇော်ပွဲနှိုးဆော်ခြင်း

ဆက်သွယ်ရန်ဖုန်းနံပါတ်များ

ကိုရီးယားနိုင်ငံရဲ့ ဆိပ်ကမ်းမြို့တော် ဘူဆန်မြို့ရဲ့ အကောင်းဆုံးတက္ကသိုလ်ကြီးဖြစ်တဲ့

Pukyong National University တွင်

B.A/ B.Sc ... Full Scholar ...

ဦးဝေလွင် (B.A) Korean Y.U.F.L

(၁) ... TOPIK LEVEL - 3 ...

(၃) TOPIK ...

M.A ... Scholarship ...

LCCI-EDI (UK)

စီးပွားရေးအခြေခံ

LCCI Level 1-2-3

AutoCount & MYOB Computerised Accounting

2014 /June Series

(50000/-Ks)

09-5118647-73009869-73013432-73028433

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာကြီး
ဦးမန်ကောင်း (ခ) တန်မန်ကောင်း ၊ အသက် (၈၀) နှစ်
(ပန်းတနော်မြို့)

ဦးအောင်ထွန်း-ဒေါ်ကတ္တာစန်းစန်းရီ (အောင်သဇင်ဂြူပ်ကုမ္ပဏီလီမိတက်)၏ အစ်ကိုကြီး ဦးမန်ကောင်း (ခ) တန်မန်ကောင်း သည် (၁၅-၁၁-၂၀၁၃)သောကြာနေ့နံနက် ၁၀း၀၀ နာရီတွင်ကွယ်လွန်သွားကြောင်း ကြားသိရပါ သဖြင့် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ဒါရိုက်တာအဖွဲ့ဝင်များ
ရန်ကုန် ရုံးချုပ်မှ ဝန်ထမ်းများ
ရန်ကုန် အရောင်းဆိုင်ခွဲများမှ ဝန်ထမ်းများ
နယ် အသီးသီးရှိ အရောင်းဆိုင်ခွဲများမှ ဝန်ထမ်းများ
ရန်ကုန် (အောင်သဇင်ပုံနှိပ်တိုက်-၁)မှ ဝန်ထမ်းများ
ရန်ကုန် (အောင်သဇင်ပုံနှိပ်တိုက်-၂)မှ ဝန်ထမ်းများ

ပိုး ပိုး ကျော်

"စီးပွားဖြစ်အောင်မြင်မှုရမယ်"

Any Call : 687155, 687659, 09 425 372 169, 09 511 6053, 09 517 3737

ဝယ်ယူလိုပါသည်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် Rose Park (3)(4)၊ ရွှေပင်လုံ အိမ်ရာကို ငွေသွင်းရန် ကျန်ရှိနေသေးသော အကွက်များကို ဝယ်ယူလိုပါသည်။

ဖုန်း-၀၉-၇၃၀၂၂၁၁၈

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)

ကျိုက်ထိုမြို့နယ်တရားရုံး

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၆၆

တပ်သားလေးဝင်း	နှင့်	မလင်းဇာနည်ဇော်
တရားလို		တရားပြိုင်

ကျိုက်ထိုမြို့၊ သထုံစုကျေးရွာ၊ ဘူတာဝိုင်းနေ မလင်းဇာနည်ဇော် (ဘ)ဦးစိုးညွန့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို တပ်သားလေးဝင်းက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၆ ရက် (၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ဖြူဖြူခိုင်)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ကျိုက်ထိုမြို့နယ်တရားရုံး

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့် (၁)၊ မြေကွက်အမှတ် ၁၅၇၂၊ အမည်ပေါက် ဒေါ်အေးရီ SRM -၀၄၅၁၃၅ ၏မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ကြည်ကြည်စန်း ၈/မကန(နိုင်)၀၈၉၁၉၈ က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း) နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ (၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ သန်လျင်မြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊မြေကွက်အမှတ်(၁၅၈၃)၊ အမည်ပေါက် ဦးထွန်းသန်း SRM-၀၁၉၆၇၃၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ကြည်ကြည်စန်း ၈/မကန(နိုင်)၀၈၉၁၉၈က မြေကွက်စလစ်မူရင်း၊ ငွေသွင်းချလန်မူရင်းနှင့် အရောင်းအဝယ်စာချုပ်မူရင်းများတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
သန်လျင်မြို့နယ်

ဘဝနတ်ထံပို့လွှတ်တော်မူခြင်း

ဘဒ္ဒန္တကေတုမာလာ
မြို့နယ်သံဃနာယကဥက္ကဋ္ဌ (ရေးမြို့)
ရေးမြို့ မရမ်းကျောင်းတိုက်၏ဦးစီးပဓာနနာယကဆရာတော်
သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ

မွန်ပြည်နယ်၊ ရေးမြို့၊ မရမ်းကျောင်းတိုက်၌သီတင်းသုံးတော်မူသော ဘဒ္ဒန္တ ကေတုမာလာ မဟာထေရ်မြတ်သည် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက်) ၁၄-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့)ည ၁၁း၀၄နာရီတွင်ဘဝနတ်ထံပို့လွှတ်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ရက်) ၂၀-၁၁-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေးမြို့ မရမ်းကျောင်းတိုက်၌ စံကျောင်းချ ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှတပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။(အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည့် နေ့ရက်ကို ထပ်မံအသိပေး အကြောင်းကြားပါမည်။) စျာပနကျင်းပရေးကော်မတီ၊ မရမ်းကျောင်းတိုက်၊ ရေးမြို့

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းနွယ် (ကျိုက္ခမီ)
(သံထည်နှင့် ကုန်မာဆိုင်)
အသက် (၇၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ နာနတ်တောလမ်း၊ ရွှေကိန္နရီအိမ်ရာ၊ ခြံအမှတ် (B/၃၆) နေ ဦးထွန်းအေး-ဒေါ်အေးအေးမော် (စိန်ပင်လယ်) စိန်ရွှေရတနာဆိုင်၏ မိခင်ကြီး ဒေါ်သန်းနွယ်သည် ၁၃-၁၁-၂၀၁၃ ရက် ည ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စိန်ပင်လယ် စိန်ရွှေရတနာဆိုင်မှ ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသန်းလှ (ဆေးဆိုင်)
ပခုက္ကူမြို့မဈေး

မခင်စုယဉ်၊ မမိုးမိုး (ယဉ်ယဉ်စတိုး)တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးသန်းလှ အသက် (၆၆)နှစ်သည် ၁၄-၁၁-၂၀၁၃ ရက်တွင် မန္တလေးမြို့ ငြိမ်းဆေးခန်း၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကိုကြည်ဖြူ
မင်္ဂလာဈေး၊ ရန်ကုန်မြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဦးသန်းချို
ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်

ဆေးတက္ကသိုလ် (၁) အရာရှိရိပ်သာနေ ဒေါက်တာဒေါ်ဆွေဆွေထွန်း၏ခင်ပွန်း၊ ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်၊ ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာဦးသန်းချို အသက် (၅၈)နှစ်သည် ၁၁-၁၁- ၂၀၁၃ ရက် နံနက် ၉း၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ/ဌာနမှူးနှင့် ဆရာဝန်၊ ဆရာမဝန်ထမ်းများ
အကြောအဆစ်ရောဂါကုပညာဌာန
ဆေးတက္ကသိုလ် (၁) ရန်ကုန်

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဒေါ်ထွေးစိန်
အသက် (၅၈)နှစ်

အာရှတော်ဝင်ဆေးရုံ ဆေးဘက်ဆိုင်ရာဌာနမှ ဒုတိယဆေးဘက်ဆိုင်ရာ အရာရှိချုပ် ဒေါက်တာဒေါ်ထွေးစိန်သည် ၁၆-၁၁-၂၀၁၃ ရက် (စနေနေ့) နံနက် ၂း၂၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အာရှတော်ဝင်ဆေးရုံ
တာဝန်ခံဆရာဝန်များ

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဒေါ်ထွေးစိန်
အသက် (၅၈)နှစ်

အာရှတော်ဝင်ဆေးရုံ ဆေးဘက်ဆိုင်ရာဌာနမှ ဒုတိယဆေးဘက်ဆိုင်ရာ အရာရှိချုပ် ဒေါက်တာဒေါ်ထွေးစိန်သည် ၁၆-၁၁-၂၀၁၃ ရက် (စနေနေ့) နံနက် ၂း၂၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများမိသားစု
အာရှတော်ဝင်ဆေးရုံ

ကန့်ကွက်နိုင်ပါသည်

လျှပ်စစ်ဥပဒေကြမ်း

လျှပ်စစ်ဥပဒေကြမ်း

၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (-)

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၃ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို လျှပ်စစ်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **လျှပ်စစ်ဓာတ်အား**ဆိုသည်မှာ စွမ်းအင်အရင်းအမြစ် တစ်မျိုးမျိုးကို အသုံးပြု၍ ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားကို ဆိုသည်။

(ခ) **လျှပ်စစ်ဆိုင်ရာလုပ်ငန်း** ဆိုသည်မှာ လျှပ်စစ်ဓာတ်အားနှင့် စပ်လျဉ်း၍ စူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်း၊ ဓာတ်အားစနစ်ကွပ်ကဲခြင်း၊ လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာ ထုတ်လုပ်ခြင်း၊ လျှပ်စစ်စမ်းသပ်စစ်ဆေးခြင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆိုသည်။

(ဂ) **လျှပ်စစ်ဆိုင်ရာလုပ်ပိုင်ခွင့်** ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုနိုင်သူကို ဆိုသည်။

(ဃ) **လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်** ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပေးသောခွင့်ပြုမိန့်ကို ဆိုသည်။

(င) **စူးစမ်းရှာဖွေခြင်း** ဆိုသည်မှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရရှိနိုင်မည့် အရင်းအမြစ်များ ရှာဖွေခြင်း၊ ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းတို့ပြုလုပ်ရန် သက်ဆိုင်သောနေရာများအား လေ့လာစူးစမ်းဖော်ထုတ်ခြင်း၊ တိုင်းတာခြင်းနှင့် စီမံဆောင်ရွက်ခြင်းကို ဆိုသည်။

(စ) **တည်ဆောက်ခြင်း** ဆိုသည်မှာ ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းကို ဆိုသည်။

(ဆ) **လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း** ဆိုသည်မှာ နည်းပညာတစ်ခုခု အသုံးပြု၍ စွမ်းအင်အရင်းအမြစ်တစ်မျိုးမျိုးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ဆိုသည်။

(ဇ) **လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်း** ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်သည့်နေရာမှ သုံးစွဲမည့်နေရာသို့ ရောက်ရှိစေရန် လျှပ်စစ်ဓာတ်အားလိုင်းများဖြင့် သွယ်တန်း၍ သတ်မှတ်ထားသော ဗို့အား၊ လျှပ်စီး၊ ကြိမ်နှုန်းတို့ဖြင့် စနစ်တကျ ဓာတ်အားပို့လွှတ်ခြင်းကို ဆိုသည်။

(ဈ) **ဓာတ်အားပို့လွှတ်ရေးစနစ်** ဆိုသည်မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် ပင်ရင်းမှ ပင်မဓာတ်အားခွဲရုံသို့လည်းကောင်း၊ ပင်မဓာတ်အားခွဲရုံအချင်းချင်းသို့ လည်းကောင်း ဓာတ်အားလိုင်းကြိုးများ၊ တာဝါတိုင်များ၊ ကွန်ကရစ်တိုင်များ၊ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြု၍ ဓာတ်အားပို့လွှတ်သည့်စနစ်ကို ဆိုသည်။

(ည) **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကို သုံးစွဲသူများထံသို့ သတ်မှတ်ထားသော ဗို့အား၊ လျှပ်စီး၊ ကြိမ်နှုန်းတို့ဖြင့် စနစ်တကျ ဓာတ်အားဖြန့်ဖြူးခြင်းကို ဆိုသည်။

(ဋ) **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ်** ဆိုသည်မှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် စက်ရုံ၊ ဓာတ်အားခွဲရုံတို့မှ ဓာတ်အားလိုင်းကြိုးများ၊ ဓာတ်အားလိုင်း တိုင်များ၊ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးသည့်စနစ်ကို ဆိုသည်။

(ဌ) **လျှပ်စစ်ဓာတ်အားရောင်းဝယ်ခြင်း** ဆိုသည်မှာ ပြည်တွင်း၌ဖြစ်စေ၊ အိမ်နီးချင်းနိုင်ငံ တစ်ခုခုနှင့်ဖြစ်စေ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်း ကိစ္စရပ်များအတွက် ငွေပေးငွေယူပြုလုပ်ခြင်းနှင့် အခကြေးငွေရယူ ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။

(ဍ) **လျှပ်စစ်ဓာတ်အားအသုံးပြုခြင်း** ဆိုသည်မှာ သတ်မှတ်ထားသည့် ဗို့အား၊ လျှပ်စီး နှင့် ကြိမ်နှုန်းရှိသော လျှပ်စစ်ဓာတ်အားကို သတ်မှတ်ချက်များနှင့်အညီ ရယူအသုံးပြုခြင်းကို ဆိုသည်။

(ဎ) **လျှပ်စစ်ဓာတ်အားကဏ္ဍ** ဆိုသည်မှာ ဓာတ်အားစနစ်နှင့် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ငန်းများ၊ ဓာတ်အားသုံးစွဲသူများနှင့် လျှပ်စစ်နှင့်သက်ဆိုင်သည့်လုပ်ငန်းဆောင်ရွက်ချက်များ အားလုံးအပါအဝင် လျှပ်စစ်စွမ်းအင်စက်မှုလုပ်ငန်းကို ဆိုသည်။

(ဏ) **လျှပ်စစ်ဓာတ်အားပေးစက်ရုံ** ဆိုသည်မှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သောစက်ရုံကို ဆိုသည်။ ယင်းစကားရပ်တွင် စက်ရုံအဆောက်အအုံရှိ စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ၊ ပိုက်လိုင်းများ၊ ဓာတ်အားလိုင်း ဆက်စပ်ပစ္စည်းများနှင့် အသုံးအဆောင် ပစ္စည်းများလည်း ပါဝင်သည်။

(တ) **လျှပ်စစ်ဓာတ်အားစနစ်**

(၁) **မဟာဓာတ်အားလိုင်းစနစ်** ဆိုသည်မှာ အဓိက လျှပ်စစ်ဓာတ်အားပေး စက်ရုံကြီးများ၊ ပင်မဓာတ်အားခွဲရုံများ၊ ဓာတ်အားပို့လွှတ်ရေးလိုင်းများ၊ ဓာတ်အားဖြန့်ဖြူးရေး ခွဲရုံများနှင့် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများကို ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းပြုလုပ်နေသော တစ်နိုင်ငံလုံးနှင့်ဆိုင်သော စနစ်ကို ဆိုသည်။

(၂) **ဒေသဆိုင်ရာလျှပ်စစ်ဓာတ်အားစနစ်** ဆိုသည်မှာ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်မှုမရှိသော ဒေသဆိုင်ရာ လျှပ်စစ်ဓာတ်အားစနစ်ကို ဆိုသည်။

(ထ) **လျှပ်စစ်ဓာတ်အားပေးရေးနယ်နိမိတ်**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရန် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထားသော နယ်နိမိတ်ကို ဆိုသည်။

(ဒ) **လျှပ်စစ်ဓာတ်အားလိုင်းနယ်မြေ** ဆိုသည်မှာ လျှပ်စစ်ဓာတ်အားလိုင်းတစ်လျှောက် လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် ဝန်ကြီးဌာနက သတ်မှတ်ထားသော အကွာအဝေးအတွင်းရှိ နယ်မြေကို ဆိုသည်။

(ဓ) **လျှပ်စစ်ဓာတ်အားစနစ်ကွပ်ကဲခြင်းနှင့် ထိန်းချုပ်ခြင်း**ဆိုသည်မှာ မဟာဓာတ်အားလိုင်း စနစ်အတွင်း လျှပ်စစ်ဓာတ်အားကို စနစ်တကျထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းတို့ကို ဆိုသည်။

(န) **လျှပ်စစ်ဆိုင်ရာလုပ်ငန်းစစ်ဆေးခြင်း** ဆိုသည်မှာ လျှပ်စစ်စူးစမ်းရှာဖွေခြင်း၊ လျှပ်စစ်ဓာတ်အားကွပ်ကဲခြင်းလုပ်ငန်းနှင့် လျှပ်စစ်ဆိုင်ရာဓာတ်အား ရောင်းဝယ်ခြင်းလုပ်ငန်းတို့မှ အပ အခြားလျှပ်စစ်လုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်းကို ဆိုသည်။

(ပ) **လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာစစ်ဆေးခြင်း** ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုသော လျှပ်စစ်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကိရိယာတန်ဆာပလာများ၊ ဓာတ်အားလိုင်းများ၊ လျှပ်စစ်တိုင်းတာရေးကိရိယာများ ကြံ့ခိုင်မှု ရှိမရှိစစ်ဆေးခြင်းနှင့် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိမရှိစစ်ဆေးခြင်းကို ဆိုသည်။

(ဖ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သော သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(ဗ) **ပြည်ထောင်စုဝန်ကြီး** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သော သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဘ) **လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့** ဆိုသည်မှာ သတ်မှတ်ထားသော လျှပ်စစ်ဓာတ်အားပေးရေးနယ်နိမိတ်တွင် လျှပ်စစ်ဓာတ်အား လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(မ) **လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း** ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တစ်ခုခုနှင့် ပြည်တွင်း ပြည်ပပုဂ္ဂလိကလုပ်ငန်းရှင်တို့ အစုစပ်လုပ်ငန်းအဖြစ် ဖွဲ့စည်းတည်ထောင်ထားသော လုပ်ငန်းကို ဆိုသည်။

(ယ) **ပုဂ္ဂလိက လျှပ်စစ်ဓာတ်အားထုတ်လုပ်သူ** ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်ကို တည်ဆဲဥပဒေများနှင့်အညီ ရယူပြီး လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ရောင်းချသော (I.P.P, C.P.P) စသည့် စနစ်များဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သူကို ဆိုသည်။

(ရ) **လျှပ်စစ်ဓာတ်အားသုံးစွဲသူ** ဆိုသည်မှာ တည်ဆဲဥပဒေများနှင့်အညီ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲသူကို ဆိုသည်။

(လ) **ပင်မဓာတ်အားခွဲရုံ** ဆိုသည်မှာ ဓာတ်အားပို့လွှတ်ရေးစနစ်၏ အစိတ်အပိုင်းဖြစ်ပြီး ဓာတ်အားပို့လွှတ်ရေးလိုင်းနှင့် ဆက်သွယ်၍ လျှပ်စစ်ဓာတ်အားကို လက်ခံပြီး ဗို့အားအဆင့်ကို ပြောင်းလဲပို့လွှတ်၊ ဖြန့်ဖြူးသော ဓာတ်အားခွဲရုံကို ဆိုသည်။

(ဝ) **ဓာတ်အားဖြန့်ဖြူးရေးခွဲရုံ** ဆိုသည်မှာ ဓာတ်အားဖြန့်ဖြူးရေးစနစ်နှင့် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့်ဆက်သွယ်၍ လျှပ်စစ်ဓာတ်အားကို လက်ခံပြီး ဗို့အားအဆင့်ကို ပြောင်းလဲ၍ ဓာတ်အား သုံးစွဲသူထံသို့ ဖြန့်ဖြူးသော ဓာတ်အားခွဲရုံကို ဆိုသည်။

(သ) **အသေးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်း** ဆိုသည်မှာ ၁၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို ဆိုသည်။

(ဟ) **အလတ်စားလျှပ်စစ်ဆိုင်ရာလုပ်ငန်း** ဆိုသည်မှာ ၁၀မဂ္ဂါဝပ် အထက်မှ ၃၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို ဆိုသည်။

(ဠ) **အကြီးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်း** ဆိုသည်မှာ ၃၀ မဂ္ဂါဝပ်အထက် ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို ဆိုသည်။

(အ) **လျှပ်စစ်အန္တရာယ်**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကြောင့် ဓာတ်လိုက်ခြင်း၊ သို့မဟုတ် မီးလောင်ခြင်းဖြစ်ပွားပြီး သက်ရှိများ သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းနှင့် ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုဖြစ်ပွားစေနိုင်ခြင်းကို ဆိုသည်။

(က-၁)**ဝန်ဆောင်မှုစရိတ်**ဆိုရာတွင် ကနဦးလျှပ်စစ်ဓာတ်အား ဆက်သွယ်ခ (Connection Fees)၊ လျှပ်စစ်မီတာ ငှားရမ်းခ (Rental Fees)၊ လျှပ်စစ်ဓာတ်အားအသုံးပြုလိုသည့် ပမာဏအလိုက် ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးရသော အဖိုးအခ (Capacity Charges)များ ပါဝင်သည်။

(က-၂)**လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်** ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး စစ်ဆေးရေးမှူးချုပ်က ထုတ်ပေးသည့် လက်မှတ်ကို ဆိုသည်။

(က-၃)**လျှပ်စစ်ပစ္စည်းအရည်အသွေးစစ်ဆေးချက်လက်မှတ်** ဆိုသည်မှာ လျှပ်စစ်ပစ္စည်းများကို သတ်မှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေး၍ သတ်မှတ်အရည်အသွေးနှင့်ကိုက်ညီကြောင်းတွေ့ရှိရသဖြင့် စစ်ဆေးရေးမှူးချုပ်က ထုတ်ပေးသည့် လက်မှတ်ကို ဆိုသည်။

(က-၄)**လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာ** ဆိုသည်မှာ ပြည်ပမှဖြစ်စေ၊ ပြည်တွင်း၌ဖြစ်စေ လျှပ်စစ်ပစ္စည်း အစိတ်အပိုင်းများ (Electronic and Electrical Parts and Accessories)ကို အသုံးပြု၍ တပ်ဆင်ထုတ်လုပ်သော အီလက်ထရောနစ်နှင့် လျှပ်စစ်ပစ္စည်းကိရိယာများ (Electronic and Electrical Equipments) ကို ဆိုသည်။

(က-၅)**လျှပ်စစ်ပစ္စည်းထုတ်လုပ်သူ** ဆိုသည်မှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်စက်များ၊ လျှပ်စစ်ဓာတ်အားသုံးစွဲသည့် စက်ပစ္စည်းများနှင့် လုပ်ငန်းသုံးကိရိယာများကို သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်သူကို ဆိုသည်။

(က-၆)**စစ်ဆေးရေးမှူးချုပ်** ဆိုသည်မှာ ဤဥပဒေပါ လျှပ်စစ်စစ်ဆေးရေးမှူးချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ထမ်းဆောင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးအပ်သော ပုဂ္ဂိုလ်ကို ဆိုသည်။

(က-၇)**စစ်ဆေးရေးမှူး** ဆိုသည်မှာ ဤဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထမ်းဆောင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနက ခန့်အပ်ထားသော ပုဂ္ဂိုလ်ကို ဆိုသည်။

(က-၈)**လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်** ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများလုပ်ကိုင်ရန် စစ်ဆေးရေးမှူးချုပ်က ထုတ်ပေးထားသော ကျွမ်းကျင်ကြောင်းလက်မှတ်ကို ဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲခြင်းဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်စေရန်။

(ခ) နိုင်ငံတော်၏လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆောင်ရွက်ချက်များသည် မြန်မာနိုင်ငံတော်အစိုးရ၏ လက်ရှိစီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများနှင့် ကိုက်ညီမှုရှိစေရန်။

(ဂ) ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးရေးလုပ်ငန်းများအပြင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် အလတ်စားနှင့်အငယ်စား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ပိုမိုအားပေးရန်။

(ဃ) နိုင်ငံတော်၏ ကဏ္ဍအသီးသီးနှင့် နိုင်ငံတော်တစ်ဝန်း မြို့ရွာကျေးလက်ဒေသအသီးသီးတွင် လျှပ်စစ်ဓာတ်အားကို အန္တရာယ်ကင်းရှင်းစွာနှင့် ပိုမိုကျယ်ပြန့်စွာ အသုံးပြုနိုင်စေရန်။

(င) နိုင်ငံတော်အတွင်း လျှပ်စစ်ဆိုင်ရာလုပ်ငန်းများအား ပြဋ္ဌာန်းထားသည့် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်စေရန်။

(စ) လျှပ်စစ်ဆိုင်ရာ နည်းပညာများ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လျှပ်စစ်ဆိုင်ရာပညာရှင်များ၊ ကျွမ်းကျင်သူများ ပေါ်ထွန်းစေရန်။

(ဆ) လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ စံချိန်စံညွှန်း၊ အရည်အသွေး တိုးတက်မြင့်မားစေရန်။

(ဇ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်က ကျင့်သုံးလျက်ရှိသော မူဝါဒများနှင့်အညီ ကြီးကြပ်ကွပ်ကဲရန်။

(ဈ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် အများပြည်သူတို့ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေး ကြိုတင်ကာကွယ်ရန်နှင့် ထိရောက်သည့် ပြစ်ဒဏ်ပေးမှုများနှင့် တိကျသောနည်းဥပဒေများ ကျင့်သုံးနိုင်ရန်။

(ည) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပါဝင်လာစေရန်။

(ဋ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်ကို ကာမိစေသော စီးပွားရေးအရတွက်ချေကိုက်သည့် လျှပ်စစ်ဓာတ်အားခနှုန်းထားများကို သတ်မှတ်နိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ မျှတသော၊ ပွင့်လင်းမြင်သာသော၊ ကျိုးကြောင်းဆီလျော်သော နည်းဥပဒေစည်းမျဉ်းများ ရေးဆွဲပြဋ္ဌာန်းပေးနိုင်ရန်။

(ဌ) မြန်မာနိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးထားသော ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာစာချုပ်များနှင့်အညီ လေးစားလိုက်နာဆောင်ရွက်မှုရှိစေရန်။

စာမျက်နှာ ၈ သို့

ဥပဒေရေးရာ

စာမျက်နှာ က မှ

အခန်း(၃)
လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်မှု ကော်မရှင်ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်မှုကော်မရှင် (Electricity Regulatory Commission)ကို ဝန်ကြီးဌာနမှ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦးအား ဦးဆောင်စေလျက် နည်းပညာကျွမ်းကျင်သူများ၊ အခြားသင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်။

၅။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်မှုကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားလျှပ်စစ်စွမ်းအားမူဝါဒ (National Electricity Policy)ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ပြုစုရေးဆွဲခြင်း။

(ခ) ခေတ်စနစ်နှင့် ညီညွတ်သော လျှပ်စစ်ဓာတ်အားခနှုန်းထားများ သတ်မှတ်နိုင်ရေးအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားခမူဝါဒ (Electricity Tariff Policy) ဆိုင်ရာကိစ္စရပ်များကို ပြုစုတင်ပြခြင်း။

(ဂ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများအား လိုအပ်သလို အကြံပေးခြင်း။

(ဃ) တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသီးသီးတွင် လိုအပ်ပါက လျှပ်စစ်ဆိုင်ရာ လုပ်ငန်းကြီးကြပ်မှုကော်မရှင်ခွဲများ ဖွဲ့စည်းပေးခြင်းနှင့် ယင်းကော်မရှင်ခွဲများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း။

(င) လျှပ်စစ်ကဏ္ဍတစ်ခုလုံး၏ အခြေအနေများကို နိုင်ငံတကာလျှပ်စစ်စံချိန် စံညွှန်းများနှင့် နှိုင်းယှဉ်လေ့လာပြီး စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်း၊ ပြန်လည်ဆန်းစစ်ခြင်းနှင့် တွေ့ရှိချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လိုအပ်သလို ဆောင်ရွက်နိုင်ရန် အကြံပြုခြင်း။

(စ) လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ အသုံးပြုခြင်းတို့နှင့် စပ်လျဉ်း၍ သတ်မှတ် စံချိန်စံညွှန်းနှင့် ကိုက်ညီခြင်း ရှိ မရှိ စစ်ဆေးနိုင်ရန် သင့်လျော်သောပုဂ္ဂိုလ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သော လျှပ်စစ်ဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် ချီးမြှင့်ငွေနှင့် စရိတ်များကို ခံစားခွင့်ရှိသည်။

အခန်း(၄)
လျှပ်စစ်ဆိုင်ရာလုပ်ငန်းခွင့်ပြုခွင့်ရှိသည့် အဖွဲ့အစည်းများ

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါအစိုးရဌာန၊ အဖွဲ့အစည်းများအား လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်နှင့် စပ်လျဉ်း၍ ခွင့်ပြုနိုင်ရန် အခွင့်အာဏာကို အပ်နှင်းလိုက်သည်-

(က) သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ။

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ။

(ဂ) သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ။

(ဃ) လျှပ်စစ်လုပ်ငန်းစစ်ဆေးခြင်းနှင့် လျှပ်စစ်ပစ္စည်းစစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် သီးသန့်ခွင့်ပြုတာဝန်ပေးအပ်သော အဖွဲ့အစည်းများ။

၈။ (က) သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်လုပ်ကိုင်ခွင့်ရှိသည်။

(ခ) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသည် ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်လိုသူများအား လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့် ထုတ်ပေးခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ရုပ်သိမ်းခြင်းများ ပြုလုပ်နိုင်သည်။

၉။ (က) သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးသည် မည်သည့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်မဆို ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားနှင့် စပ်လျဉ်း၍ စူးစမ်းရှာဖွေခြင်း၊တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်းတို့ ဆောင်ရွက်နိုင်ရန် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သို့မဟုတ် ကော်ပိုရေးရှင်းများကို ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းနိုင်သည်။

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အစိုးရအဖွဲ့သည် မိမိဒေသအတွင်း စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား စီမံကိန်းများနှင့် ပတ်သက်၍ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ လုပ်ကိုင်ခွင့်များ ထုတ်ပေးခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ရုပ်သိမ်းခြင်းများကို ပြုလုပ်နိုင်သည်။

(ဂ) သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် မိမိဒေသအတွင်းရှိ မြို့နှင့်ကျေးရွာများအတွက် လျှပ်စစ်မီးဆိုင်ရာကိစ္စ လုပ်ကိုင်ခွင့်များအား ထုတ်ပေးခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ဆောင်ရွက်နိုင်သည်။

(ဃ) ပုဒ်မခွဲ(က)တွင်ဖော်ပြထားသော လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့/ကော်ပိုရေးရှင်းများသည် သင့်လျော်သည့်အချိန်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သီးခြားလွတ်လပ်သော လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့/ ကော်ပိုရေးရှင်းများအဖြစ် ပြောင်းလဲရပ်တည်ခွင့်ရှိသည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များသည် အများပြည်သူ၏အကျိုးငှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင်-

(က) အသုံးပြုရန်လိုအပ်သော မြေပမာဏကို တည်ဆဲဥပဒေများနှင့်အညီ ရယူအသုံးပြုခွင့်ရှိသည်။

(ခ) နိုင်ငံတော်ဓာတ်အားစနစ်အတွင်း တည်ဆောက်အသုံးပြုနေသော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် ပို့လွှတ်ရေးလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများနှင့် ဆက်စပ်အဆောက်အအုံများကို တည်ဆဲဥပဒေများနှင့်အညီ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ပြောင်းရွှေ့တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။

အခန်း(၅)
လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့်

၁၁။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း တစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်လိုသူသည် ဤဥပဒေပါ လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်သော အစိုးရဌာန၊ အဖွဲ့အစည်းများသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၁၂။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသည် ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ကိုင်ဆောင်ရွက်လိုသည့် မည်သည့်ပုဂ္ဂိုလ် အဖွဲ့အစည်းကိုမဆို ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်သည်။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော အလတ်စားနှင့် အသေးစားလျှပ်စစ်ဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ကိုင်ဆောင်ရွက်လိုသည့် မည်သည့်ပုဂ္ဂိုလ် အဖွဲ့အစည်းကိုမဆို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ခွင့်ပြုနိုင်သည်။

၁၄။ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သည် မိမိဒေသအတွင်းရှိ မြို့နှင့်ကျေးရွာများအတွက် လျှပ်စစ်မီးဆိုင်ရာကိစ္စ လုပ်ကိုင်ခွင့်များနှင့်စပ်လျဉ်း၍ လုပ်ကိုင်ဆောင်ရွက်လိုသည့် မည်သည့်ပုဂ္ဂိုလ် အဖွဲ့အစည်းကိုမဆို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီးခွင့်ပြုနိုင်သည်။

၁၅။ ပုဒ်မ ၁၂၊ ၁၃ နှင့် ၁၄ တို့အရ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုနိုင်သော အစိုးရဌာန၊ အဖွဲ့အစည်းသည် ပုဒ်မ ၁၁ အရ လျှောက်ထားချက်များကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့် အညီ စိစစ်ပြီး လုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ လုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုပါက ခွင့်ပြုချက်ကို သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၆။ ဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာ၌ လုပ်ကိုင်ခွင့် သက်တမ်းကို လုပ်ငန်းအလိုက် သတ်မှတ်ပေးရမည်။

၁၇။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ပြုမိန့်ရရှိသူများသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနတွင် မှတ်ပုံတင်ရမည်။

၁၈။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ပြုမိန့်ရရှိသူများသည် လုပ်ကိုင်ခွင့်ရရှိသော လျှပ်စစ်ဆိုင်ရာလုပ်ငန်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၁၉။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ကာလနှင့် သက်တမ်းတိုးသည့်ကာလများသည် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဖြစ်ရမည်။

၂၀။ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူသည် လုပ်ကိုင်ခွင့်ကာလကုန်ဆုံးချိန်တွင် ပြန်လည်လွှဲပြောင်းပေးရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ မူလအခြေအနေအတိုင်းသော် လည်းကောင်း၊ ခွင့်ပြုမိန့်ရရှိစဉ်က စည်းကမ်းချက်များအရသော် လည်းကောင်း သဘောတူညီထားသည့်အတိုင်း သက်ဆိုင်ရာသို့ လွှဲပြောင်းပေးရမည်။

အခန်း(၆)
အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ သတ်မှတ်ချက်များ

၂၁။ လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်သူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသတွင်းဆိုင်ရာအဖွဲ့အစည်းများနှင့် ချုပ်ဆိုထားသော စာချုပ်များနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများတွင်ပါရှိသည့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ သဘောတူသတ်မှတ်ချက်များကို လိုက်နာရမည်။

အခန်း(၇)
လျှပ်စစ်ဆိုင်ရာလုပ်ငန်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများစစ်ဆေးခြင်း

၂၂။ စစ်ဆေးရေးမှူးချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာများ၏ စံချိန်စံညွှန်းနှင့် ညီ မညီ စစ်ဆေးခြင်း။

(ခ) လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်သူများက ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသတွင်းဆိုင်ရာ အဖွဲ့အစည်းများနှင့် ချုပ်ဆိုထားသော စာချုပ်များတွင်ပါရှိသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာစေရန် ဆောင်ရွက်ခြင်း။

(ဂ) မည်သည့်နယ်မြေတွင်မဆို လျှပ်စစ်ဆိုင်ရာလုပ်ငန်း စစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာစစ်ဆေးခြင်း လုပ်ငန်းများကိုဆောင်ရွက်ရန် စစ်ဆေးရေးမှူးအဖွဲ့များအား တာဝန်ပေးအပ်ခြင်း။

(ဃ) လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်၊ လျှပ်စစ်ပစ္စည်း အရည်အသွေး စစ်ဆေးချက် လက်မှတ်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်များကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေး၍ ထုတ်ပေးခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း။

(င) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းမှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်ခြင်း။

(စ) လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်ခြင်းနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် လိုအပ်သော သက်သေများကို စစ်ဆေးခြင်း။

(ဆ) သက်ဆိုင်ရာဝန်ကြီးဌာနနှင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်မှုကော်မရှင်တို့ကပေးအပ်သော စစ်ဆေးခြင်းဆိုင်ရာ အခြားတာဝန်များ ဆောင်ရွက်ခြင်း။

၂၃။ စစ်ဆေးရေးမှူးချုပ်နှင့် စစ်ဆေးရေးမှူးများသည် ယင်းတို့၏ တာဝန်များ ဆောင်ရွက်နိုင်ရန်အတွက် မည်သည့်နေရာ၊ မည်သည့်အဆောက်အအုံအတွင်းသို့မဆို ဝင်ရောက်ခွင့်ရှိသည်။

၂၄။ စစ်ဆေးရေးမှူးချုပ်နှင့် စစ်ဆေးရေးမှူးများသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို စီးပွားရေးအလို့ငှာ တစ်နည်းနည်းနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိသူများ ဖြစ်စေရမည်။

၂၅။ သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်း ကိရိယာစစ်ဆေးခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သော ဓာတ်ခွဲခန်းများ တည်ထောင်ဖွင့်လှစ်ထားရှိရမည်။

အခန်း (၈)
ဓာတ်အားစနစ်ဖွံ့ဖြိုးမှု စီမံရေးနှင့်ထိန်းညှိကွပ်ကဲရေး

၂၆။ သက်ဆိုင်ရာဝန်ကြီးဌာနသည် -

(က) နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို စီမံခြင်းနှင့် ဓာတ်အားစနစ်ကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရန် သင့်လျော်သည့် နေရာများတွင် လျှပ်စစ်ဓာတ်အား ကွပ်ကဲရေးဌာနများကို လိုအပ်သလို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော လျှပ်စစ်ဓာတ်အား ကွပ်ကဲရေးဌာနများက လိုက်နာဆောင်ရွက်ရမည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ဆောင်ရွက်ရမည်။

၂၇။ သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ခေတ်မီနည်းစနစ်များ၊ ပညာရှင်များ၊ ကျွမ်းကျင်သူများ ပေါ်ထွက်လာစေရန် လိုအပ်သော သင်တန်းကျောင်းများ ဖွင့်လှစ်ခြင်းနှင့် လေ့ကျင့်ပညာပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ယင်းလုပ်ငန်းများကို အခြားမည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းကိုမဆို ဆောင်ရွက်ရန်လည်း ခွင့်ပြုနိုင်သည်။

အခန်း (၉)
လျှပ်စစ်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် စစ်ဆေးမှုနည်းစနစ်များ

၂၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများအတွက် လိုအပ်သော စံချိန်စံညွှန်းများ၊ စစ်ဆေးမှုနည်းစနစ်များကို ထုတ်ပြန်ရမည်။

၂၉။ လျှပ်စစ်ဆိုင်ရာ စံချိန်စံညွှန်းများ စစ်ဆေးချက် ရလဒ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးသတ်အတည်ဖြစ်စေရမည်။

၃၀။ နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ ဆက်သွယ်မည့် အခြားဌာန၊ အဖွဲ့အစည်းများ၏ ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများသည် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်။

၃၁။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်သူများသည် ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည့်အပြင် လိုအပ်သော စစ်ဆေးမှုကိုလည်း ခံယူရမည်။

အခန်း (၁၀)
လျှပ်စစ်ဓာတ်အားခနှုန်းထားနှင့်ဝန်ဆောင်မှုစရိတ်များ

၃၂။ သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံမှ လျှပ်စစ်ဓာတ်အားခနှုန်းထားသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ဒေသအလိုက် သင့်လျော်သောနှုန်းထားကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခွင့်ရှိသည်။ ယင်းလျှပ်စစ်ဓာတ်အားခနှုန်းထားများကို

စာမျက်နှာ ဂ သို့

ဥပဒေရေးရာ

စာမျက်နှာ ခ မှ

အခါအားလျော်စွာ ပြောင်းလဲသတ်မှတ်နိုင်သည်။

၃၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့များသည် နိုင်ငံတော်ဓာတ်အားစနစ်မှ ရယူခြင်းမဟုတ်ဘဲ မိမိဒေသအတွင်း မိမိအစီအစဉ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးသော လျှပ်စစ်ဓာတ်အားခနှုန်းထားများနှင့် စပ်လျဉ်း၍ ဒေသအလိုက် သင့်လျော်သော နှုန်းထားကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းသတ်မှတ်ခွင့်ရှိသည်။ ယင်းလျှပ်စစ်ဓာတ်အားခနှုန်းထားများကို အခါအားလျော်စွာ ပြောင်းလဲသတ်မှတ်နိုင်သည်။

အခန်း(၁၁)
စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၄။ ပုဒ်မ ၈ အရ လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ထုတ်ပေးခွင့်ရှိသူများသည် မိမိတို့ထုတ်ပေးခဲ့သည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ရန်ခွင့်ပြုမိန့်ရရှိသူက ခွင့်ပြုမိန့်ပါ စည်းကမ်းချက် သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်သောအမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ဖြစ်စေ ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ဒဏ်ကြေးငွေပေးဆောင်စေခြင်း။

(ခ) လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ရန်ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း။

(ဂ) လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ရန်ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

အခန်း(၁၂)
တားမြစ်ချက်များ

၃၅။ မည်သူမျှ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ထုတ်ပေးသော လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ပြုမိန့်မရှိဘဲ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၃၆။ မည်သည့် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူမျှ ခွင့်ပြုမိန့်ပါ လုပ်ငန်းတွင် ပါရှိသည့် လုပ်ငန်းဆောင်ရွက်ခြင်းမှအပ အခြားမည်သည့် လုပ်ငန်းကိုမျှ လုပ်ကိုင်ဆောင်ရွက်ခွင့် မရှိစေရ။

၃၇။ မည်သူမျှ လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ် မရရှိဘဲ လျှပ်စစ်တပ်ဆင်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုရ။

၃၈။ မည်သူမျှ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်မရရှိဘဲ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဆက်သွယ်အသုံးပြုခြင်း မပြုရ။

၃၉။ မည်သူမျှ သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိသော လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာများကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၄၀။ မည်သည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူမျှ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သည့်အဖွဲ့အစည်းနှင့်မဆို လုပ်ငန်းများကို ပူးတွဲဆောင်ရွက်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း မပြုရ။

၄၁။ မည်သည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူမျှ လုပ်ကိုင်ခွင့် ခွင့်ပြုမိန့်ကို ဖြစ်စေ၊ လုပ်ကိုင်ခွင့် ခွင့်ပြုမိန့်ပါ လုပ်ငန်းတစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့် ခွင့်ပြုမိန့် ထုတ်ပေးခဲ့သည့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်း မပြုရ။

၄၂။ မည်သူမျှ လျှပ်စစ်ဓာတ်အားလိုင်းနယ်မြေအတွင်း အဆောက်အအုံဆောက်လုပ်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်း မပြုရ။

၄၃။ မည်သူမျှ လျှပ်စစ်လုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ လျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူခြင်း၊ ဖြုန်းတီးမှုပြုလုပ်ခြင်း၊ အသုံးပြုခြင်းတစ်ခုခုကို မပြုရ။

၄၄။ မည်သူမျှ လျှပ်စီးကြောင်းလွှဲပေးခြင်း၊ လျှပ်စစ်ဓာတ်အားပေးသည့်လိုင်းကို ဖြတ်တောက်ခြင်း၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုတွင် အသုံးပြုသည့် လျှပ်စစ်ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်းမပြုရ။

အခန်း (၁၃)
ပြစ်မှုနှင့်ပြစ်ဒဏ်များ

၄၅။ မည်သူမဆို ပုဒ်မ ၃၅ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ချမှတ်ရမည်။ ပြစ်ဒဏ်ချမှတ်ပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၄၆။ မည်သည့်လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူမဆို ပုဒ်မ ၃၆ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ချမှတ်ရမည်။ ပြစ်ဒဏ်ချမှတ်ပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၄၇။ မည်သူမဆို ပုဒ်မ ၃၇ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် ငါးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ချမှတ်ရမည်။

၄၈။ မည်သူမဆို ပုဒ်မ ၃၈ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၄၉။ မည်သူမဆို ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ်တစ်နှစ်မှ သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ်သိန်းသုံးဆယ် ချမှတ်ရမည်။ ပြစ်မှုနှင့်သက်ဆိုင်သော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်း၍ ဖျက်ဆီးရမည်။

၅၀။ မည်သည့် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူမဆို ပုဒ်မ ၄၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ချမှတ်ရမည်။ ပြစ်ဒဏ်ချမှတ်ပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၁။ မည်သည့် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူမဆို ပုဒ်မ ၄၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ချမှတ်ရမည်။ ပြစ်ဒဏ်ချမှတ်ပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၂။ မည်သူမဆို ပုဒ်မ ၄၂ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် သုံးနှစ်အထိချမှတ်ရမည့်အပြင် ငွေဒဏ် ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၅၃။ မည်သူမဆို ပုဒ်မ ၄၃ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ် ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၅၄။ မည်သူမဆို ပုဒ်မ ၄၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ငါးနှစ်မှ အများဆုံး ဆယ်နှစ်အထိဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၅၅။ မည်သူမဆို ပုဒ်မ ၃၅ မှ ၄၄ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ရန် အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ခြင်းများ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ယင်းပြစ်မှုများပါ ပြစ်ဒဏ်များအတိုင်း ချမှတ်ရမည်။

အခန်း(၁၄)
နစ်နာကြေး၊ လျော်ကြေး

၅၆။ ပုဒ်မ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃ နှင့် ၅၄ တို့ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူသည် မိမိ၏ ကျူးလွန်မှုကြောင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုမိန့်ရရှိသူအား နစ်နာပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာဖြစ်စေပါက ယင်းဆုံးရှုံးသည့်တန်ဖိုးကို နစ်နာကြေးအဖြစ် ပေးလျော်ရမည်။

၅၇။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၅၆အရ နစ်နာကြေးကို မြေခွန်မပြေ ကျန်ငွေကောက်ခံသကဲ့သို့ ကောက်ခံခွင့်ရှိစေရမည်။

၅၈။ မည်သူမဆို ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှု ပြတ်တောက်မှု ဖြစ်ပွားအောင် ပြုလုပ်ခဲ့ပါက နစ်နာဆုံးရှုံးသည့် ဓာတ်အားပမာဏနှင့် ညီမျှသောတန်ဖိုးကို သက်ဆိုင်ရာဝန်ကြီးဌာနမှ သတ်မှတ်သည့်အတိုင်း ပေးဆောင်စေရမည်။

၅၉။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသူ၏ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ တာဝန်ပျက်ကွက်မှုကြောင့်ဖြစ်စေ၊ ဓာတ်လိုက်မှု၊ မီးလောင်မှုများ ဖြစ်ပွား၍ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ကိုယ်လက်အင်္ဂါမသန်မစွမ်းဖြစ်ခြင်း သို့မဟုတ် သေဆုံးခြင်းဖြစ်ပေါ်လျှင် ထိခိုက်နစ်နာသူသည် လျှပ်စစ်ဆိုင်ရာလုပ်ကိုင်ခွင့်ရှိသူ၊ လျှပ်စစ်တပ်ဆင်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရသူထံမှ လျော်ကြေးကို အောက်ပါအတိုင်း တောင်းခံခွင့်ရှိစေရမည်-

(က) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေး ဥပဒေနှင့် အကျုံးဝင်သူဖြစ်ပါက ယင်းဥပဒေအရ သတ်မှတ်ထားသော လျော်ကြေး။

(ခ) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေး ဥပဒေနှင့် အကျုံးဝင်သူ မဟုတ်ပါက ဤဥပဒေနှင့်အညီ ပြဋ္ဌာန်းသော လုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ပေးသောလျော်ကြေး။

အခန်း (၁၅)
အယူခံခြင်း

၆၀။ ပုဒ်မ ၅၆၊ ၅၇ နှင့် ၅၈ တို့အရ ချမှတ်သည့် နစ်နာကြေးသို့မဟုတ် လျော်ကြေးပေးဆောင်ရန် အမိန့်နှင့်စပ်လျဉ်း၍ မကျေနပ်သူသည်-

(က) အမိန့်ကိုလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) ယင်းကဲ့သို့အယူခံခြင်းသည် သတ်မှတ်ထားသော နစ်နာကြေး သို့မဟုတ် လျော်ကြေးကို ပေးဆောင်ပြီးမှသာ အယူခံနိုင်ခွင့်ရှိသည်။

၆၁။ ပုဒ်မ ၆၀၊ ပုဒ်မခွဲ (က) အရ အယူခံမှုတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးသည် လျော်ကြေးအမိန့်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အတည်ပြုခြင်းတို့ ပြုနိုင်သည်။

၆၂။ ပုဒ်မ ၆၁ အရ ချမှတ်သော သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၆၃။ နစ်နာကြေး သို့မဟုတ် လျော်ကြေးပေးဆောင်ရန် အမိန့်ချမှတ်ခြင်းခံရသူသည် အယူခံမှုတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက နစ်နာကြေး သို့မဟုတ် လျော်ကြေးကို အချို့အဝက်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ပြန်ပေးစေရန် အမိန့်ချမှတ်လျှင် ယင်းဆုံးဖြတ်ချက်နှင့်အညီ ပြန်လည်ရထိုက်ခွင့်ရှိသည်။

အခန်း (၁၆)
အထွေထွေ

၆၄။ ဤဥပဒေပါ ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၆၅။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် -

(က) သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများ သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာန၊ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းကြီးကြပ်မှုကော်မရှင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ပေးအပ်သော အစိုးရဌာန၊ အဖွဲ့အစည်းအသီးသီးတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၆၆။ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥပဒေသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

၆၇။ ၁၉၈၄ ခုနှစ် လျှပ်စစ်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

၆၈။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သော ၁၉၈၄ ခုနှစ် လျှပ်စစ်ဥပဒေအရ ပြုလုပ်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်အတွက် ဖော်ပြခြင်းဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်း

တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၅ ခုနှစ်၊ လ ရက်

၂၀၁၃ ခုနှစ်၊ လ ရက်

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **တိုင်းရင်းသားလူမျိုးများအခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းရင်းသားလူမျိုးများ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းလူမျိုးများနှင့် ယင်းတို့၏ မျိုးနွယ်စုများကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများ မပါဝင်။

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအစိုးရ၏ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ပြည်ထောင်စုဝန်ကြီး**ဆိုသည်မှာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းရင်းသားလူမျိုးအားလုံး တန်းတူညီမျှ အခွင့်အရေးများ ရရှိစေရန်၊

(ခ) တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ ထာဝစဉ်အတူတကွ လက်တွဲနေထိုင်ကြစေရန်၊

(ဂ) တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဃ) တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်၊

စာမျက်နှာ ဃ သို့

ဥပဒေရေးရာ

စာမျက်နှာ ၈ မှ

(င) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အပြည့်အဝရရှိစေရန်။

အခန်း(၃)
တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ

၄။ တိုင်းရင်းသားလူမျိုးများသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ကိုယ်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင်-

(က) မိမိတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့် ဘာသာ သာသနာတို့ကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) မိမိတို့၏ စကား၊ စာပေတို့ကို နိုင်ငံတော်၏ ပညာရေးမူဝါဒအား ထိခိုက်မှု မရှိစေဘဲ သင်ကြားခွင့်နှင့် သင်ယူခွင့်ရှိသည်။

(ဂ) မိမိတို့၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအရ ဆောင်ရွက်သော အခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာကျင်းပခွင့်ရှိသည်။

(ဃ) မိမိတို့၏ စာပေနှင့်အနုပညာတို့ကို ခေတ်မီတိုးတက်စေရန် တီထွင်ကြံဆ ဖော်ထုတ်ခွင့်နှင့် ယဉ်ကျေးမှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ လွတ်လပ်စွာ သုတေသနပြုဖော်ထုတ်ခွင့်ရှိသည်။

(င) ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်၊ အလုပ်အကိုင်ရပိုင်ခွင့်နှင့် စီးပွားရေးလုပ်ငန်းများတွင် တန်းတူညီမျှ အခွင့်အရေးများ ရပိုင်ခွင့်ရှိသည်။

(စ) မိမိတို့၏ရိုးရာတိုင်းရင်းဆေးပညာများ တိမ်ကောပပျောက်မှု မရှိစေရေးအတွက် ထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။

(ဆ) မိမိတို့၏ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခွင့်ရှိသည်။

(ဇ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်သော လူဦးရေရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဥပဒေပြုရေးတွင် မိမိတို့ကိုယ်စားလှယ်များပါဝင်နိုင်ရန် ဆောင်ရွက်ခွင့်ရှိသည်။

အခန်း(၄)
ဝန်ကြီးဌာနဖွဲ့စည်းခြင်းနှင့် ပြည်ထောင်စုဝန်ကြီး ခန့်အပ်ခြင်း

၅။ နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးများရေးရာ ကိစ္စရပ်များကို အလေးထား ဆောင်ရွက်နိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၆။ နိုင်ငံတော်သမ္မတသည် -

(က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများရေးရာ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ကိုယ်စားလှယ်များထဲက ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂ ပုဒ်မခွဲ (က) ပါ အရည်အချင်းသတ်မှတ်ချက်နှင့် ပြည့်စုံသောသင့်လျော်သည့် ပုဂ္ဂိုလ်ကိုရွေးချယ်၍ ယင်း၏အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်။

(ခ) ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် မရရှိပါက ယင်းပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။

(ဂ) ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် ပုဂ္ဂိုလ်အား ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၇။ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်သမ္မတအားတာဝန်ခံရမည်။ ပြည်ထောင်စုဝန်ကြီး၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။

အခန်း(၅)
ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၈။ ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဤဥပဒေ၏ရည်ရွယ်ချက်ပါ ကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝရရှိခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ခြင်း၊

(ဂ) တိုင်းရင်းသားများ၏ စကား၊စာပေ၊အနုပညာ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်း၊ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ခြင်း၊

(ဃ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားမှုနှင့် ရိုင်းပင်းကူညီမှုတို့ တိုးတက်ဖြစ်ထွန်းစေရန် ဆောင်ရွက်ခြင်း၊

(င) ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော တိုင်းရင်းသားလူမျိုးများ၏ လူမှုဘဝမြင့်မားရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့်လုပ်ငန်းရပ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း။

(စ) တိုင်းရင်းသားအချင်းချင်း သို့မဟုတ် တိုင်းရင်းသားမျိုးနွယ်စုများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ဖြေရှင်းခြင်း၊

(ဆ) တိုင်းရင်းသားလူမျိုးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်စေမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဇ) လူနည်းစုဖြစ်သော၊ ကွယ်ပျောက်လုနီးပါးဖြစ်နေသော တိုင်းရင်းသား မျိုးနွယ်စုများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းတို့ကို ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(ဈ) ဤဥပဒေပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) ပြည်ထောင်စုအစိုးရအဖွဲ့က ဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ ပေးအပ်သော တိုင်းရင်းသားလူမျိုးများရေးရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ဝန်ကြီးဌာနသည် လိုအပ်သည့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၁၀။ ဝန်ကြီးဌာနသည် တိုင်းရင်းသားရေးရာကိစ္စရပ်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ပါက ကော်မတီနှင့်လုပ်ငန်းအဖွဲ့များကို သက်ဆိုင်ရာ အခြားပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ဖွဲ့စည်းနိုင်ပြီး ယင်းတို့ကို ဖွဲ့စည်းပါက လုပ်ငန်းတာဝန်များကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

အခန်း (၆)
တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်း

၁၁။ တိုင်းရင်းသားလူမျိုးများသည် မိမိတို့တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးပါက ကာကွယ်စောင့်ရှောက်မှုရရှိနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြနိုင်သည်။

၁၂။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၁ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုပေးရန် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား တာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ (က)အရ တာဝန်ပေးအပ်နိုင်ခြင်းမရှိပါက သင့်လျော်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးဦးအား တာဝန်ပေးအပ်ရမည်။

၁၃။ ပုဒ်မ ၁၂ အရ တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးသည် -

(က) မိမိအား တာဝန်ပေးအပ်သော ကိစ္စရပ်နှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှု ပေါ်ပေါက်ခြင်း ရှိမရှိ စိစစ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ စိစစ်သည့်အခါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှု ပေါ်ပေါက်ကြောင်းတွေ့ရှိပါက ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ ဝန်ကြီးဌာနများ၊အစိုးရဌာနများ၊အစိုးရအဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း၍ လည်းကောင်း ဆောင်ရွက်ရမည်။

(ဂ) ပုဒ်မခွဲ (ခ)အရ ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်ရှိ အခြားဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ တစ်ဆင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနသို့ လည်းကောင်း တင်ပြရမည်။

၁၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၃ ပုဒ်မခွဲ (ဂ)အရ တင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန်လိုအပ်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၅။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် ပုဒ်မ ၁၃ ပုဒ်မခွဲ(ဂ)အရ တင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၆။ ပုဒ်မ ၁၂ အရ တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးသည် မိမိဆောင်ရွက်ရသော ကိစ္စတွင် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်ခြင်းမရှိပါက အကျိုးအကြောင်းပြည့်စုံစွာ ဖော်ပြ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၆ အရ တင်ပြသောကိစ္စမှာ ပြည်ထောင်စုအဆင့်တွင် ဆောင်ရွက်ပေးရမည့် ကိစ္စဖြစ်ကြောင်း သုံးသပ်တွေ့ရှိပါက လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၈။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မ ၁၇ အရ တင်ပြချက်နှင့် စပ်လျဉ်း၍ လိုအပ်သလိုဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးအား တာဝန်ပေးအပ်ရမည်။

(ခ) ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မခွဲ (က)အရ တာဝန်ပေးအပ်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးသည့်ကိစ္စတွင် ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ လည်းကောင်း၊ ပြည်ထောင်စုအဆင့်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ လည်းကောင်း ဆောင်ရွက်ရမည်။

အခန်း (၇)
တားမြစ်ချက်များ

၁၉။ မည်သူမျှ ဤဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ပိတ်ပင်တားဆီးခြင်း မပြုရ။

၂၀။ မည်သူမျှ နိုင်ငံရေးကိစ္စအလို့ငှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အလွဲသုံးစား မပြုရ။

၂၁။ မည်သူမျှတိုင်းရင်းသားလူမျိုးများအချင်းချင်း သို့မဟုတ် တိုင်းရင်းသားမျိုးနွယ်စုများအကြား ခွဲခြားဆက်ဆံခြင်း၊ မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုးကို ဖြစ်ပေါ်စေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူများကို မပြုလုပ်ရ။

အခန်း (၈)
ပြစ်ဒဏ်များ

၂၂။ မည်သူမဆို ပုဒ်မ ၁၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၃။ မည်သူမဆို ပုဒ်မ ၂၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၂၁ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အခန်း(၉)
အထွေထွေ

၂၅။ ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ဖြစ်စေ၊ နိုင်ငံတော် သို့မဟုတ် အများပြည်သူတို့နှင့်သက်ဆိုင်သည့် အရေးကြီးသော တိုင်းရင်းသားလူမျိုးများဆိုင်ရာ အခြေအနေကို အခါအားလျော်စွာ တင်ပြရမည်။

၂၆။ ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မ ၈ ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအား တာဝန်ခွဲဝေအပ်နှင်းခြင်း ပြုနိုင်သည်။

၂၇။ ဝန်ကြီးဌာနသည် ဤဥပဒေအရဖွဲ့စည်းသော ကော်မတီနှင့် လုပ်ငန်းအဖွဲ့များ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၂၈။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၉။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနသည်-

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်အတွက် ဖော်ပြခြင်းဖြစ်ပါသည်။

အသေးစားချေးငွေ ပေးအပ်

မင်းတုန်း နိုဝင်ဘာ ၁၈

သရက်ခရိုင် မင်းတုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ပုံကျစျေးသည်များအား အသေးစားငွေကြေးဝန်ဆောင်မှုစတုတ္ထအကြိမ် ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၉ ရက်က ကျင်းပရာ ပုံကျစျေးသည် ၅၀ကို တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် သိန်း ၃၀ကို နှစ်ကျပ်တိုးနှုန်းဖြင့် ထုတ်ချေးပေးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးနှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးစောသိန်းဦးတို့က အမှာစကားများပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ရဲမှူးကြီး ရဲသူရိန်ခင်မောင်ထွန်း (ငြိမ်း)

အဖွဲ့ဝင်၊ ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

အသက်(၇၅)နှစ်

ရဲမှူးကြီး ရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း) အသက်(၇၅)နှစ်သည် ၁၇-၁၁-၂၀၁၃ရက် နံနက် ၃း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရဲမှူးကြီး ရဲသူရိန်ခင်မောင်ထွန်း (ငြိမ်း)

စာရေးဆရာ ခင်မောင်ထွန်း(လမ်းမတော်)၊ ကျောက်ဆည်
အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကျင်းပရေးကော်မရှင်
ဥက္ကဋ္ဌ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(M.A.N.A)
ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
ဥက္ကဋ္ဌ ကျောက်ဆည်အသင်း(ရန်ကုန်)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၄၊ ရွှေနှင်းဆီလမ်း၊ ကိုးမိုင်၊ မရမ်းကုန်းမြို့နယ်နေ (ဦးသိန်း-ဒေါ်စက်မေ)တို့၏သား၊ (ဒေါ်ဆယ်မြိုင်) ဒေါက်တာအေးမြတ်လွင် [ဒုတိယစီမံချက်မန်နေဂျာ၊ ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုစီမံချက် မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)]တို့၏ခင်ပွန်း၊ ဒေါ်ယဉ်မာလာထွန်း-ဦးသိန်းငွေ၊ ဦးကျော်မင်းထွန်း-ဒေါ်အေးအေးသန်း၊ ဒေါ်ခင်သီတာထွန်း-ဦးရင်နု၊ ဦးအောင်ကျော်ထွန်း-ဒေါ်ဥမ္မာဆန်းတို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၇-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက်၃း၅၀နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၁၃ရက်(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ရဲမှူးကြီး ရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)

စာရေးဆရာခင်မောင်ထွန်း(လမ်းမတော်)၊ (ကျောက်ဆည်)
အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကျင်းပရေးကော်မရှင်
ဥက္ကဋ္ဌ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (M.A.N.A)
ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့
ဥက္ကဋ္ဌ ကျောက်ဆည်အသင်း(ရန်ကုန်)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊အမှတ်၄၄၊ရွှေနှင်းဆီလမ်း၊၉မိုင်၊မရမ်းကုန်းမြို့နယ်နေ ဒေါက်တာအေးမြတ်လွင် [ဒုတိယစီမံချက်မန်နေဂျာ၊ ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုစီမံချက်၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)]၏ခင်ပွန်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ စာရေးဆရာခင်မောင်ထွန်း (လမ်းမတော်)သည် ၁၇-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအေးမြင့်မောင်-ဒေါ်မေသက်ထွန်း

ဒေါ်မြမြချစ်

အသက်(၆၉)နှစ်

(ဦးမောင်မောင်ချစ်-ဒေါ်စိန်ရီ)တို့၏သမီး၊(ဦးလှအောင်-ဒေါ်မမကြီး)တို့၏သမီးချွေးမ၊ အမှတ် ၂၂၅၊ စရည်းပင်လမ်း၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏနေ ရဲမှူးချုပ်အောင်နွယ်(ငြိမ်း)၏ဇနီး၊ ဦးမြတ်မိုးအောင်-ABE UMEKO၊ ဦးကျော်မိုးအောင်-ဒေါ်ကေသီဦး၊ ဦးဖြိုးဝေရာဇာ-ဒေါ်နှင်းမိုးအောင်(ALL ASIA EXCLUSIVE TRAVEL)၊ Capt. မြတ်ခေါင်(UNITEAM MARINE LTD.)-ဒေါ်နွေမိုးအောင်တို့၏မိခင်၊ မောင်ရဲသွေးအောင်၊ မောင်ကောင်းထက်အောင်၊ မောင်ခိုင်ခန့်မြတ်ခေါင်၊ ABE AKIHIRO၊ မစန္ဒကူးဝေ၊ မမေဦးမြတ်ခေါင်၊ မောင်မိုးခန့်မြတ်ခေါင်တို့၏အဘွားသည် ၁၈-၁၁-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၁-၂၀၁၃ရက် နံနက် ၇နာရီတွင် အထက်ဖော်ပြပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ခင်အေး M.A (Hist;)

(သမိုင်းသုတေသနအရာရှိ၊ ငြိမ်း)

အသက်(၄၉)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် ၆၅၊ အောင်သစ္စာလမ်း၊ (၂၉)ရပ်ကွက်နေ (ဦးအောင်ရင်၊ အင်ဂျင်နီယာမှူး၊ လျှပ်စစ်၊ ငြိမ်း၊ ဆလရ)-ဒေါ်တင်ရီတို့၏သမီး၊ ကိုထွန်းထွန်းအောင်(st. John Shipping)၏ညီမ၊ ကိုရည်မွန်၊ ကိုရီအောင်(Uniteam Marine Co.,Ltd.)-မကျော့ကေခိုင်၊ မစိုးစိုးပိုင်တို့၏အစ်မ၊ မောင်ဖွဲ့လင်းထိုက်၊ မောင်မင်းသုခတို့၏ကြီးတော်သည် ၁၅-၁၁-၂၀၁၃ရက် ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးထွေးမျိုးမင်း (ကျားတက်ရွာ)

Goldenland၊ စက်သုံးဆီအရောင်းဆိုင်(ပခုက္ကူ)

အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ တိုက် ၆၈၊ အခန်း ၈နေ (ဦးမင်းမောင်-ဒေါ်သန်းသန်း)တို့၏သားထွေး၊ ရန်ကုန်မြို့၊ ဖဆပလ၊ တိုက် ၅၊ အခန်း ၁နေ (ဦးစိန်မောင်-ဒေါ်ရင်နု)တို့၏သားသမက်၊ ဖဆပလ၊ တိုက် ၃၊ အခန်း ၃၁နေ ဒေါ်ညွန့်ညွန့်ဝေ၏ခင်ပွန်း၊ ရွှေယမင်းဦး(Grade-10C, အထက-၁ ဒဂုံ)၊ မောင်ညီရှင်း(Grade-7, G, အထက-၁၊ ဒဂုံ)၊ မောင်ထက်မြတ်မင်း(Grade-4, C, အထက-၁၊ ဒဂုံ)တို့၏ဖခင်သည် ၁၇-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၀၀း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၃ရက်(တနင်္လာနေ့)တွင် ပခုက္ကူမြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၁၃ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ တိုက်ဟောင်း ၃၊ အခန်း ၃၁ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးထွေးမျိုးမင်း (ကျားတက်ရွာ)

Goldenland စက်သုံးဆီအရောင်းဆိုင်(ဆားလင်းကြီး)

အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ တိုက် ၃၊ အခန်း ၃၁နေ ဒေါ်ညွန့်ညွန့်ဝေ၏ခင်ပွန်း၊ ရွှေယမင်းဦး(Grade-10C၊ အထက-၁၊ ဒဂုံ)၊ မောင်ညီရှင်း(Grade-7, G၊ အထက-၁၊ ဒဂုံ)၊ မောင်ထက်မြတ်မင်း(Grade-4, C၊ အထက-၁၊ ဒဂုံ)တို့၏ဖခင်သည် ၁၆-၁၁-၂၀၁၃ရက်(စနေနေ့) ည ၁၁း၃၀နာရီတွင် ဆားလင်းကြီးမြို့နယ် ကျားတက်ရွာ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

ကိုလတ်၊ ကိုတိုး၊ မဥမ္မာ၊ မနီ၊ မမေ၊ ဆွိချို(1985-1992 GEO)

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ညွန့်

အသက်(၉၃)နှစ်

အင်းစိန်မြို့နယ်နေ (ဦးဘိုးရင်-ဒေါ်မယ်စိန်)တို့၏သမီး၊ [ဦးအုန်းစိန်(ခ)ဦးဘိုးဆိတ်၊ မမ-ငြိမ်း]၏ဇနီး၊ လှိုင်မြို့နယ်နေ (ဦးခင်အုန်း-ဒေါ်အမာလေး)၊ ဦးသန်းလွင်(ဂုန်နီစက်ရုံ၊ ငြိမ်း)၊ ဦးကိုအေး(ဆလက၊ ငြိမ်း)-(ဒေါ်ရှီလာညွန့်၊ လဝကမှူး)၊ ဒေါ်စန်းလတ်(BPI၊ ငြိမ်း)၊ ဦးမျိုးမင်းခိုင်(ကံစည်းစိမ်ကုမ္ပဏီ)-ဒေါ်စန်းစန်းမြင့်(လ/ထညွှန်မှူး၊ အကောက်ခွန်)၊ ဗိုလ်မှူးဇော်ဝင်း(ငြိမ်း)(ဒု-အထွေထွေမန်နေဂျာ၊ လျှပ်စစ်၊ မမ-နေပြည်တော်)-ဒေါ်အေးအေးကြွယ် (ဒု-လ/ထညွှန်မှူး၊ M.P.P.E)၊ဦးစန်းမြင့်(BPI, ငြိမ်း)-ဒေါ်တိုးတိုးဝင်း(BPI)၊ ဦးတင့်လွင်(ISY)-ဒေါ်စိန်စိန်လင်း(ဝိုင်း)တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၁၇-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) ည ၁၁နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်စိန်တင်(ခ)ဒေါ်တင်တင် (ပခုက္ကူ)

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြသီတာအိမ်ရာ၊ အမှတ် ၅၃နေ (ဦးဘသာ-ဒေါ်ချစ်)တို့၏သမီး၊ (ဦးမန်း-ဒေါ်ဦး)တို့၏သမီးချွေးမ၊ [ဦးဝင်းဘေ (ပခုက္ကူ)]၏ဇနီး၊ ဦးစိုးသာ-ဒေါ်ကြူကြူဝင်း၊ ဦးမျိုးသန့်ဝင်း-ဒေါ်မေတင်ဝင်းတို့၏မိခင်၊ ဦးအောင်မင်းနိုင်ဦး-မမြတ်မဥ္ဇူစိုး၊ ကိုကျော်မြတ်စိုး-မဝေဝေလေး၊ ကိုထွန်းစည်သူ-မစမ်းသီတာစိုး၊ ကိုအောင်စိုးသာ-မခိုင်ပြည့်စုံကြိုင်၊ ကိုဘုန်းမြတ်စိုး၊ ကိုလမင်းဝင်း၊ မကြည်မေဝင်းတို့နှင့် မြစ်ငါးယောက်တို့၏အဘွားသည် ၁၅-၁၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့၊ပခုက္ကူအသင်း(ရန်ကုန်)
ရွှေတိဂုံဘုရားမြောက်ဘက်မုခ်၊ဒဂုံမြို့နယ်

ဒေါ်ခင်ခင်လတ်

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ စမ်းရေတွင်းလမ်းသွယ်၊ အမှတ် ၃၄ (D/၆)နေ (ဒေါက်တာဦးစောစိန်နောင်-ဒေါ်သန်း)တို့၏သမီး၊ (ဦးသိမ်တိုး-ဒေါ်သိန်း)တို့၏သမီးချွေးမ၊ (ဒေါက်တာဦးမြင့်တိုး၊ BPI)၏ဇနီး၊ ဒေါ်မြဟန်၊ (ဒေါက်တာဦးဝင်းမောင်-ဒေါက်တာဒေါ်ခင်လှသိန်း)တို့၏ညီမ၊ ဒေါက်တာဦးဇော်ဝင်း-(ဒေါက်တာဒေါ်သံဒါဖြူ)၊ (Capt. ဦးသန်းမောင်ရင်)-ဒေါ်ခင်သန်းအေးတို့၏အစ်မ၊ ဦးမင်းစိန်-ဒေါက်တာဒေါ်မေသိန်းတိုး၊ ဦးမော်မော်ဦး-ဒေါ်မူယာတိုး၊ (ဦးသိန်းဆွေတိုး)တို့၏မိခင်၊ မောင်ပြည့်မော်ဦး၊ မခင်မေခိုင်(ဌာနစုမှူး-၂၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ မောင်လင်းထက်အေး၊ မမေဦး၊ မသွန်းသီရိတိုးတို့၏အဘွားသည် ၁၇-၁၁-၂၀၁၃ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၃ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်အရှာဘီ

အသက်(၈၄)နှစ်

အမှတ် ၂၂၊ သုံးမြှောင့်လမ်း၊ သပြေကုန်းရပ်ကွက်၊ကန်တော်ကလေး၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေ (ဦးအဗ္ဗဒူလ်ရာဟင် - ဒေါ်ဗိုင်နဗ်ဘီ)တို့၏သမီး၊ (ဦးမောင်ကြီး)-ဒေါ်ဝင်းကြည်၊ (မစ္စတာအက်စ်အမ်အေရှော့ဖ်-ဒေါ်စန်းရီ)၊ (မစ္စတာအက်စ်အမ်အေရာရှစ်)၊ (မစ္စတာအက်စ်အမ်အေမဂျစ်)-ဒေါ်ကြူ၊ (ဒေါက်တာအက်စ်အမ်အေအဇစ်)တို့၏အစ်မ/ညီမသည် ၁၈-၁၁-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၅း၁၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၉-၁၁-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် နေအိမ်မှရေဝေးမွတ်စလင်ဥယျာဉ်တော်သို့ ပို့ဆောင်ဒါဖနာမည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်မြမြစန်း

အသက်(၅၉)နှစ်

မော်လမြိုင်မြို့၊ မောင်ငံကွင်းရပ်နေ (ဦးအောင်သိန်း - ဒေါ်သန့်)တို့၏သမီး၊ ဦးတင်ထွန်း-ဒေါ်သန်းသန်းလွင်၊ (ဦးခင်ထွန်း)-ဒေါ်တင်ငွေးရီ၊ ဒေါ်ခင်လှတို့၏ညီမ၊ ဦးမျိုးလွင်-ဒေါ်ယဉ်ယဉ်ဆွေ၊ (ဦးလှစိုး)-ဒေါ်စန်းစန်းထွေး၊ ဒေါ်ခင်သီ၊ ဦးစိုးမင်း-ဒေါ်ခင်နှင်းယု၊ဦးနေဝင်းဦး-ဒေါ်ယဉ်ယဉ်ထွေးတို့၏အစ်မ၊ မြိုင်သာယာတောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့နေ ဒေါ်အေးအေးသိန်း၊ ဦးမျိုးမင်းဦး-ဒေါ်သန္တာဝင်း၊ ဦးစိန်ထွန်း-ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်မီမီစံ၊ ဒေါ်စန္ဒာသီရိ၊ မောင်သက်ကိုကိုတို့၏မိခင်သည် ၁၈-၁၁-၂၀၁၃ရက် (တနင်္လာနေ့)နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဦးလှမြင့်ဦး(စာရင်းစစ်၊ငြိမ်း)

အသက်(၃၉)နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ လင်းလွန်းလမ်းနေ (ဦးမြင့်သိန်း-ဒေါ်သန်းသန်းထူး၊ စာရင်းစစ်မှူး)တို့၏သားကြီး၊ သရက်မြို့၊ ပြည်တော်အေး(၁)လမ်းနေ ဦးခင်လတ် - ဒေါ်ခင်ဝင်းတို့၏ သားသမက်၊ ဒေါ်မြတ်မွန်ချို(စာရင်းစစ်မှူး၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး)၏ခင်ပွန်းသည် ၁၇-၁၁-၂၀၁၃ရက် နံနက် ၀၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် သရက်မြို့၊ ပြည်တော်အေး (၁)လမ်းနေအိမ်မှသရက်မြို့အနောက်ပိုင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးအောင်မြကြည်

(ညောင်ကုန်း-မုဒုံ)

အသက်(၇၁)နှစ်

မုဒုံမြို့ ညောင်ကုန်းရွာနေ (ဦးရွှေ-ဒေါ်စောပု)တို့၏သား၊ (ဦးညို-ဒေါ်တင်ဆိုင်)တို့၏သားသမက်၊ အမှတ် ၁၃၀၁၊ မဟော်သဓာလမ်း၊ (၄၀)ရပ်ကွက်၊ မ/ဒဂုံမြို့နယ်နေ ဒေါ်တင်လှ၏ခင်ပွန်း၊ ဦးအောင်ကြည် - ဒေါ်ပုလဲမြ (မူ/အုပ်၊ ငြိမ်း)၊ ဦးဝင်းမောင်-ဒေါ်တင်ကြည်၊ ဦးကြည်ဆွေ-ဒေါ်ခင်နုတို့၏ညီ၊ ဦးမင်းစိန်တီ(တွဲဖက်ပါမောက္ခ၊ သူနာပြုတက္ကသိုလ်(ငြိမ်း)၊ ဒေါက်တာမင်းနွယ်စိုး(မွန်ပြည်နယ် အစိုးရအဖွဲ့ဝင်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး)၊ ဦးမင်းသိန်းထွေး-(ဒေါ်နုနုဝေ)တို့၏အစ်ကို၊ ဦးမင်းဘုန်းနိုင် (Stalwart Gem Lab ဗိုလ်ချုပ်ဈေး)-ဒေါ်မျိုးမျိုးခိုင်၊ ဦးမင်းလင်းနိုင် (ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ မော်လမြိုင်မြို့)-ဒေါ်သီတာစိုး၊ ဦးမင်းညဏ်အောင်-ဒေါ်မြင့်မြင့်သောင်း၊ ဒေါ်မေကျော့နိုင်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၈-၁၁-၂၀၁၃ရက် နံနက် ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယိကာမကြီး

ဒေါ်နီနီငြိမ်း (လှည်းဆိပ်)

A.E (ငြိမ်း)၊ ဆောက်လုပ်ရေး
MD (A.F.O Co.,Ltd.)

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အရိယမဂ္ဂင်လမ်းနှင့် တပင်ရွှေထီးလမ်းထောင့်၊ အမှတ် ၂၂/ဘီနေ(ဦးတင်ငြိမ်း-ဒေါ်ငွေးငွေး)တို့၏သမီး၊ ဦးဇော်မင်း-ဒေါ်ခင်ခင်ငွေး၊ ဦးစိုးမြင့်-ဒေါ်ဖြူဖြူငြိမ်းတို့၏ညီမ၊ ဦးထွန်းမင်း-ဒေါ်မိုးမိုးအောင်၊ (ဦးမင်းထွဋ်)တို့၏အစ်မ၊ (ဦးပြည့်စုံ)၏ဇနီး၊ မောင်ဆက်ပိုင်ကျော်၏မိခင်သည် ၁၇-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်နှင်းအေး (ဗဟန်း)

ဗဟိုစာတိုက်ကြီး(ငြိမ်း)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၉)ရပ်ကွက်၊မင်းစုလမ်း၊အမှတ် ၂၃၁နေ (ဦးဘဆွေ-ဒေါ်မမကြီး)တို့၏သမီး၊ (ဦးစိုးမြင့်၊ မြို့ပြ/ရေကြောင်း)ဇနီး၊ ဦးအောင်သွင် (ကပစ၊ ငြိမ်း)၊ ဦးညီညီ၊ ဒေါ်စန်းစန်းမြင့်၊ ဦးဝင်းမြင့်ကျော်(ဗိုလ်ကြီး၊ ငြိမ်း)၊ ဒေါ်ဇင်ဇင်မြင့် (ကထိက၊ သမိုင်းဌာန၊ ဒဂုံတက္ကသိုလ်)တို့၏မိခင်၊ မောင်ထက်နိုင်လင်း (E မေဂျာ၊ ဒဂုံတက္ကသိုလ်)နှင့် မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၆-၁၁-၂၀၁၃ရက် (စနေနေ့) ညနေ ၅း၃၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၇-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးလှစိုး

EPC (ငြိမ်း)

အသက်(၇၇)နှစ်

ကြို့ပင်ကောက်မြို့၊ ပွဲစားတန်းနေ (ဦးကျင်စွမ် - ဒေါ်သန်း)တို့၏ စတုတ္ထသား၊ (ဦးထွန်းမောင်-ဒေါ်မယ်တင်)တို့၏သားသမက်၊ ဒေါ်သန်းသန်း (အထက-၄၊ အလုံ၊ ငြိမ်း)၏ခင်ပွန်း၊ မဇင်မေ၏ဖခင်၊ အမှတ် ၂၆၊ ပထမထပ်၊ ၁လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးလှစိုး EPC (ငြိမ်း)သည် ၁၈-၁၁-၂၀၁၃ရက် နံနက် ၄း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)

ဆရာမကြီး ဒေါ်အေးခန့်

မြို့နယ်ပညာရေးမှူး(ငြိမ်း)
(လသာမြို့နယ်)၊ (လှိုင်မြို့နယ်)
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
(အထက-၁၊ လှိုင်)၊
(အထက-၄၊ ဗိုလ်တထောင်)၊
(အထက-၁၊ ဒေးဒရဲ)
ဒေးဒရဲအသင်းဝင်(၁၁၁၃)၊
(ခေတ္တ-ကနေဒါ)

အသက်(၇၆)နှစ်

ဒေးဒရဲမြို့နှင့် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ဘုရင့်နောင် ၄လမ်းနေ [ဆရာကြီး ဦးမြအုန်း (အထက-၁၊ ဒေးဒရဲ)-ဒေါ်ကျင်ဥ]တို့၏သမီး၊ (ဆရာကြီး ဦးစံဝေ၊ အထက-၁၊ ဒေးဒရဲ)၏ဇနီး၊ ဦးကျော်စိုးဝေ-ဒေါ်သန္တာဦး၊ကနေဒါနိုင်ငံနေ ဦးလှစိုးဝေ - ဒေါ်အေးအေးမော်တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၅-၁၁-၂၀၁၃ရက် ကနေဒါနိုင်ငံ ဒေသစံတော်ချိန် ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါကြောင်း ဒေးဒရဲအသင်းသူ အသင်းသားများနှင့် ၄င်း၏တပည့်ဟောင်းကြီးများအားသိစေအပ်ပါသည်။

ဒေးဒရဲအသင်းအမှုဆောင်အဖွဲ့

ဦးမြအောင်

(ဘဏ္ဍာရေးမှူး၊ ရခိုင်မိသားစု သာရေးနာရေးအသင်း)

အသက်(၅၁)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ဘောက်သီးစုရပ်ကွက်နေ (ဦးမဲမောင်-ဒေါ်မြသိန်းတန်)တို့၏သား၊ ဦးစံအောင်သာ - ဒေါ်ကျော့စိန်တို့၏ သားသမက်၊ ဒေါ်ခင်ရွှေ၊ ဒေါ်စံသာ(ရခိုင်အမျိုးသမီးအသင်း၊ ရခိုင်တန်ဆောင်းအသင်း)၊ ဦးအေးကျော်-ဒေါ်ဟန်စိန်၊ ကိုမောင်မောင်ဝင်းတို့၏ညီ/မောင်၊ မသီရိဟန်ကျော်၊ မဖူးပွင့်ဝေ၊ မကြယ်စင်သာတို့၏ဦးလေး၊ မဝေဝေအောင်၊ မောင်နေလင်းအောင်(အမက၊ မူလွန်-၄၇)တို့၏ဖခင်၊ ဒေါ်လှလှမြင့်၏ခင်ပွန်းသည် ၁၇-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၃း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၁၁-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘုန်းတော်ကြီး ဘဒ္ဒန္တကုသလ (ကျောက်ပန်းတောင်း)

စလင်းကျောင်းတိုက်၊ ကြည့်မြင်တိုင်မြို့နယ်

သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၈)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ကြည့်မြင်တိုင်မြို့နယ်၊ စလင်းကျောင်းတိုက်၊ ဆင်တန်ဆောင်းကျောင်း၌ သီတင်းသုံး နေထိုင်တော်မူသော ဘုန်းတော်ကြီး ဘဒ္ဒန္တကုသလသည် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်) ၁၈-၁၁-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၁၀း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ရက်) ၂၂-၁၁-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ဈာပနကျင်းပရေးကော်မတီ
စလင်းကျောင်းတိုက်

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တနာဂိန္ဒ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)

ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယ၊ မြို့နယ်သံဃနာယကအဖွဲ့ဝင်
နယ်စပ်သာသနာပြု သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်
ဦးစီးပဓာနနာယကဆရာတော်

သက်တော်(၆၀)၊ သိက္ခာတော်(၄၁)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် ၁၄၉၊ ဇီဝကလမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ နယ်စပ်သာသနာပြု၊ သဒ္ဓမ္မဇောတိကာရုံ စာသင်တိုက်ကြီး၏ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တနာဂိန္ဒ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)သည် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ရက်) ၁၆-၁၁-၂၀၁၃ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၃ရက်) ၃၀-၁၁-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

ဦးစိန်လှအောင်

လေယာဉ်ရှေ့ဆောင်စက်ပြင် (အင်ဂျင်နီယာဌာန)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သီရိကန်သာလမ်း၊ တိုက် ၄၊ အခန်း ၃၊ (ဃ)ရပ်ကွက်၊ ဒေါ်ကျော့မေ၏ခင်ပွန်း၊ ဒေါ်ခင်စောအောင်၊ ဦးမြင့်စိုး(နယ်စပ်ကုန်သွယ်ရေး)-ဒေါ်ခင်အောင်(မြို့/အိုး၊ ရေ/သန့်)၊ ဒေါ်စန်းတင်(ဦးစီးအရာရှိ၊ မြို့/အိုး)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၇-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)ညနေ ၆နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးခင်မောင်ဝင်း(ခ)ဦးကင်ဟင်း (ကျုံပျော်၊ သောင်ကြီး)

အသက်(၈၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နေ (ဦးရန်နား-ဒေါ်ဇာယုံ)တို့၏သား၊ (ဦးချစ်တင်-ဒေါ်ထားခင်)တို့၏သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ ပုသိမ်လမ်း၊ အမှတ် ၄၈၊ မြေညီထပ်(ဝဲ)နေ ဒေါ်ပြုံး(ခ)ဒေါ်တင်ချို၏ခင်ပွန်း၊ (ဦးကျင်စွမ်)၊ (ဒေါ်ခင်စော)၊ (ဒေါ်ကြည်)တို့၏ညီ/မောင်၊ (ဦးခင်မောင်စိုး)-ဒေါ်ခင်မေစီ၊ ဦးဆန်းလွင်-ဒေါ်သင်းသင်းအေး၊ ဦးဝင်းအောင်-ဒေါ်ဝင်းဝင်း၊ ဒေါ်ခင်မေအုန်း၊ (ဦးသန်းဝင်း)-ဒေါ်ခင်ဝင်းမြင့်၊ ဦးခိုင်မြင့်-ဒေါ်ခင်မိုးတင့်တို့၏ဖခင်၊ တူ၊ တူမ ၂၃ယောက်တို့၏ဦးလေး၊ မြေး ၂၁ယောက်၊ မြစ် ၁၆ယောက်တို့၏အဘိုးသည် ၁၇-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၁၁း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၉-၁၁-၂၀၁၃ရက် (အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကိုဇာနည်မင်း (ပဲခူး)

အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ တိုက် ၄၇၊ ခုနစ်လွှာ၊ သမ္မာဒိဋ္ဌိလမ်း၊တာမွေမြို့နယ်နေ ဦးတင်သိန်း-ဒေါ်နွဲ့နွဲ့တင်တို့၏သားကြီး၊မယဉ်မင်းထိုက်၊ မောင်ဟံသာမင်း (Metina Myanmar Private Limited)၊ မောင်ချမ်းသာမင်း၊ မအေးမြတ်မြတ်သူတို့၏အစ်ကို၊ မမြတ်နိုးဝေ၏ဖခင်သည် ၁၇-၁၁-၂၀၁၃ရက် ည ၇နာရီတွင်ကွယ်လွန်သွားပါ၍ ၁၉-၁၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၁၃ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စန်းစန်းကြည်

(ယုဇနပလာဇာ)

အသက်(၆၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂)တောင်ရပ်ကွက်၊ ဇောတရုံလမ်း၊ အမှတ် ၄၈နေ (ဦးနီ-ဒေါ်အေးသစ်)တို့၏သမီး၊ (ဦးလှရွှေ-ဒေါ်ခင်ညွန့်)တို့၏သမီးချွေးမ၊ ဦးအောင်တင်စိန်၏ဇနီး၊(ဦးတင်ရှိန်)၊(ဦးစိုးမြင့်)၊ ဒေါ်အေးမြင့်တို့၏ညီမ၊ဒေါ်စန်းစန်းရီ၊ ဦးစိုးတင့်၊ ဦးကျော်ဝင်း၊ ဦးကျော်ထွေးတို့၏အစ်မ၊ ကိုဇော်ဇော်ဦး-မမာလာနွယ်၊ ကိုသန့်ဇော်ထူး-မသန္တာဦး၊ ကိုအောင်ကျော်ဦး-(မယဉ်မျိုးသူ)၊ ကိုသက်ပိုင်စိုးဦး-မအိသော်တာမောင်တို့၏မိခင်၊မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၇-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

မြန်မာ-မွန်ဂိုလီးယား သံတမန်ဆက်သွယ်မှုကို ၁၉၅၆ ခုနှစ်တွင် စတင်ခဲ့ပြီးနောက် မွန်ဂိုလီးယားနိုင်ငံ အကြီးအကဲတစ်ဦး ပထမဦးဆုံးအကြိမ်အဖြစ် လာရောက်လည်ပတ်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ် ဒေါ်ဂျ်ဇတ်ခ်ဟီးလ်ယာဒ်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်၌ ရောက်ရှိနေသော မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ် ဒေါ်ဂျ်ဇတ်ခ်ဟီးလ်ယာဒ်အား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့ ညနေ ၄ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ဥပစာရှိ မြက်ခင်းပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ် ဒေါ်ဂျ်ဇတ်ခ်ဟီးလ်ယာဒ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် မွန်ဂိုလီးယားသမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်လူငယ်မောင်မယ်များက နှစ်နိုင်ငံ အလံငယ်များဝှေ့ယမ်း၍ ဂုဏ်ပြုကြိုဆိုကြရာ မွန်ဂိုလီးယားသမ္မတကလည်း ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်သည်။

ဂုဏ်ပြုကြိုဆိုပွဲအပြီးတွင် နိုင်ငံတော်သမ္မတအား မွန်ဂိုလီးယားသမ္မတက အတူလိုက်ပါလာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတကလည်း မြန်မာနိုင်ငံဘက်မှ ကြိုဆိုနှုတ်ဆက်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးသိန်းညွန့်၊ ဦးဝင်းထွန်း၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး၊ သံအမတ်ကြီး ဦးတင်ဦးတို့နှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် မွန်ဂိုလီးယားသမ္မတတို့သည် *စာမျက်နှာ ၉ ကော်လံ ၁* ✻

ဒုတိယသမ္မတဦးညဏ်ထွန်း နယ်သာလန်နိုင်ငံအပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဝန်ကြီးအား လက်ခံတွေ့ဆုံ

စာမျက်နှာ-၃

ဆီးဂိမ်းပြိုင်ပွဲဝင်ခွင့်ကတ်များ ဝန်ထမ်းများအား အခမဲ့ဆောင်ရွက်ပေးမည်

သတင်း ❖ ဝေယံဦး
ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၁၈

(၂၇) ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲအတွက် ကဏ္ဍအလိုက်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ဆီးဂိမ်းပြိုင်ပွဲများကို ကြည့်ရှုခွင့်ရရှိရန်အတွက် ဝင်ခွင့်လက်မှတ်များကို ရန်ကုန်မြို့တွင် နိုဝင်ဘာ ၁၈ ရက်မှစတင်ကာ ပြည်သူများကို ထုတ်ပေးနေပြီဖြစ်သည်။

"ရန်ကုန်မြို့မှာ ဟံသာဝတီအဝိုင်းအနီး Junction Square နဲ့ သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ (၁) **(ယာပုံ)**ရဲ့ ဝင်ပေါက် (၁) မှာ ပြုလုပ်ပေးနေပါပြီ။ နေ့စဉ်ဝင်ခွင့်လက်မှတ်များကို အရေအတွက်အကန့်အသတ်မရှိ ဆောင်ရွက်ပေးနေပါတယ်။ ဝင်ခွင့်လက်မှတ် ပြုလုပ်သူတွေအနေနဲ့ ကိုယ်တိုင်လာလုပ်ရမှာဖြစ်ပြီး လက်မှတ်လုပ်တဲ့သူတွေပဲ ဝင်ရောက်ကြည့်ရှုခွင့်ရ မှာဖြစ်ပါတယ်။ အဲဒီလက်မှတ်ကို အခြားသူတစ်ဦးဦးကယူပြီး ဝင်ရောက်ကြည့်ရှုလို့မရပါဘူး" ဟု အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးကျော်ဆန်းဦးက ပြောကြားသည်။

ယခုဝင်ခွင့်လက်မှတ်များကို လုံခြုံရေးအတွက်ပါ တစ်ပါတည်း ပြုလုပ်ထားသဖြင့် ယင်းကတ်ကိုအခြားတစ်ဦးဦးက လွှဲပြောင်းယူဆောင်ကြည့်ရှုခွင့်မရနိုင်ခြင်းဖြစ်သည်။ အဆိုပါဝင်ထွက်ခွင့်ကတ်ပြားများကို နိုဝင်ဘာ ၁၈ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ နေပြည်တော်နှင့် ရန်ကုန်တို့တွင် နေ့စဉ် ပြုလုပ်ပေးသွားမည်ဖြစ်သည်။

"ဝန်ထမ်းတွေအတွက် သက်ဆိုင်ရာ ရုံးထောက်ခံချက်နဲ့အတူ တစ်ဦးချင်း သို့မဟုတ် ၁၀ ဦးစီ လျှောက်ထားပြုလုပ်နိုင်ပြီး အခမဲ့ဝင်ထွက်ကြည့်ရှုခွင့်ပြုနိုင်အောင် စီစဉ်ပေးမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

နေပြည်တော်တွင် ဝင်ခွင့်ကတ်များကို *စာမျက်နှာ ၃ ကော်လံ ၃* ✣

ယနေ့ **မာတိကာ**

ဘိုးရင်း 777X လေယာဉ်သစ် ထုတ်လုပ်မှုကြေညာ စာ-၄

အတိတ်၊ ပစ္စုပ္ပန် မြန်မာနှင့်ဆီးဂိမ်း ဆောင်းပါး စာ-၆

ကင်မရွန်း ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ပြီ စာ-၁၄

ဥပဒေကြမ်းအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် လွှပ်စစ်ဥပဒေကြမ်းနှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်း အချပ်ပို လေးမျက်နှာ ပါရှိပါသည်။